ကကြီးသျှင်

# မျှော်ပလ္လင်

ကျွန်မကိုယ်တိုင် ရေးသားသော ကကြိုးသျှင် ကလောင်နာမည်ဖြင့် လုံးချင်းဝတ္ထုများကို ပတ္တမြားသိုက်စာပေ တစ်ခုတည်းမှ သာ ထုတ်ဝေဖြန့်ချိလျက် ရှိပါသည်။

ကကြိုးသျှင် ကလောင်ဖြင့် ယခင်က ရေးသားထုတ်ဝေခဲ့သော စာအုပ်များ နှင့် ပတ်သက်၍ လည်းကောင်း၊ ပတ္တမြားသိုက်စာပေမှ ထုတ်ဝေလျက် ထုတ်ဝေပြီး စာအုပ်များ နှင့် ပတ်သက်၍ လည်းကောင်း၊ ကျွန်မ၏ ခွင့်ပြုချက်မရှိဘဲ Online Media များ ပေါ်၌ Screenshot များ တင်ခြင်း၊ Link များ ပြုလုပ်၍ တင်ခြင်း၊ PDF ဖိုင်များ ပြုလုပ်၍ တင်ခြင်း၊ Application များ ပြုလုပ်ပြီး Download ဆွဲ၍ အသုံးပြုနိုင်ရန် ပြုလုပ်ခြင်း၊ မိတ္တူကူးယူ၍ ရိုက်နှိပ်ဖြန့်ချိခြင်း၊ တခြားသော နည်းအမျိုးမျိုးဖြင့် ကူးယူဖြန့်ချိခြင်းများကို ကျွန်မ၏ ခွင့်ပြုချက်မရှိဘဲ ပြုလုပ်ခွင့် မရှိကြောင်း အသိပေးအပ်ပါသည်။

ကကြိုးသျှင်

ဤ 'မော်ပလ္လင်' ဝတ္ထုဇာတ်လမ်းတွင် ပါရှိသော ဘာသာရေးဆိုင်ရာ ပြောဆို ယူဆချက်များ သည် စာရေးသူ၏ ကိုယ်ပိုင်အတွေး၊ ထင်မြင်ယူဆချက်များ သာ ဖြစ်သောကြောင့် အမှားအယွင်း တစ်စုံတစ်ရာ ပါရှိပါက စာရေးသူ၏ လိုအပ်ချက်သာ ဖြစ်ပါသဖြင့် နားလည် ခွင့်လွှတ်ပေးပါ

ရန် ပန်ကြားအပ်ပါသည် ။

* * * * *

## အခန်း(၁)

"ဟ ... ဟာ ... ဟာ ..."

နှလုံးကြေကွဲမတတ် ဝမ်းနည်းကြေကွဲဖွယ် ဆိုမြည်နေသည့် သီချင်းသံ ...၊

"မထောင်နဲ့ ... နားမထောင်နဲ့ ၊ နားမထောင်ကြနဲ့ ... သီချင်းသံဆီ စိတ်မ ရောက်စေနဲ့ ၊ ပြေး ... ပြေးကြ ..."

ဒူးနားထိ ဝေ့ဝဲပုံ့လွင့်နေကြသည့် မြူခိုးများ အောက်က မြေပြင်အား မမြင်ရ။ အလင်းရောင် ခပ်ပျပျပြသာရှိသည့် တောသည် ထူထဲအုပ်ဆိုင်းသော သစ်ပင်ကြီးများကြောင့် ပိုပြီးမှောင်နေသည် ။ သီဆိုသူ မမြင်ရသည့် သီချင်းသံ သည် သူတို့ ဘယ်လောက် မြန်မြန်ပြေးပြေး အလွန်လျင်မြန် ဖျတ်လတ်သည့် သားသတ်သမားတစ်ဦးသဖွယ် သူတို့ အသက်ကို ဇီဝန်ခြွေရန် နောက်က ထက်ကြပ်မကွာ လိုက်နေဆဲ ...။

"ဒုန်း"

တစ်စုံတစ်ရာ လဲပြိုသည့် အသံကြောင့် ဦးရင်ကျော် ဖိုးခွားနှင့် မိုး

အောင် တို့ အား မှီတွဲ ပြေးနေရာမှ နောက်ကို ငဲ့ကြည့်လိုက်၏။ ပျဉ်တိုင်ကြီး တစ်ချပ်လို ပိန်ကပ်ကပ် ရှည်မျောမျော နိုင်လှသော ငကွဲ ... ။ ပြေးရင်း ခလုတ်တိုက် လဲကျသွားရာမှ အလူးအလဲပြန်ထဖို့ ကြိုးစားနေသည် ။ ဦးရင်ကျော် ငကွဲအား မြန် မြန်ထပြေးဖို့ တိုက်တွန်းရန် ပါးစပ်ပြင်လိုက်ပြီးမှ ငကွဲ၏ ညာဘက် နားပေါက်မှာ ဖြစ်သလို ပိတ်ဆို့ထားသည့် သစ်ရွက် အကျိုးအကြေများ ပြုတ်ကျသွားသည် ကို မြင်လိုက်ရ၏ ။

"ငကွဲ ... နား နားပိတ်ထားစမ်း ဟေ့ကောင်"

သူ့အော်သံကြောင့် ငကွဲ ဆတ်ခနဲတုန်သွား၏။ နားအား ပြူးပြူးပျာပျာဖြင့် လိုက်စမ်းရင်း ပြုတ်ကျသွားသည့် သစ်ရွက် အပိုင်းအစများအား ဘေးဘီဝဲယာမှာ လိုက်ရှာပြီး နားထဲ အလျင်အမြန် ပြန်ကောက်ထည့်သည် ။

"ဟာ ... ဟာ ဟာ"

"ဟင်"

"ငကွဲ"

"ငကွဲ ... စိတ်ကိုထိန်းစမ်း"

"ငကွဲ ... ဟေ့ကောင်"

ငကွဲမျက်နှာသည် တစ်စုံတစ်ရာကြောင့် အပြင်းအထန် အပူလုံး ဆို့လာသကဲ့သို့ ခပ်အစ်အစ် နီမြန်းလာသည် ။ မျက်ရည်များ မျက်ဝန်းမှာ ပြည့်အိုင်လာလျက် ...၊

"အမေ ... အမေ ငါအမေ့ဆီ မပြန်နိုင်တော့ဘူး"

"ငကျွဲ"

"ငါဘယ်တော့မှ ပြန်နိုင်မှာ မဟုတ်တော့ဘူး"

သီချင်းသံသည် သူတို့ ရင်ထဲက သံယောဇဉ် အပူမီးများအား လောင်မြိုက်ပြာကျစေသည့် လက်နက်ပြင်းတစ်ခုလို ... ။ လမ်းမ လျှောက်နိုင်သည့် ဒုက္ခိတအမယ်အိုကြီးကို ထားခဲ့ရသည့် ငကျွဲအား ပြင်းထန်သည့် အပူမီးဖြင့် လောင်မြိုက်စေလေသည် ။ ငကျွဲတင်မက ငကျွဲ၏ အမေအိုကြီး အကြောင်း အတွေးရောက်လျက် ဦးရင်ကျော်နှင့် တကွသော ကျန်ရွာသားလေးယောက် လုံး ငြိမ်သက် သွားကြ၏။ ထိုစဉ် ကြီးမားအုပ်ဆိုင်းသော အပင်ကြီးများမှ အရွက်အုပ်ဖားဖားတို့ လှုးလွန့် လှုပ်ရှားလျက် မကောင်းဆိုးဝါး ညည်းညူသံနှင့် တူသည့် လေတိုးသံသည် လေးတွဲ့တွဲ့ လှုပ်ရှား ရိုက်ခတ်သွားသည့် နောက် ...

"ဟ ... ဟာ ဟာ"

"ငကျွဲ"

"အ ...အား "

ငကျွဲရင်ဘတ်ကို ဖိလျက် လဲကျသွား၏။ နောက်ဆက်တွဲ ဘာဖြစ်တော့မှာ လဲ အားလုံး ကြိုသိနေမိလျက် မလှုပ်မယှက် ငေးကြည့်နေမိကြ၏။ ထွက်ပြေးဖို့ မတွေးမိသလို နာကျင်ခံစား နေရသူကို ပြေးကူညီဖို့ လည်း မကြိုးစားကြတော့။ ဒီသီချင်းသံကြောင့် သေဆုံးခဲ့တဲ့ ရှေ့က ရွာသား ငါးယောက်ကြောင့် ငကျွဲအား ဘယ်လိုမှ ကယ်မရနိုင်တော့ဘူး ဆိုသည့် အဖြစ်ကို အားလုံး သိနေကြလေသည် ။

ငကျွဲပါးစပ်ထဲမှ သွေးများ ပွက်ခနဲ အန်ထုတ်ပစ်နေ၏။ ထို့နောက် လဲကျ ငြိမ်သက် သွားတော့၏။

"ဟ ... ဟာ ဟာ"

"ဘာရပ်ကြည့်နေကြတာလဲ ... ပြေး ပြေးတော့၊ ဆက်ပြေးကြစမ်း"

ဦးရင်ကျော် တိတ်နေပြီးမှ ပြန်ထွက်လာသည့် သီချင်းသံကြောင့် သတိဝင်လာကာ အားလုံးကို သတိပေးလိုက်၏။ ဒီတစ်ခါ သီချင်းသံက ကျန်နေသေးသည့် သူတို့ ခုနစ်ယောက်လုံးကို အမြစ်ဖြတ် ချေမှုန်းတော့မှာ သူ့အသွေးအသားထဲထိ သိနေသည် ။ သို့တိုင် သူ့စိုးရိမ်တကြီး သတိပေးသံအား ဘယ်သူမှ ဂရုမစိုက်ကြ ...၊

"မလွတ်ဘူး ... မလွတ်တော့ဘူး ဘကြီးကျော်၊ ကျုပ်တို့ အားလုံး သေရတော့မယ်"

"တိတ်စမ်း သိန်းလင်း"

"ပြေးလည်း လွတ်မှာ မဟုတ်ဘူး "

"အသေခံလိုက်တော့ ... ပြေးမနေနဲ့ ကျုပ်တို့ သေမှာ ပဲ"

"ရွာက ထွက်လာကတည်းက ကျုပ်တို့ သိရမှာ ... ရွာကထွက်သွားပြီး ဘယ်သူမှ ပြန်မလာ နိုင်ကြတာ သိရမှာ "

"ဟော့ကောင်တွေ ... တိတ်ကြစမ်း"

"ကျုပ်ကြောက်တယ်ဘကြီးကျော် ... ကျုပ်မသေချင်သေးဘူး"

"ဟီး ... ဟီး ကျုပ်မသေချင်သေးဘူး"

"ဟီး ... ဟီး ငါလည်း မသေချင်သေးဘူး၊ ငါလည်း မသေချင်သေးဘူး မိုးအောင်ရ"

"သေမယ်ဆိုလည်း ငါအရင် သေပါရစေ ... ငါတစ်ယောက်တည်း မကျန်ခဲ့ချင်ဘူး၊ ငါမင်းတို့ သေတာ မမြင်ချင်ဘူး"

မိုးအောင်၊ သိန်းလင်း၊ ဖိုးခွားတို့ သုံးယောက် မွေးကင်းစကလေး ငယ် လေးတွေလို ဝမ်းနည်းပက်လက် ငိုနေကြ၏။ ဦးရင်ကျော် သူ့လူ များအား ဘယ်လိုဖြောင့်ဖြရမှန်းမသိ။ ဘယ်လို နှစ်သိမ့်အားပေးရမှန်း မသိတော့ပေ။ ရုတ်တရက် သူ့ဝမ်းဗိုက်အလယ် တည့်တည့်ကနေ လှိုက်လှိုက်လှဲလှဲကြီးဆို့ တက်လာ၏။ ရယ်ရင်း ရယ်ရင်းကနေ အရယ်ရ ပ်မရသည့် လူလို သူ့ခန္ဓာကိုယ်ထဲမှာ ဖြစ်တည်လာသည့် ဝမ်းနည်းစိတ် ကို ထိန်းမရတော့။ အသားများ တဆတ်ဆတ် တုန်လျက် အသက်ရှူရ ခက်လာသည် ။

"ဟာ ဟာ ... ဟာ"

မဟုတ်ဘူး ... ဒီလို မဟုတ်ဘူး ၊ ဒီအတိုင်းဆို အားလုံး သေကုန်ကြ တော့မှာ ပဲ ...၊

"ဟာ ... ဟာ ဟာ"

နဲ့သံရှည်ကြီးကဲ့သို့ ပျင်းရိဝမ်းနည်းဖွယ် သီချင်းသံကြီးသည် သူ့ အတွေးကိုပင် အဆုံးသတ်ခွင့်မပေး။ နားထဲ ကျယ်ကျယ်လောင်လောင် တိုးဝင်လာ၏။ သူ့နှလုံးသား တည့်တည့်မှ စူးစူးနစ်နစ်ကြီး ထိုးအောင့် လာသည် ။

"အင်း ... အင်း"

သေတော့မယ် ... ငါသေရတော့မယ် ...၊

ထိုအသိကပင် သူ့ဝေဒနာ၊ သူ့ကြေကွဲစိတ်ကို တွန်းအားပေးလျက် အ သေမြန်စေဖို့ တွန်းပို့နေသလို။ နှလုံးသား ဗဟိုတည့်တည့်မှ စူးရှနာကျင် လွန်းသော ခံစားချက်ကြီးကြောင့် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်လာ၏။ ဦးရင်ကျော် စက္ကန့်ပိုင်းလေး အတွင်းမှာ သူအသက် ထွ

က်တော့မယ့်အဖြစ်ကို သိလိုက်သည် ။ နောက်ဆုံး လက်ကျန်အင်အားဖြင့် ပြင်းထန်သည့် ဝေဒနာ ကြားကနေထရပ်ပြီး ဒယိမ်းဒယိုင် ထ လျှောက်မိသည် ။

ငါမသေဘူး ... ငါသေသွားလို့ မဖြစ်ဘူး ...၊

ထိုစကားသံသည် ဝေဒနာအလုံးစုံကို ကျော်လွန်ကာ သူ့ရင်ထဲ အထပ်ထပ်အခါခါ မြည်ဟည်းနေ၏။

"အင်း ... ဟင်း ဟင်း"

ဝေဒနာသည် သက်သာမသွား။ ရင်ဘတ်ကို ဖိထားသည့် သူ့လက်သည် ကောက်ကွေ့ တွန့်လိမ်နေပြီဟု ထင်မိသည် ။ တစ်လှမ်း နှစ်လှမ်း ... သုံး လှမ်း ... ။ ခြေလှမ်း တစ်လှမ်း လှမ်းတိုင်း သူ့ရှိသမျှအားအင်တွေ စုစည်းအား တင်းနေရတာ ပင်ပန်းလှ၏။ သို့သော် ...

ငါမသေဘူး ... ငါသေသွားလို့ မဖြစ်ဘူး ...၊

တစ်စုံတစ်ရာသော ဆွဲအားတစ်ခုသည် သေမင်းနှင့် အံတုနေရသည့် ဝေဒနာဆိုးကြီးထဲ ကနေ သူ့ကို ဆွဲထုတ်နေသလို။ လေးလှမ်းမြောက် ခြေလှမ်းအား စိတ်ဆန္ဒ ဆွဲအားနှင့် အားတင်း လှမ်းလိုက်သော်လည်း ...
၊

"ဘုန်း"

ဖွဲ့အိတ်ကြီးလို သူ့ကိုယ်ကြီး ပစ်လဲကျသွား၏။

အား ... ကောင်းလိုက်တာ၊ နေလို့ ကောင်းလိုက်တာ ... သက်သာလိုက် တာကွာ ...

သီချင်းသံ ရှိနေသေးလား ... တိတ်သွားပြီလား သူမသိတော့။ သူ့ရင်

ထဲက ဝေဒနာတွေ အားလုံး မရှိတော့သလို ပေါ့ပါးသွားသည် ။ သူသည် ချောက် ကမ်းပါးတစ်ခုက လွင့်မျောကျနေသလို အေးခနဲ အေးခနဲ လွင့်မျောနေသည် ။ သူလွတ်လပ်ချင်နေပြီ။ ဝေဒနာ အပြင်းအထန် ခံစားနေရသည့် ခန္ဓာကိုယ်ကြီးကနေ အဝေးကို လွင့်မျောသွားချင်သည် ။ စိတ်ကို လွှတ်ပေးလိုက်ရင် သိပ်နေလို့ ကောင်းသွားမှာ သိနေသည် ။ သို့သော် သူ့ကို တစ်စုံတစ်ရာက တားဆီးနေ၏။

ထိုတစ်စုံတစ်ရာသည် အတိတ်က သူ့အတွေးပုံရိပ်တစ်ခုသာ ဖြစ်သည် ။

ပူပြင်းသော မီးအရှိန်သည် သူ့မျက်နှာဆီ လာဟပ်နေသည် ။ ထိုမီးကို ကျော်လွန်၍ သူမျက်လုံးဖွင့်ကြည့်ဖို့ ကြိုးစား၏။ ထင်းများ ဖြင့် ဖိထားသည့် မီးပုံကြီးပေါ်မှာ တုတ်ခိုင်သည့် သစ်လုံးကြီးနှင့် တွဲ၍ ကြိုးအချည်ခံထားရသည့် မိန်းကလေး တစ်ယောက် ...။ များ ပြားလှသည့် မီးညွန့်မီးလျှံများကြောင့် သူမ မျက်နှာကို မမြင်ရ။ သူမသည် မီးလောင်နေသည့် ပူပြင်းမှုကို ဂရုမစိုက်ဘဲ သူ့ကို တစ်စုံတစ်ရာ လှမ်းအော်ပြောရင်း ငိုကြွေးနေသည် ။ ထို့နောက် တစ်စုံတစ်ခုအား ပြင်းပြင်းထန်ထန် အော်ဟစ် ကျိန်ဆဲလိုက်၏။

"ရိုးမရွာ တစ်ရွာလုံး မြူတစ်မှုန်မကျန်အောင် ပျောက်ကွယ်ပျက်စီးပါစေ"

"ရိုးမရွာတစ်ရွာလုံး မြူတစ်မှုန်မကျန်အောင် ပျောက်ကွယ်ပျက်စီးပါစေ"

"ရိုးမရွာတစ်ရွာလုံး မြူတစ်မှုန်မကျန်အောင် ပျောက်ကွယ်ပျက်စီးပါစေ"

မဟုတ်ဘူး ... မပျက်ရဘူး၊ ငါရှိနေသရွေ့ ငါတို့ ရွာ ဘယ်တော့မှ မပျ

က်ရဘူး ...။

ငါမသေဘူး ... ငါသေလို့ မရဘူး၊ ငါသေလို့ မဖြစ်ဘူး ... ငါမသေရဘူး"

ခပ်တိုးတိုး ထပ်တလဲလဲ ရေရွတ်နေသည့် သူ့အသံသည် တဖြည်းဖြည်း ဝေးကွာ ပျောက်ဆုံး သွားလေသည်။

* * *

# အခန်း(၂)

တိတ်ဆိတ်ခြင်းသည် ထုထည်ကြီးမားသည့် ရေခဲလွှာတစ်ချပ်လို အေးစက်စက် မယိုင်မလဲ ရှိနေ၏။ ကောင်းကင်တွင် နေမင်းနှင့် ကောင်းကင်ပြာ တို့ အား အပြည့်အဝ ပိတ်ကာထားကြသည့် မီးခိုးရောင် ၊ အပြာပုတ်ပုတ် တိမ်စိုင် ခဲများ သည် အဆုပ်လိုက် အလိပ်လိုက် ဣန္ဒြေကြီးစွာ အသံတိတ် ရွေ့လျားနေကြသည် ။ မြူများ လွှမ်းခြုံထားသည့် တောင်တန်းများ သည် လည်း ပျင်းရိစွာ လဲလျောင်း အိပ်စက်နေကြ၏။ တောင်တန်းများ အလယ်၊ တောအုပ်အလယ် မြေနိမ့်ချိုင့်ဝှမ်း အတွင်းရှိ မြေကွက်လပ်ကျယ် တစ်ခုတွင် ရိုးမရွာသည် တစ်ကိုယ်တည်း ထီးထီးမားမား တည်ရှိသည် ။ အိမ်ခြေ အနည်းငယ်မျှသာရှိသည့် ရိုးမရွာရှိ အိမ်များ မှာ ကျောက်သားထူထူများ ဖြင့် ဆောက်ထားကြပြီး မြေပေါ် ပုပုပြားပြား ကျောက်ဂူတွေကဲ့သို့ ဖြစ်ပြီး ညနေခင်းရဲ့ အေးစိမ့်စိမ့် အုံ့ပျက်ပျက် အလင်းရောင်အောက်တွင် တစ်ရွာလုံး အိမ်တံခါးများ အလုံပိတ်လျက် လူမပြောနဲ့ သက်ရှိတစ်စုံတစ်ရာ မရှိသကဲ့သို့ ငြိမ်သက် တိတ်ဆိတ်နေသည် ။

လှုပ်ရှားမှုလေး တစ်ခုသည် တောအုပ်ထဲကနေ ရိုးမရွာရှိရာသို့ တရွေ့ရွေ့လာနေ၏။ ထိုလှုပ်ရှားမှုမှာ အသက်ငါးဆယ် ဝန်းကျင်ခန့်ရှိသော အသားညိုညို အရပ်ပုပု ခန္ဓာကိုယ် တောင့်တင်းသန်မာသော ယောကျ်ားတစ်ယောက် ဖြစ်ပြီး သူသည် ကတုံး တုံးထားပြီး ဆံပင်ပြန်

ပေါက် ထားသည့် ငုတ်တိုဆံပင်များ ဖြင့် ခေါင်းအား ခေါင်းပေါင်း ပေါင်းထားသည် ။ ဖျင်ကြမ်းအင်္ကျီ လက်ပြတ်ဖြင့် ဘောင်းဘီအရှည် ပွပွအား ခါးစည်းကြိုး ခပ်တင်းတင်းစည်း၍ ဝတ်ထားသည် ။ လက်ထဲမှာ လေးအား ကိုင်ထားလျက် မြားတံများ ထည့်ထားသည့် ဝါးကျည်တောက်အား ကျောမှာ လွယ်ထားသည် ။ သူ့ခြေလှမ်းများမှာ အလွန် လျင်မြန် ဖျတ်လတ်နေပြီး သူသည် နေကို ကြည့်နေတာလား ... အချိန်ကို မှန်းနေတာလား ...၊ ကောင်းကင်က ထူသိပ်စွာ ရှိနေသည့် တိမ်လိပ်များအား မကြာခဏ မော့ကြည့်တတ်ပြီး ခြေလှမ်းကိုလည်း ပို ပြီး မြန်သထက် မြန်အောင် လှမ်းနေသည် ။ ရိုးမရွာ ပတ်ပတ်လည်ရှိ ရွာနယ်နိမိတ် သတ်မှတ်ထားသည့် အနီရောင် ဆေးသုတ်ထားသည့် ကျောက်တိုင်များ အနားသို့ ရောက်လျှင် သူခြေလှမ်းတစ်ချက် တုံ့သွား၏။ တစ်စုံတစ်ရာကို စိုးရွံ့ နေသကဲ့သို့ ကျောက်တိုင်အနီများအား ဖြတ်ကျော် လျှောက်သွားရင် ခပ်ရွံ့ရွံ့ဖြစ်နေလျက် ကျောက်တိုင်များအား ဝေ့ဝဲကြည့်သည် ။ ကျောက်တိုင်များမှာ အနီရောင် ဆေးသုတ်ထားရုံမက အနီးကပ်ကြည့်မှ မြင်ရသည့် နဂါးရုပ်ဖြင့် ဘောင်ခတ်ထားသော အင်းကွက်များ ဆွဲထား၏။ ထိုအင်းကွက် ဆွဲထားသော အနီရောင် ဆေးသုတ်ထားသည့် ကျောက်တိုင်များမှာ သူ့အသက်နဲ့ ဆိုင်သည့် အရေးကိစ္စ တစ်ခုအား အဆုံးအဖြတ် ပေးနိုင်သည့် အရာများ ဖြစ်ကြောင်း ရိုးမရွာသား တစ်ဦးအနေဖြင့် သူကောင်းကောင်း သိနေသည် ။

သူသည် လက်ထဲက လေးအား ခပ်တင်းတင်း ဆုပ်ကိုင်လျက် တုံ့ဆိုင်းမနေဖို့ ဆုံးဖြတ်လိုက်၏။ နေညိုတော့မည်။ ဒီထက် အချိန်နှောင့်နှေးနေလျှင် သူ့အား ရိုးမရွာရှိဘယ်သူကမှ အိမ်တံခါး ဖွင့်ပေးတော့မည် မဟုတ်။ သူ့အမေအရင်း ကိုယ်တိုင်ပင် သူ့ကို အိမ်တံခါးဖွင့် ကြိုဆိုတော့မည် မဟုတ်။ သူသည် စိတ်ပိုင်းဖြတ်လိုက်ပြီး အနီရောင် ကျောက်တိုင်

များအား ဖြတ်၍ ရွာနယ်နိမိတ် အတွင်းသို့ ခပ်သွက်သွက် ဝင်လိုက်၏။ အထဲရောက်သည် နှင့် ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်သွားသလဲ ပြန်လည် စူးစမ်းမိရင်း သူဘာမှ မဖြစ်မှန်း သိလျှင် စိတ်အေးသွားသလို ဟူးခနဲ သက်ပြင်းမောကြီး ချလိုက်မိသည် ။

ငါကငါပဲ ... ငါ့ကိုယ်မှာ ဘာမှ တွယ်ကပ် ပါမလာဘူးပဲ ...၊

သူစိတ်သက်သာရာ ရသွားသည့် အချိန်မှာ စက္ကန့်ပိုင်းမျှသာ ဖြစ်၏။ တဖြည်းဖြည်းနှင့် အမှောင်ရိပ် သန်းလျက် အရာရာ သဲသဲကွဲကွဲ မမြင်ရတော့သည့် ပတ်ဝန်းကျင်ကို ဝေ့ကြည့်ရင်း အိမ်သို့ အချိန်မီရောက်ဖို့ စိတ်လောသွား ပြန်၏။ သူခြေလှမ်းကို အရှိန်ပြန်တင်လိုက်၏။ ခုနကထက်ပိုပြီး အရှိန်တင် သွားမိ၏။ နောက်ဆုံး ခပ်သုတ်သုတ်လျှောက်နေသည့် ခြေလှမ်းအား စိတ်မရှည်နိုင်တော့ဘဲ ခန္ဓာကိုယ်မှာ ရှိရှိသမျှအားတွေ စုစည်းပြီး အလျင်မြန်ဆုံးပြေးသည် ။

မိုးမချုပ်နဲ့ ... မိုးမချုပ်ပါနဲ့ ဦး ...။

ရိုးမရွာနှင့် ရွာနယ်နိမိတ် ကျောက်တိုင်နီများမှာ လယ်နှစ်ဧကခန့် ကြားမှာ ကွာဝေး၏။ ဒီခရီး အတိုင်းအတာအား မိုးလုံးဝ မချုပ်ခင် သူအချိန်မီ သွားနိုင်ပါ့မလား ...၊

"ဟဲ ... ဟဲ"

အားကုန် ပြေးနေရသည့် သူ့ ရင်ဘတ်ကြီး ဖားဖိုကြီးလို မို့မောက်လာသည် ။ တစ်ကိုယ်လုံး ချွေးများ ရွှဲနစ်လျက် မောလွန်းလို့ အသက်ရှူရပ်သွားတော့မလား စိုးရိမ်လာရသည် အထိ သူအမြန်ဆုံး ပြေးနေမိသည် ။ ပတ်ဝန်းကျင်မှာ အမှောင်သည် လက်ကျန် အလင်းလေးအား အပြီးတိုင် နင်းခြေမောင်းထုတ် လိုက်ပြီ ဖြစ်၏။

"အမေ ... အမေရေ ကျုပ်ပြန် လာပြီဗျ၊ တံခါး အဆင်သင့် ဖွင့်ထား စမ်း ပါ ... ကျုပ် ဖိုးထောင် ပြန် လာပြီဗျ"

ရှေ့က အမှောင်ထုအား စူးစိုက်ကြည့်ရင်း ဟောဟဲဆိုက်အောင် ပြေး နေရသည့် ကြားက သူသွေးရူးသွေးတန်း အော်ပြောမိသည် ။ ရွာနား ရောက်နေပြီလား ... သူ့အသံကို သူ့အိမ်က ကြားနိုင်ပါ့မလား သူမသိ။ သူအားရှိသလောက် ကျုံးအော်နေမိခြင်း ဖြစ်သည် ။

"အမေ ... အမေရေ"

"ဒုတ် ... ဘုန်း"

"အ"

ဘာကို ခလုတ်တိုက်မိမှန်း မသိ။ သူ့ခန္ဓာကိုယ်ကြီး မြေပေါ် ပစ်စလက်ခတ် လဲကျသွား၏။

မဟုတ်ဘူး ... လဲလို့ မဖြစ်ဘူး၊ ခလုတ်တိုက်လို့ မဖြစ်ဘူး ... ငါ့ဆီ သူတို့ ရောက်လာလိမ့်မယ်၊ အိမ် ... အိမ် အမြန်ပြန်ရမယ်၊ အိမ်ထဲ အမြန် ဝင်နေရမယ် ... အိမ်ကို အမြန်ဆုံး ရောက်အောင် သွားရမယ် ...

သူလဲကျနေရာမှ အလောတကြီး ထရပ်ဖို့ ကြိုးစားသည် ။ သို့သော် ဘာတွေမှန်းမသိ မြေပေါ်ရှိနေသည့် အရာဝတ္ထုတချို့နှင့် ခလုတ်တိုက်ပြီး ထပ်လဲသည် ။ သူ မတ်တတ်ပြန်ရပ်ဖို့ ကြိုးစားရင်း တစ်ကိုယ်လုံးမှ ရှိရှိသမျှအားအင်တွေ ပျောက်ဆုံး ချည့်နဲ့ သွားသလို ခံစားလိုက်ရသည် ။ သူပတ်ပတ်လည်ရှိ ပိန်းပိတ်အောင်မှောင်နေသည့် အမှောင်ထုအား ကြောက်လန့်တကြား ရန်လိုစွာ ဝေ့ဝဲကြည့်၏။

မလာနဲ့ ... ငါ့ဆီမလာကြနဲ့ ...

အသံမထွက်ရဲဘဲ စိတ်ထဲကအကျယ်ကြီး ကြုံးဝါးမိသည် ။ သူ့ဘေး

မှာ မှောင်မိုက်နေသည် ။ အမှောင်ဆိုမှ အမှောင် သူဘာမှ မမြင်ရ။ သို့သော် သူတစ်စုံတစ်ရာကို ခံစားမိနေ၏။ ဘာမှန်းမသိ ...။

တစ်ခုခု တစ်ခုခုတော့ ရှိနေပြီ ... ငါ့နားမှာ ရှိနေပြီ၊ ငါ့နားနီးနီးမှာကို ရှိနေကြတာ ... သူတို့ သူတို့ ... ငါ့ဆီ လာနေကြပြီ ... လာနေကြပြီ ...

"ဟူး"

လေတစ်ချက်အဝှေ့မှာ သူ့ကိုယ်ကြီး ဆတ်ခနဲဖြစ်သွား၏။ သူ့အားတို့ ထိလာသည့် ကိုင်းပင်ရှည်များအား အရူးလို ဒေါသတကြီး တွန်းထိုးပုတ်ထုတ် ပစ်လိုက်မိပြီးမှ ကိုင်းပင်တွေမှန်း သတိထားမိသည် ။ အမှောင်ကို ကျင့်သားရသွားသော မျက်လုံးများက သူ့ဘေးပတ်ပတ်လည်ကကိုင်းပင်ရှည်များ လှုပ်ရှား ယိမ်းနွဲ့နေတာကို မြင်လာရသည် ။ ကိုင်းပင်များ သာမက နောက်မှာ ရှိ နေသည့် အရာကိုပါ ထင်ထင်ရှားရှားရှင်းရှင်းလင်းလင်းမြင်လိုက်ရ၏။

ရိုးမရွာထိပ်ရှိ ပေတစ်ရာ ပတ်လည်ကျယ်ဝန်းသည့် ဇရပ်အိုကြီး ...၊

ဇရပ်အိုကြီးကိုမြင်လိုက်သည် နှင့် အလန့်တကြား မျက်လုံးလွှဲလိုက်မိသည် ။ ဒီအချိန်ဆို ဇရပ်ကြီးပေါ်တွင် တိရစ္ဆာန်ခေါင်းများ အတွင်းကလီစာများအား အစိမ်းချ တည်ခင်းထားသည့် စားပွဲသောက်ပွဲများ ရှိလိမ့်မည်။ ထိုစားပွဲ သောက်ပွဲများအား မြိန်ရေရှက်ရေ တည်ခင်း စားသောက်နေကြသူ များ လည်း ရှိနေလိမ့်မည်။

မကြည့်နဲ့၊ မကြည့်နဲ့ ဖိုးထောင် ပြေးတော့ ...၊ ရွာထဲပြေးတော့။

ပြေးမရ။

သူ့တစ်ကိုယ်လုံး ဆေးမိသလို တုံ့ဆိုင်းနေ၏။

အကြောက်လွန်ပြီး ဆိုင်းသွားသည့် အကြောများက သူ့ကိုလှုပ်ရှား ခွ

င့်မပေးတာလား ဒါမှ မဟုတ် တစ်စုံတစ်ရာရဲ့ ချုပ်နှောင်ခြင်း ခံလိုက်ရတာလား သူကိုယ်တိုင်လည်း မသိ။ ထွက်ပြေးချင်လည်း ပြေးမရ။ ကြောက်စိတ် ပြေအောင် အော်ဟစ်ပစ်လိုက်ချင် သော်လည်း အသံက ထွက်မလာ။ သူ့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လျက် မကြည့်ဖို့ အား တင်းနေသည့် ကြားက ဇရပ်ကြီးဆီသို့ နောက်တစ်ကြိမ် လှမ်းကြည့် လိုက်မိသည် ။

* * * * *

# အခန်း(၃)

'အသုဘာလွင်ပြင်ကျယ်'လို့ သူတို့ ခေါ်ကြသော ရွာထိပ် ကွင်းပြင် ကျယ်ထဲတွင် လူဦးရေ နှစ်ရာကျော်ရှိသည့် ရိုးမရွာသူရွာသား အားလုံး စုဝေးရှိနေကြ၏။ ကွင်းအလယ်တွင် မဟူရာ ကျောက်သားဖြင့် လုပ်ထားသော ပေနှစ်ဆယ်နီးပါးမြင့်သည့် ဘီလူးရုပ်ကြီးရှိသည် ။ ဘီလူး မျက်နှာရှိ အစွယ်ငေါငေါ ပြူးကျယ်သော မျက်လုံးများအား အနုစိတ်ထု ဆစ်ထားပြီး ဘီလူး၏ ခန္ဓာကိုယ်အား လူယောကျ်ား တစ်ယောက်၏ ခန္ဓာကိုယ် ပုံစံအတိုင်း ထွင်းထုထား၏။ ခြေလက်များမှာ ရှည်လျားသော လက်သည်းရှည်များ ဖြင့် ထုဆစ်ထားပြီး ဘီလူး၏ ဘယ်ဘက် လက်တွင် လူခေါင်းပြတ်အား ဆံပင်မှာ ဆွဲကိုင်ထားကာ ညာဘက် လက်ထဲတွင် လူ့အသည်းတစ်စုံအား ခပ်တင်းတင်း ဆုပ်ကိုင်ထား၏။ ဘီလူးရုပ်၏ ခြေရင်းတွင် ယဇ်ပူဇော်သည့် စင်တစ်ခုရှိပြီး ထိုစင်ခြေရင်း အနီးရှိ ဘီလူး၏ ခြေထောက်အနားတွင် ကြောက်လန့်တကြား အော်ဟစ်နေသည့် လူရုပ်များ လူ့ခန္ဓာကိုယ် အပိုင်းအစများ ထုဆစ်ထားသည် ။ ဘီလူးရုပ်ခြေရင်းတွင် နတ်ဆရာကြီး ဦးငရဲသည် 'နတ်ဘီလူး မင်းကြီးဒန္တာ'ဟု တတွတ်တွတ် ရေရွတ်ရင်း အမျက်တော်ပြေဖို့ ၊ သေသူ၏ ဝိညာဉ်ကို လာရောက်ခေါ်ဆောင်သွားဖို့ ၊ ရိုးမရွာရှိ အသက်ရှင်လျက် ကျန်တဲ့ လူတွေရဲ့ အသက်ကို သနားတော်မူဖို့ တောင်းပန်ခယ တတွတ်တွတ် ရေရွတ်နေ၏။ ယဇ်စင်တစ်ဖက်တွင် ကျောက်ဖြင့် ထွင်းထုထား

သော ကုလားထိုင်များ ရှိ၏။ နဂါးရုပ်ဖြင့် သေသပ်ခန့်ညားစွာ ထွင်းထု ထားသော အလှဆုံးခုံမှာ ရိုးမရွာ၏ 'အကဲ'ထိုင်သည့် ခုံ ဖြစ်သည် ။ ထိုခုံ ဘေးရှိ တခြားခုံများမှာ အကဲမိသားစုနှင့် ရွာရှိတိုင်ပင်ခံလူကြီးများ ၊ ကာလသား ခေါင်းဆောင်၊ အမျိုးသမီးခေါင်းဆောင်တို့ ထိုင်ကြရသည် ။

ရိုးမရွာတွင် အကဲသည် ဘုရင်တစ်ပါးကဲ့သို့ အာဏာရှိသည် ။ အကဲ ၏ တစ်သွေးတစ်သံ တစ်မိန့်သာ အတည်ဖြစ်ပြီး ရွာသူရွာသား အားလုံး သည် လည်း အကဲအား မိဘ အကြီးအကဲ တစ်ဦးလို ရိုသေချစ်ခင်ကြ၏။ ယဇ်စင်ဘေး အကဲထိုင်သည့် ခုံနှင့် ဘေးရှိခုံများအားလုံးမှာ လူမရှိလွတ် နေသည် ။ နတ်ဆရာ ကြီးဦးငရဲသည် သူလုပ်စရာရှိသည့် အလုပ်အား ဘယ်သူမှ ဂရုမစိုက် စိတ်ပါလက်ပါဖြင့် ရေရွတ်ဆုတောင်းနေပြီး ရိုးမ ရွာ၏ ကာလသားခေါင်းဆောင် နေပြင်း ဦးဆောင်သော ကာလသား များ သည် အလောင်းအား မီးရှို့သင်္ဂြိုဟ်ရန် ထင်းများ ပြင်ဆင်ခြင်း၊ အ လောင်းပြင်မည့် ပန်းများ နံ့သာများ ပြင်ဆင်ခြင်းများ လုပ်ကြသည် ။ န တ်ဆရာကြီး၏ တပည့်များ ဖြစ်ကြသည့် ဘသာနှင့် အောင်မောင်းတို့ နှစ်ယောက်သည် အလောင်း၏ လျှာအား ဖြတ်ထုတ်ခြင်း ခြေလက်များ အား မလှုပ်နိုင်အောင် ခိုင်ခိုင်မြဲမြဲ ကြိုးချည်ခြင်းများ လုပ်ကြ၏။ ဝိညာဉ်အပ်ပွဲသို့ ရောက်လာကြသည့် ရိုးမရွာသူရွာသား များမှ တချို့ သည် မျှော်လင့်ချက် ကင်းမဲ့လျက် ငိုင်တိုင်တိုင် ဖြစ်နေကြသည် ။ တချို့ က ရုပ်ပျက်ဆင်းပျက် အလောင်းကြီးအား ကြည့်ပြီး ကြောက်လန့်နေ ကြသည် ။ တချို့ကျတော့ နတ်ဆရာကြီး ဦးငရဲနှင့် အတူ နတ်ဘီလူး မင်းကြီး ဒန္တာအား တမ်းတရင်း အသက်ချမ်းသာပေးဖို့ တောင်းပန်ခယ ရေရွတ်နေကြ၏။ သေဆုံးသူ မုဆိုးကြီး ဦးဖိုးထောင်၏ အမေဖြစ်သူ အ သက်ရှစ်ဆယ့်ရှစ်နှစ် ရှိပြီဖြစ်သော အမေအိုကြီး ဒေါ်နန်းသည် လူအုပ် ကြီးရဲ့ ရှေ့ဆုံးကနေ သူမသား၏ အလောင်းအား ဆို့နင့်စွာ ငေးကြည့်

နေသည် ။

အသက်မဲ့သည့် ရုပ်အလောင်းပင် ဖြစ်သော်လည်း ဘသာနှင့် အောင်မောင်း တို့ သည် အချိန်မရွေး ထအန္တရာယ် ပေးနိုင်သည့် တစ်စုံတစ်ရာအား သတိကြီးစွာ ချုပ်နှောင်နှိမ်နင်း နေကြသလို ပြုမူနေကြ၏။ မရုန်းနိုင်အောင် ကြိုးခိုင်ခိုင်တုပ်ခြင်း၊ အသံထွက်မလာနိုင်အောင် လျှာဖြတ်ခြင်း များအား အငြိုးတကြီး လုပ်ကိုင်နေကြသည် ။ အမေအိုကြီး ဒေါ်နန်းသည် သူမသား၏ အသုဘမြင်ကွင်းကို ကြည့်ရင်းကြည့်ရင်း ဆို့နင့် ကြေကွဲလာသည် ။ စိတ်ရှိလက်ရှိ အော်ဟစ် ငိုကြွေး ပစ်ချင်သော်လည်း မငိုနိုင်။

အကဲသည် အသုဘရှင်များအား သေသူကို တမ်းတ ငိုကြွေးခွင့်ပေးမထား။ သေဆုံး သွားပြီးသည့် လူ၏ နာမည်ကို လုံးလုံးမခေါ်ရန် အပြင်းအထန် တားမြစ်ထား၏။ သေပြီးသော လူသည် မကောင်းဆိုးဝါးလုံးလုံး ဖြစ်သွားပြီ ဖြစ်သည် ။ မကောင်းဆိုးဝါး၏ နာမည်ကို ခေါ်ငင် တမ်းတသူသည် ရွာလုံးကျွတ်ဒုက္ခရောက်အောင် အပြစ်ကျူးလွန်သူ ဖြစ်သည် မို့ အကဲသည် ထိုသူအား အပြင်းထန်ဆုံး အပြစ်ကို ပေးတတ်လေသည် ။ အမေအိုကြီး ဒေါ်နန်းသည် စိတ်ကို ထိန်းချုပ်ထားသည့် ကြားက ဖြစ်ချင်ရာဖြစ် သားလို့ အော် ခေါ်ပစ်ချင်၏။

သူမအတွက် သူမသားထက် အရေးပါတာ ဘာမှ မရှိသည် မို့ ဖိုးထောင်တစ်ယောက် မကောင်းဆိုးဝါး ဖြစ်နေရင်တောင် သူမသားကို ပြန်တွေ့ချင်သည် ။ သူမပါ မကောင်းဆိုးဝါး ဖြစ်ချင်သည့် စိတ်များ တဖွားဖွား ပေါ်လာနေသည် ။ သူမ ငေးကြည့်နေစဉ်မှာ ပင် ဘသာနှင့် အောင်မောင်းတို့ ပြင်ဆင်လို့ ပြီးသွားသည့် အလောင်းအား နေပြင်းနှင့် ကာလသားများ သယ်မပြီး သင်္ချိုင်းဟပ်မည့် ထင်းပုံပေါ်တင်ရန် ကြိုးစားနေကြ၏။

ကာလသားများ သယ်ဆောင်လာသည့် အလောင်း၏ မျက်နှာသည် အမေအို ရှိရာသို့ မျက်နှာမူလာလျှင် ...၊

"သား"

ဇရာကြောင့် အရေပြားများ တွန့်လိပ်နေသည့် အမေအိုကြီး ဒေါ်နန်း၏ ပါးပေါ်သို့ မျက်ရည်များ လိမ့်ဆင်းလာသည် ။ သူမသားသည် သူမကို လွမ်းဆွတ်စွာ လှမ်းငေးကြည့်နေသည် ဟု သူမထင်သည် ။ လှုပ်ရှားနေသည့် မျက်နှာသည် အသက်ဝင်လာသလိုလို မျက်လုံးတွေ ပွင့်လာတော့မလိုလို ...

"သား ... အမေ့သားကြီး၊ ဖိုး ... ဖိုး"

"မေနန်း"

နူးညံ့ နွေးထွေးသော လက်တစ်စုံသည် အမေအိုကြီး ဒေါ်နန်း၏ အရိုးငေါငေါ ပခုံးတစ်ဖက်ပေါ်အား ညင်သာစွာ ဆုပ်ကိုင်လိုက်ရုံမက မျက်နှာချင်းဆိုင် ဆွဲလှည့်ယူလိုက်၏။ အမေအို မျက်လုံးထဲက မျက်ရည်များကြောင့် လက်ပိုင်ရှင်အား သေချာမမြင်ရ ...၊

"မငိုပါနဲ့ မေနန်းရယ်"

နူးညံ့ ညင်သာသလောက် ကြည်လင်အေးချမ်းသော သြဇာသံ ... ။ တစ်ရွာလုံးမှာ တစ်ယောက်တည်း ရှိနိုင်သည့် အသံပိုင်ရှင်အား ဘယ်သူဘယ်ဝါမှန်း အမေနန်း သိလိုက်၏။

"ဟီး ... ဟီး"

ကလေးငယ်လေးလို ငိုချပစ်ရင်း အမေအိုကြီးဒေါ်နန်း ပိန်ပိန်သေးသေး ခန္ဓာကိုယ်လေးသည် သူမရင်ခွင်ထဲ ညွတ်ကျသွားသည် ။ သူမသည် အမေအိုကြီးဒေါ်နန်းအား ကလေးငယ်လေး တစ်ယောက်လို တ

ယုတယ ထွေးဖက်ထား၏။

"လူတစ်ယောက် သေခါနီးနောက်ဆုံးအချိန်မှာ ဘာတွေတွေးကြသလဲ အမေနန်းသိလား"

"သား ... ငါ့သားကြီး၊ အမေ့ကိုပါ ခေါ်သွားပါသားရယ်"

ဒီလိုပြောခွင့်မရှိ ငိုကြွေးခွင့်မရှိပါ။ ထိုစည်းကမ်းအား သူမအဖေဖြစ်သူ အကဲ ဦးကောင်းလှ ကိုယ်တိုင် သတ်မှတ်ထားခြင်း ဖြစ်သော်လည်း သူမသည် အမေအိုကြီး ဒေါ်နန်းအား နည်းနည်းမှ မတားဘဲ စိတ်လွတ်ကိုယ်လွတ် ငိုခွင့်ပေးထားလေသည် ။

"လူတစ်ယောက် သေခါနီးနောက်ဆုံး အချိန်မှာ သူတို့ အချစ်ဆုံး လူအကြောင်း တွေးကြတာ အမေနန်းရဲ့ ... ငါများ သေသွားရင် ငါ့အမေ ဘယ်လိုဖြစ် ကျန်ခဲ့မလဲ၊ ကျန်းမာရေးမှ ဂရုစိုက်ပ့ါမလား ... ကျန်းကျန်းမာမာ ပျော်ပျော်ရွှင် ရွှင်မှ ကျန်ခဲ့ပ့ါမလား ... ငါ့စိတ်နဲ့ တစ်ခုခုများ ဖြစ်ကျန်ခဲ့မလား တွေးပြီး အသေမဖြောင့် တတ်ကြဘူး၊ အမေနန်း ခုလိုဖြစ်နေတာကို သိရင် ဦးဖိုးထောင် စိတ်ကောင်းပ့ါမလား ..."

ဦးဖိုးထောင် ...

နာမည် ... ငါ့သား နာမည်ခေါ်လိုက်တာလား ... ငါပဲနားကြားမှားတာလား ...

ဒေါ်နန်း ကိုယ့်နားကိုယ်နား ကြားမှားသလားဟု တွေးရင်း မျက်ရည်များ ပြည့်လျှံနေသည့် မျက်လုံးကို ဖိပိတ်ပစ်ပြီး သူမအား ပြန်မော့ကြည့်မိ၏။ သူမသည် ရိုးမရွာသူများ ပြင်ဆင်တတ်သည့် ထုံးစံအတိုင်း ဆံထုံးကိုဆံပင် တစ်မွေးတလေမှ မကျအောင် အပြောင်သိမ်းလျက် ခပ်မြင့်မြင့်ထုံးထားသည် ။ ရင်ဖုံးလက်ရှည် အင်္ကျီအဖြူနှင့် အစင်းများ ပါသည့် ထူ

ထဲလေးလံသည့် လုံခြည်အား သေသေသပ်သပ် ဝတ်ထား၏။ မိန်းက လေးတန်မဲ့ မြင့်မားသော အရပ်ရှိပြီး သူမ၏ ခပ်ညိုညို အသားသည် ကြ ည်စင်ဝင်းပနေသည် ။ သူမမျက်လုံးများ သည် လေးနက်သည် ။ အထူအ ပါးညီသော နှုတ်ခမ်း နှစ်လွှာမှာ ပိရိသေသပ်၏။ သူမသည် အကဲ၏ သ မီးအကြီးဆုံးဖြစ်ပြီး သူမအသက်မှာ နှစ်ဆယ်ပင်ရှိ သေးသော်လည်း ရွာ တွင် နောင်မှာ အကဲဖြစ်လာမည့် အကဲ၏ သားအငယ်ဆုံး မောင်မင်းထ က်ပင် တစ်ရွာလုံး၏ တလေးတစား ဆက်ဆံခံရသူ။ အကဲဦး ကောင်းလှ လိုပင် ရွာအပေါ် ဩဇာ သက်ရောက်သူဖြစ်သည် ။ သူမသည် ဒေါ်နန်း အား အကြောက်တရား ကင်းမဲ့သည့် မျက်လုံးများ ဖြင့် စိုက်ကြည့်အား ပေး နေရာမှ တစ်နေရာသို့ လှမ်းကြည့်လိုက်၏။

အမေအိုကြီး ဒေါ်နန်းသည် သူမ၏ ရဲဝံ့သော မျက်လုံးများ နှင့် ဆုံမိစ ဉ် တစ်စုံတစ်ရာ၏ ဆွဲငင်ခြင်း ခံရသကဲ့သို့ သူမကြည့်သည့် လားရာဆီ သို့ လှမ်းငေးကြည့်မိသည် ။ ဟိုးအဝေးဆီက တောင်တန်းများ လေပြင်း တိုက်ခံနေရ သလား ဒါမှ မဟုတ် နတ်ဘီလူးမင်းကြီးရဲ့ ဒေါသတွေလား ... တောင်တန်းတွေပေါ် အုပ်ဆိုင်းနေသည့် မြူနှင်းများ ရွေ့လျားနေကြပုံ မှာ တစ်စုံတစ်ရာအား ရန်စောင် ဒေါသထွက်နေ သကဲ့သို့ ရှိ၏။ သူမသ ည် တောင်တန်းများကို ခပ်ရဲရဲ စူးစိုက်ကြည့်ပြီး နောက် ဒေါ်နန်းအား ပြ န်ကြည့်၏။

"လူတစ်ယောက်သေတိုင်း ကျုပ်တို့ ရင်ထဲက အကြောက်တရားတွေ တစ်ထပ်တစ်ဆ တိုးလာတယ် ... အမေနန်းကပါ ကျုပ်တို့ ကို အကြောက်တရားတွေနဲ့ ထားခဲ့ချင်လို့ လား ... "

ဒေါ်နန်းဘာမှ ပြန်မပြောမိသော်လည်း တုန်ယင်နေသည့် နှုတ်ခမ်း အစုံအား ခပ်တင်းတင်း ဖိကိုက်ရင်း ခေါင်းယမ်းပြမိသည် ။

"မကြီး ... မပန်းမြတ်"

လူအုပ်ထဲက လှမ်းခေါ်နေသည့် အသံကြောင့် သူမသည် ဆုပ်ကိုင်ထားသည့် အမေအိုကြီး ဒေါ်နန်း၏ လက်အားအား ပေးသလို ခပ်တင်းတင်းတစ် ချက်ဆုပ်ကိုင်ကာ ထိန်း၍ လွှတ်ပေးလိုက်ပြီး ခေါ်သံကြားရာသို့ တည်ငြိမ်စွာ လှည့်ကြည့်လိုက်သည် ။ ခင်ဦးသည် လူအုပ်ကြားထဲက တိုးဝှေ့၍ သူမဆီ ခပ်သွက်သွက် လျှောက်လာသည် ။ ခင်ဦးသည် ပန်းမြတ်နှင့် ညီအစ်မပဟု အထူးပြောဖို့ မလိုအောင် မျက်နှာကျပုံ ခန္ဓာကိုယ် အသွင်အပြင်များမှာ ချွတ်စွပ်နီးပါး တူသော်လည်း အကျင့်စရိုက် အနေအထိုင် စကားပြောဆိုဟန်တို့ မှာ ဆီနှင့် ရေလိုကွာခြားသည် ။ ခင်ဦးခုလို လူတွေအား တိုးတိုက် ပြေးလွှားလာသလို ဇရုတ်သုတ်ခ အမူအရာမျိုး ပန်းမြတ်ဆီမှာ ဘယ်သော အခါမှ တွေ့ရမည်မဟုတ် ပေ ...၊

"အစ်မ ... အစ်မမောင် မရှိပြန်ဘူး၊ စောစောစီးစီး ထန်းတောရောက်နေပြန်ပြီလား မသိဘူး ... အဘ တအား စိတ်ဆိုးနေပြီ"

ခင်ဦးစကားကြောင့် ပန်းမြတ် မျက်လုံးများ ကာလသားအုပ်စုထဲမှ ကာလသား ခေါင်းဆောင် နေပြင်းဆီသို့ အလိုလို ရောက်သွားသည် ။ နေပြင်းသည် ရွာမှာ ခန္ဓာကိုယ် အထွားဆုံး အရပ်အမြင့်ဆုံး သတ္တိအရှိဆုံး ဖြစ်သလို အမိုက်ရိုင်းဆုံး အဆိုးသွမ်းဆုံးဆိုလည်း မမှားပေ။ ထိုသို့ ရွာ မှာ အဆိုးသွမ်းဆုံး ကာလသားမှာ သူမမောင် မောင်မင်း၏ အချစ်ဆုံးသူငယ်ချင်း ဖြစ်နေသည် ။ သူငယ်ချင်း ဆိုတာထက် မောင်မင်းအား မကောင်းတဲ့ အရာ မှန်သမျှအား နည်းပေးလမ်းပြ လုပ်တတ်သူမှာ နေပြင်းပင် ဖြစ်၏။ နေပြင်းနှင့် မောင်မင်းအား ဘယ်သောအခါမှ ခွဲမရပေ။ နေပြင်း ဝိညာဉ်အပ်ပွဲမှာ ရှိသည် ဆိုလျှင် မောင်မင်းတစ် ယောက်တည်း ထန်းတောထဲ သွားမှာ မဟုတ်တာ သေချာသည် ။

"အိမ်မှာ သေချာကြည့်ခဲ့ရဲ့ လား ခင်ဦး ..."

"ကြည့်ခဲ့ပါတယ် အစ်မရဲ့ ... ကိုနေပြင်းတော့ သိမလားမသိဘူး၊ ကျူပ် သွားမေး လိုက်ရမလား"

"မမေးနဲ့ "

ပန်းမြတ်သည် ခင်ဦး၏ တက်ကြွသော ခြေလှမ်းများအား မျက်နှာထား တည်တည်ဖြင့်ပင် ပိတ်ပင်လိုက်၏။

"အဘလာနေပြီ ... ထားလိုက်တော့"

"အကဲ လာပြီဟေ့ ... လမ်းဖယ်စမ်း၊ ရှေ့ကဖယ်ကြ"

လူအုပ်ထဲမှာ အဘကို မမြင်ရသေးခင်ကပင် ယက္ခ၏ အသံက ဟိန်းထွက်လာသည် ။ ယက္ခသည် မောင်မင်းထက် နှစ်လသာငယ်ပြီး အဘက မောင်မင်း အဖော်ရစေရန် ဆင်းရဲသည့် ရွာသား မိသားစုထံမှ ခေါ်ယူမွေးစားခဲ့သည့် ကလေးဖြစ်သည် ။ မောင်မင်းနောက်မှာ ကိုယ်ရံတော် လိုလို ဘာလိုလိုနှင့် အသံကျယ်ကျယ် လေကြီးတတ်သည့် လူငယ်လေး ဖြစ်သည် ။ ရွာသူရွာသားများ အဘလျှောက်မည့် လမ်းအား တရိုတသေ ဦးညွှတ်ဖယ်ပေးကြ၏။ ပန်းမြတ် ယက္ခအသံကြောင့် မောင်မင်း ပါပါလာသလားဟု မျှော်လင့်ချက်ဖြင့် လှမ်းကြည့်နေမိသည် ။ သူမထင်သည့် အတိုင်းပင် အဘနောက်မှာ မောင်မင်းသည် ညက ထန်းရည်မူးလွန်သည့် အရှိန်မကုန်သေးသည့် မျက်နှာမို့မို့ ရဲရဲဖြင့် ညှဉ်းဆိုးဆိုး လိုက်ပါလာ၏။ ယက္ခမှာ မောင်မင်းနောက်ကနေ ဆောင့်ကြွားကြွား မြောက်ကြွကြွ လျှောက်ပါ လာပြီး ရှေ့ဆုံးက လျှောက်လာသည့် အဘမျက်နှာသည် တည်တင်းနေ၏။ မောင်မင်းကြောင့် စိတ်ဆိုး စိတ်အနှောင့်အယှက် ဖြစ်လာတာမှန်း မေးကြည့်စရာမလိုဘဲ သူမရော ခင်ဦးပါ သိလိုက်သည် ။

အကဲဦးကောင်းလှသည် ရိုးမရွာသားတို့ ၏ အကျင့်အတိုင်း ကတုံး တုံးထားသည့် ဆံပင် ငုတ်တိုများ နှင့် ဖြစ်ပြီး တချို့သော ရွာသားတွေကဲ့ သို့ ကတုံးဆံပင် ပုံစံကို ဖုံးစေရန် ခေါင်းပေါင်းခြင်း ပဝါလွှားခြင်းတို့ မ လုပ်ဘဲ မာဖလာအား ပခုံးနှစ်ဖက်မှာ ဒီအတိုင်းချထား၏။ ဘောင်းဘီပွ ပွအား ရွှေ ပတ္တမြား နီလာတို့ ဖြင့် လုပ်ထားသည့် ခါးစည်းကြိုး အပြား ကြီးဖြင့် ပတ်ချည်ဝတ်ထားကာ ရိုးမရွာရှိ အကဲမိသားစုသာ ဝတ်တတ် သည့် အဖြူရောင်အင်္ကျီအား ပွခြင်း ချောင်ခြင်း မရှိစေဘဲ ကိုယ်နှင့် အကိုက်သေသပ်စွာ ချပ်ချပ်ကပ်ကပ် ဝတ်ထား၏။ အကဲပခုံးပေါ်ရှိ မာဖ လာ မှာ အနီရဲရဲကတ္တီပါသား ဖြစ်ပြီး စိန်တွေ ထည့်ယက်ထားသလို တ လက်လက် တောက်ပနေလေရာ ခန့်ညားခြင်း တောက်ပခြင်း တို့ ဆောင်းလျက် အကဲသွားလေရာ တဝင်းဝင်း တလက်လက် ဖြစ်နေသည် ။ ဦးကောင်းလှသည် သားဖြစ်သူ မောင်မင်းအတွက် စိတ်အနှောင့်အယှ က် ဖြစ်ခဲ့သမျှ စိတ်မကြည်လင် ခဲ့ရသမျှတို့ အား ဖြေဖျောက် စိတ်လျှော့ လျက် အကဲထိုင် ရမည့် ခုံမှာ ဣန္ဒြေအပြည့်ဖြင့် ခန့်ညားစွာ ဝင်ထိုင် လိုက်၏။

အကဲဦးကောင်းလှ ရောက် လာပြီး ခုံမှာ နေရာယူပြီးသည် နှင့် ဘီ လူးရုပ်ကြီးဆီ မျက်နှာမူလျက် တောင်စောင့်နတ် ဘီလူးမင်းအား တတွ တ်တွတ် ပူဇော်နေသည့် နတ်ဆရာကြီးသည် ထိုင်ရာမှ ထ၍ အလောင်း ဆီသို့ လျှောက်လာသည် ။ စင်ပေါ်မှာ ပက်လက်အတိုင်း ရှိနေသည့် အ လောင်းနားသို့ ရောက်လျှင် သူ၏ တပည့်တစ်ဦး လာပေးသည့် ဓားအား ယူ၍ အလောင်းအား ဝဲဘက် ရင်အုံအား ခွဲပစ်လိုက်၏။ ထိုမြင်ကွင်း အား အမေအိုကြီး ဒေါ်နန်းတစ်ဦးသာ သားဖြစ်သူ ရင်အား အရှင်လတ် လတ် ခွဲခံလိုက်ရသလို မကြည့်ရက် မမြင်ရက် ဖြစ်သွားပြီး ရိုးမရွာမှ လူကြီးလူငယ် ကလေးကအစ ကြောက်ရွံ့ထိတ်လန့်ခြင်း အကြည့်လွှဲပစ်

ခြင်း မရှိကြ။ ဝိညာဉ်အပ်ပွဲ ဆိုသည် မှာ သူတို့ အားလုံးအတွက် နေ့စဉ်ဖြတ်သန်းနေကျ ဖြစ်ရပ်တစ်ခု အလေ့အကျင့် တစ်ခုပင် ဖြစ်နေပါပြီ။ နတ်ဆရာကြီး ဦးငရဲသည် အလောင်းဆီမှ နှလုံးကို ထုတ်ယူပြီးနောက် ဂါထာ တစ်ခုအား ထပ်တလဲလဲ ရေရွတ်နေ၏။ အကဲ ဦးကောင်းလှ၊ ပန်းမြတ်၊ ခင်ဦးနှင့် မောင်မင်းတို့ အပြင် တစ်ရွာလုံးသည် ထိုအချိန် ကာလအား အသံ တစ်စုံတစ်ရာ မထွက်ရဲ လှုပ်ရှားမှု တစ်ခုခုမပြုရဲဘဲ ငြိမ်သက် စောင့်ဆိုင်းပေးကြရ၏။ လူနှစ်ရာကျော်၏ လှုပ်ရှားသံများမှာ ရုတ်တရက် တိတ်ကျ သွားပြီးနောက် နတ်ဆရာကြီးရဲ့ အသံညြညြကြီးသာလျှင် ပတ်ဝန်းကျင် တစ်ခုလုံး ကြီးစိုးနေလေသည် ။ အချိန်အတန်အသင့် ကြာပြီးနောက်မှာ တော့ နတ်ဆရာကြီးသည် ဂါထာ ရွတ်ဆိုခြင်းအား ရပ်ပြီး အလောင်းရှေ့မှာ အဆင်သင့် ပြင်ဆင်ထားသော စားပွဲပေါ်သို့ နှလုံးသားအား တင်လိုက်၏။

"အို ... အရှင်တောင်စောင့် နတ်ဘီလူးမင်း၊ ခန္ဓာနှင့် နာမ် မခွဲနိုင်တော့ သည့် အခါ ဝိညာဉ် ပေးအပ်ပါမည်ဟု သင့်အား ကတိကဝတ် ပေးအပ်ထား သည့် အတိုင်း ရိုးမရွာသား ဖိုးထောင်၏ ဝိညာဉ်အား ပေးအပ်ပါသည် ။ အကျွန်ုပ် တို့ ရွာအား ချီးမြင့် မြှောက်စားသော အနေဖြင့် သေသူ၏ ဝိညာဉ်အား လာရောက် သိမ်းယူ ချီးမြှင့်လှည့်ပါတော့ အရှင်တောင်စောင့် နတ်ဘီလူးမင်း"

နတ်ဆရာကြီးသည် ဂါထာရွတ်ဆိုခြင်း တတွတ်တွတ် တောင်းပန်ခယ ပူဇော်ခြင်းများ အားရပ်ပြီး တိတ်ဆိတ်စွာ စောင့်ဆိုင်း၏။ အကဲနှင့် ရွာသူ ရွာသားများ အားလုံးသည် လည်း ခုနကအတိုင်း အသံမထွက်ရဲ မလှုပ်ရှားရဲဘဲ ငြိမ်သက် စောင့်ကြည့်နေကြလျှင် လေတိုးသံ ခပ်သဲ့သဲ့မှလွဲ၍ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်သွား၏။ ပတ်ဝန်းကျင်မှ အသံများ တိတ်ကျသွားချိန်တွင် အကဲဦးကောင်းလှ၊ ပန်းမြတ်၊ ခင်ဦးနှင့် မော

င်မင်းမှ အစပြုကာ ရိုးမရွာသူ ရွာသားများ ၏ ရင်ခုန်သံများမှာ တစ်စ ထက်တစ်စ ကျယ်လောင်လာ၏။ အားလုံးသည် စားပွဲပေါ်က ငြိမ်သက် တောင့်ခဲနေသည့် နှလုံးသားအား လည်းကောင်း အသက်ကင်းမဲ့နေသ ည့် အလောင်းကြီးအား လည်းကောင်း အသက်ပင် ရဲရဲမရှူရဲဘဲ ရင်တ ထိတ်ထိတ် စောင့်ကြည့်နေကြသည် ။

အချိန်တွေကြာလာ၏။ ကြာသထက် ကြာလာ၏။ ကြာသင့်သည့် အ သံထက် ပိုကြာလာလျှင် အကဲဦးကောင်းလှ မျက်ခုံးတွေ တွန့်ကွေးလျက် နတ်ဆရာကြီးအား ကြည့်၏။ နတ်ဆရာကြီးသည် အကဲအား တစ်စုံတစ် ရာ တုံ့ပြန် အချက်ပြနိုင်ခြင်း မရှိ။ ဘယ်တုန်းကမှ ဆံပင် မပေါက်ဖူးခဲ့ သလို ပြောင်တင်းနေသည့် သူ့နဖူးကြောကြီးများ တွန့်လိပ်နေသည် အ ထိ နားမလည်နိုင် ဟန်ဖြင့် အလောင်းအား စူးစမ်းရင်း ကြည့်နေသည် ။ အလောင်းသည် အသက်မဲ့သော အလောင်းပီပီ ပကတိ ငြိမ်သက်နေ၏။ အချိန်သည် ကြာသင့်သည့် အချိန်ထက် အဆပေါင်းများ စွာ ကြာမြင့် လာ သည့် နောက် အကဲဦးကောင်းလှ ထိုင်နေရာမှ ထရပ်ရန် ဟန်ပြင် လိုက်သည် ။ သို့သော် နတ်ဆရာကြီး ဦးငရဲက မသိမ သာခေါင်းယမ်း တားဆီးလိုက်သည့် အတွက် မရပ်မိတော့ဘဲ ပြန်ထိုင်လိုက်၏။ အကဲဦး ကောင်းလှ၏ လှုပ်ရှားမှု သေးသေးလေးမှ လွဲ၍ အရာရာသည် ပကတိ ငြိမ်သက် တိတ်ဆိတ်နေဆဲဖြစ်ရာ ...၊

"မင်းဘိုးအေ ဘီလူးက မလာတော့ဘူးကွ"

ဟင် ...

အားလုံးအကြည့်များ အသံလာရာဆီ အလန့်တကြား ရောက်သွား ကြ၏။ အလောင်း မီးသင်္ဂြိုဟ်မည့် စင်ကြီးဘေး မြေပေါ်မှာ မုဆိုးဒူး ထောက် ထိုင်နေသည့် နေပြင်းသည် သူ့ဆီ ဝိုင်းအုံ ရောက်လာသည့် အ

လန့်တကြား နိုင်လှသော ပြူးကျယ် ဝိုင်းစက်နေသည့် မျက်လုံးများအား မျက်ခုံး ခပ်တွန့်တွန့်ဖြင့် ပြန်ကြည့်သည် ။ ခုနက အလောင်းဆီ အာရုံထား စူးစိုက်ကြည့်နေကြသော ရွာသူရွာသား အားလုံး၏ အကြည့်မှာ နေပြင်းဆီမှာ သပ်စွဲသွားကြ၏။ နတ်ဆရာကြီး ဦးငရဲနှင့် အကဲဦးကောင်းလှတို့ အပါအဝင် ပန်းမြတ်၊ ခင်ဦးနှင့် အတူ မောင်မင်းကိုယ်တိုင်ပင် နေပြင်းအား အချိန်မရွေး ထပေါက်ကွဲနိုင်သည့် မီးတောင်ကြီးအား ငေးကြည့်သကဲ့သို့ စိုက်ကြည့်နေမိသည် ။ နေပြင်းကလည်း သူ့ကိုဘာကြောင့် ဝိုင်းကြည့်နေကြမှန်း သိနေလျက် တစ်စုံတစ်ရာအား စိန်ခေါ်သော အကြည့် ထိမထင် မျက်နှာပေးတို့ ဖြင့် စောင့်ဆိုင်းနေ၏။ ထိုစဉ် ...

"ဂျွတ် ... ဂျွတ်"

မုဆိုးကြီး ဖိုးထောင်ဆီမှ ထွက်လာသည့် အသံ ... ။ အလောင်းကြီးသည် အရိုးကျိုးသံ တဂျွတ်ဂျွတ်ဖြင့် လဲလျောင်းနေရာမှ ငုတ်တုတ် ထထိုင်နေပြီ ဖြစ်၏။ အလောင်းကြီး ငုတ်တုတ် ထထိုင်လာတာကို မြင်ရလျှင် အသုဘလွင်ပြင်မှာ ရှိရှိသမျှသော လူတိုင်းလူတိုင်းသည် အလွန် ခက်ခဲပင်ပန်းလှသော ခရီးရှည်ကြီးကို ဖြတ်သန်း လာပြီးမှ လွတ်မြောက်ရာ တွေ့လိုက်ရသကဲ့သို့ စိတ်ပေါ့ပါး သွက်လက်စွာဖြင့် ဟူးခနဲ သက်ပြင်းမော ကိုယ်စီချလိုက်ကြသည် ။ အလောင်းကြီးသည် ဝိညာဉ်အပ်ပွဲမှာ ကြုံနေကျ ထုံးစံအတိုင်း သူ့ရှေ့မှာ ချပေးထားသည့် လူသေနှလုံးသားအား မြိန်ရေရှက်ရေ စားသုံးနေလေသည် ။

* * * * *

## အခန်း(၄)

"ဝေါင်း"

ဒဏ်ရာတွေ ဆေးထည့်ပေးရန် လှမ်းနေသည့် သူ့လက်တွေ လေထဲတင် ရပ်တန့်သွား၏။

"မင်းသွေးထွက် လွန်နေပြီကွ ... ဒဏ်ရာကို အချိန်မီချုပ်မှ မင်းအသက်ရှင်မှာ ၊ ခုလို ကျုပ်ကို ရန်မူနေဦးမယ် ဆိုရင် မင်းသေသွားလိမ့်မယ် ... မင်းမရှိတော့ရင် မင်းကလေးတွေကို ဘယ်သူ စောင့်ရှောက်မှာ လဲဟင် ... မင်းကို ကိုက်လိုက်တာ ဘာကောင်လဲ၊ ဘာကောင်ပဲဖြစ်ဖြစ် မင်းကိုယ်ကနေ ကလေးတွေရဲ့ အနံ့ကိုရမှာ ပဲ ... မင်းမရှိတော့ရင် အဲဒီ အကောင်က ကလေးတွေကို လာဒုက္ခပေး နိုင်တယ်၊ သိလား"

လက်တစ်ကမ်းအကွာမှာ ရှိနေသည့် ကျားမကြီးက နာနာကြည်းကြည်း ဟိန်းလိုက်သည့် တိုင် သူ့အသံက အေးဆေးတည်ငြိမ်လျက် ကြောက်ရွံ့မှု နည်းနည်းမှ မရှိ။ မိခင်ကျားမကြီးနှင့် တစ်သွေး တစ်ရောင်တည်း တူသည့် ဖြူနုသော အမွေးအမှ င်များ ဖြင့် အလွန်ချစ်စရာကောင်းလှသည့် ကျားပေါက်လေး သုံးကောင်သည် သူ့အနားမှာ တို့ ထိနမ်းရှိုက်သည့် အကောင်ကနမ်း၊ သူ့ခြေရင်းက ဝင်ခွေတဲ့ ကောင်က ခွေနှင့် သူ့အနားမှာ ဝိုင်းနေကြသည် ။ ဒါကိုပင် ကျားဖြူမကြီးက သူ့ကလေးတွေအား သူတစ်ခုခု လုပ်လိုက်မှာ စိုးရိမ်လျက် ဒဏ်ရာ

အကြီးအကျယ် ရထားလျက်က ရှိသမျှခွန်အားလေးနှင့် ဟိန်းဟောက် ပြနေခြင်း ဖြစ်၏။ သူ့ကလေးတွေဆီ ဝေ့ဝဲရောက်သွားသည့် ကျားဖြူမကြီး အကြည့်ကြောင့် သဘောပေါက်သွားသည် ။ ကျားပေါက်လေးတွေအား ညင်သာစွာ ကောက်ကိုင်၍ ကျားမကြီး၏ ဒဏ်ရာမရှိသည့် ခေါင်းနားသို့ တိုးကပ်ပေးလိုက်၏။

"ကျုပ် မင်းကလေးတွေကို ဘာမှ မလုပ်ဘူး ... မင်းကိုလည်း ဒုက္ခပေးမယ့် လူ မဟုတ်ဘူး ၊ ကလေးတွေ မင်းနားမှာ ပဲ ရှိတယ် ... နော်၊ ကျုပ်ဒဏ်ရာ တစ်ချက်ကြည့်မယ် ... ဟုတ်လား"

သူသည် ကျားမကြီးအား အကြည့်ချင်းဆုံလျက် လူတစ်ယောက် စကားပြောသလို ညင်ညင်သာသာ ချော့မော့ပြောသည် ။ ပြီးတော့ ဒဏ်ရာဆီ လက်မလှမ်းသေးဘဲ ကျားမကြီးအား စိုက်ကြည့် အကဲခတ်၏။ ကျားပေါက်လေးတွေက သူပြောနေတာတွေကို သိ နေသကဲ့သို့ သူတို့ အမေအား ပွတ်သပ်တိုးဝှေ့လျက် လက်ခံလိုက်ဖို့ တိုက်တွန်း နေကြသလိုဖြစ်သည် ။ သူနှင့် အကြည့်ချင်း ဆုံနေစဉ်မှာ ပင် ကျားမကြီး မျက်လုံးထဲမှာ ရန်လိုသည့် အမူအရာများ မရှိတော့။ စိတ်လျှော့လိုက်တာလား ... ပြင်းထန်သည့် နာကျင်မှုကြောင့် လား မြေပေါ်သို့ ခေါင်းလဲကျ သတိလစ်သွားသည် ။

ဟင် ...

သူစိုးရိမ်သွား၏။ ခုနကတည်းက သွေးထွက်လွန်နေပြီမှန်း သိလို့ သူအရဲကိုးပြီး အနားကပ်ဖို့ ကြိုးစားနေတာ ဖြစ်သည် ။ အသက်ရှူသေးလား စမ်းကြည့်တော့ လေငွေ့လေး ပျော့ပျော့ ရှူသွင်း နေသေးတာ သတိထားမိသည် ။ စိတ်ချလို့ မရ အခြေအနေက အချိန်မရွေး အသက် ထွက်သွားသည့် အခြေအနေ။ ဗိုက်မှာ ရော ညာဘက်ပေါင်ရင်းမှာ ပါ ရှိနေ

သည့် ကိုက်ရာဒဏ်ရာများကြောင့် သွေးတွေ မြေပေါ်မှာ ချောင်းစီးနေသည် ။ သူ့အစက ဒဏ်ရာကို ဝါးနဲ့ လုပ်ထားသည့် အပ်ဖြင့်ချုပ်ရန် ပနောင်ပပင်လို့ ခေါ်သည့် ပင်စည်အား သွေးလိမ်းပါက အသားတွေ ထူပူကျိန်းစပ်နေသည့် ဆေးဖြင့် ထုံအောင်ပြုလုပ်ပြီး မနာအောင် လုပ်ပေးရန်စသော အစီအစဉ်များအား မြေပေါ်မှာ အိုင်ထွန်းနေသည့် သွေးများအားကြည့်ပြီး စိတ်ကူးပြောင်းသွား၏။ ဒီအချိန်မှာ သွားချုပ်လိုက်ရင် သွေးပိုထွက်လာနိုင်သည် ။ ထို့ပြင် ဆေးလိမ်းထား၍ နာကျင်မှု တစ်ဝက်လျော့ရင်တောင် နာတော့နာမှာ ပင်။ ထိုနာကျင်မှုကြောင့် ရုန်းရင်းဆန်ခတ်ထလုပ်ပြီး သူ့ကိုအနား ကပ်မခံတော့ မှာ လည်း စိုးရသေးသည် ။

"သွေးခဲအောင် လုပ်ရမယ် ... သွေးထွက်နေတာ အမြန်ဆုံး ရပ်အောင် လုပ်မှ ဖြစ်မယ်၊ သွေးမတိတ်ရင် သေသွားလိမ့်မယ်"

ဘာလုပ်ရမလဲ စဉ်းစားနေပြီး သူတစ်ယောက်တည်း စိတ်ပူပန်စွာ စကားတွေ ပြောနေမိ၏။

"ဟော့ ... ဟော့ အမေ့နားပဲ နေကြ"

ဆော့ကစား နေကြသည့် ကျားပေါက်လေး နှစ်ကောင်အား ကျားမကြီးအနားမှာ ထားပေးဖို့ လုပ်ပြီးမှ ဒဏ်ရာနား သွားနေမှာ လည်း စိုးသည် မို့ ဘေးလွတ်ရာ ဂူထဲ သွားထည့်ထားလိုက်သည် ။ ပြီးတော့ သွေးခဲစေသည့် ဆေးရွက်များ အမြန်ဆုံးပြေးရှာပြီး ထုထောင်း အုံပေးသည် ။ ကျားမကြီးကိုယ်မှ သွေးများအား ဆေးကြော သုတ်သင်ပေးသည် ။ အခြေအနေ စောင့်ကြည့်ပြီး လိုအပ်တာတွေ တောက်လျှောက် လုပ်ပေးနေမိရာ နေစောင်းလာတာကိုပင် စောင်းမှန်း မသိလိုက်။ နေဝင်အိပ်တန်းတက်နေသည့် ကျေးငှက်လေးတွေရဲ့ အသံများ အုပ်စုဖွဲ့ပျံသန်းလာကြသည့် ငှက်အုပ်တို့ အသံများ တောနေ သတ္တဝါအပေါင်းတို့

လှုပ်ရှားသံများ သည် ရသေ့တောင် ပတ်ပတ်လည် စည်ကား သိုက်မြိုက်စွာ ထွက်ပေါ်လာမှ မိုးချုပ်တော့မှာ ကို သတိထားမိသည် ။

"ဟာ ... အဘ အဓိဋ္ဌာန်ထွက်မယ့် အချိန်ရောက်နေပြီပဲ"

ခုနက အလုပ်ရှုပ်သည် ထက် ပိုပြီး အလုပ် များ သွား၏။ ကျားမကြီး အတွက် ရေပြင်ဆင် ပေးခြင်း ကျားပေါက်လေးတွေ ကျားမကြီးဆီ သွားမရအောင် တားဆီး ပြင်ဆင်ပေးခြင်း။ ထို့ပြင် ကျားပေါက်လေးတွေ သောက်ရန် သမင်တစ်ကောင်ရဲ့ နို့သွားယူပေးခြင်း များအား အချိန်အနည်းငယ် အတွင်းပြီးအောင် လုပ်၍ ကျားမကြီးနှင့် ကျားပေါက်လေးတွေ ရှိသည့် ကျောက်ဂူအား ပိတ်ရန် ကျောက်တုံးကြီးကြီး ရှာပြီး တံခါးအလုံပိတ်ရသည် ။ အားလုံးပြီးစီးလို့ အဘနှင့် သူနေသည့် ဝါးတဲကို ပြန်လာတော့ တောင်တန်းတွေပေါ်မှာ မေးတင်နေသည့် လိမ္မော်ရောင် ရဲရဲနီနေသော ကြီးမားပြည့်ဝန်းသည့် နေမင်းသည် တစ်ညတာခွဲ ခွာဖို့ လောကကြီးကို နှုတ်ဆက်နေပြီ ...၊

မဖြစ်ဘူး ... နေဝင်လို့ မဖြစ်သေးဘူး ... ။ နေမဝင်ခင် အဘကို သွားခေါ်ရမည်။ အဘကို သွားမခေါ်ခင် အဘရေချိုးဖို့ နားဖို့ ပြင်ဆင်ရမည်။ ပြီးရင် အဘကို တောင်ပေါ်တက်ပြီး သွားခေါ်ရမည်။ မိုးချုပ်သွားပါက အဘအတွက် သူနေ့စဉ် လုပ်ပေးနေကျ ဝေယျာဝစ္စများ ပျက်ယွင်း လိမ့်မည်။

"နေပါဦးနေမင်း ... ကျုပ်အဘ အဓိဋ္ဌာန် ထွက်ရင် စားဖို့ သောက်ဖို့ ရေချိုးဖို့ ဘာမှ မစီစဉ်ရ သေးဘူး၊ မင်းဝင်သွားလို့ မရသေးဘူး ... ကျုပ်ပြင်ဆင်ပြီးတဲ့ ထိ စောင့်ဦး"

အဝေးကြီးမှာ ရှိနေပေမဲ့ ဝိုင်းဝိုင်းစက်စက် ပြည့်ပြည့်ဝန်းဝန်း ရှိလှသော နေဝင်ဆည်းဆာရဲ့ နေမင်းအား လူတစ်ယောက်လို စကားလှမ်း

ပြောမိ၏။ တောင်းပန်နေခြင်း မဟုတ် စိတ်ဖောဖြင့် ပြောမိပြောရာ ပြောနေခြင်းလည်း မဟုတ်။ သူ့ဟန်ပန်သည် သူပြောရင် ဘာမဆို ဖြစ်လာမည်ဟု ယုံကြည်မှုအ ပြည့်ရှိနေသည့် ဟန်ပန်မျိုး။ ကောင်းကင်က နေမင်းအား လက်အောက်ငယ်သား တစ်ဦးလို အမိန့်ပေး စေခိုင်းနေသည့် ဟန်ပန်မျိုး။ နေ့၊ ရက်၊ နေ့၊ ည၊ နေမင်းနှင့် လဝန်းတို့ သည် အချိန်ကာလ စက်ဝန်းအတိုင်း ရွေ့လျားသွား လာနေခြင်း ဖြစ်သော်လည်း အချိန်နှင့် ဒီရေသည် တခြားအရာတွေကို မစောင့် သည့် တိုင် သူ့ကစောင့်စေလိုရင် သူ့ကိုတော့ စောင့်လိမ့်မည်ဟု ယုံကြည်နေ သည့် ဟန်မျိုး ဖြစ်သည် ။

"မောင်ရင် သံသယကင်းကင်း ယုံကြည်တဲ့ အရာတိုင်း အမှန်တကယ် ဖြစ်လာလိမ့်မယ် စကြာ"

သူ့အား အဘရသေ့ပြောခဲ့သည့် စကားဖြစ်သည် ။ အဘသည် စကား ပြောခဲလှပြီး အရေးကြုံမှ ပြောသင့်မှ သာ မှန်ကန်သော စကားကို ပြောတတ်သူ ဖြစ်၏။ သို့သော် အရာရာတိုင်းအား သူ့စိတ်တိုင်းကျ ဖြစ်စေနိုင်သည် ဆိုသော ယုံကြည်ချက်မှာ အဘပြောခဲ့သည့် စကားကြောင့်ပဲ မဟုတ်။ သူ့နှလုံးသား အတွင်းကျကျထိ သိနေ ယုံကြည်နေသည့် ယုံကြည်မှုဖြစ်သည် ။

နေမင်းအား လှမ်းပြောပြီးသည် နှင့် သူအမြန်ဆုံး လှုပ်ရှားတော့သည် ။ အဘမနက်စာစားဖို့ သစ်သီးရှာခြင်း၊ ရေချိုးရန် တောင်ခြေရှိအမရာ မြစ်ရေအား တောင်ခါးပန်းက သူတို့ နေသည့် ကျောင်းဆောင်လေး ရှိရာသို့ ခပ်ယူခြင်း၊ အဘအိပ်စက်ရာ အိပ်ရာနှင့် ကျောင်းဆောင်အနီး ပတ်ဝန်းကျင်အား အမှိုက်များ လှည်းကျင်း ပြင်ဆင်ခြင်းများအား အမြန်ဆုံး ပြီးအောင် လုပ်သည် ။ အားလုံးပြီးတော့

တောင်ပေါ်ကို အမြန်တက်ရပြန်၏။ တောင်ပေါ်ရှိ အဘတရားအား ထုတ်သည့် ကျောက်ဂူကြီး ရှေ့က ဂူပေါက်အား ပိတ်ထားသည့် ကျောက်တုံးကြီးရှေ့ ရောက်မှ သူစိတ်အေး လက်အေး သက်ပြင်းချမိကာ နေမင်းအားမော့ ကြည့်ပြုံးမိ၏။ နေမင်းသည် တောင်စောင်းမှာ ခုနကအတိုင်း ပြည့်ပြည့်ဝန်းဝန်း ရှိနေဆဲ ...၊

"ကမ္ဘာတစ်ခြမ်းက လူတွေ မင်းကို စောင့်နေရောပေ့ါ ... မင်းသွားလိုရာ သွားလို့ ရပြီ"

သူ ကျောက်ဂူရှေ့က ကျောက်တုံးအားအား အပြည့်ဖြင့် တွန်းဖယ်လိုက်၏။ ကျောက်တုံးသည် ဆယ်ပေပတ်လည်ခန့်ရှိပြီး လေးလံသည့် ကျောက်တုံးကြီး ဖြစ်သော်လည်း ညင်သာစွာဖြင့် အသံတိတ်ဘေးသို့ ရွေ့လျား သွားသည် ။

"အဘ ... အဘရေ၊ အခ်ိဳ္ဘာန်ပြည့်ပြီ"

သူ့ အော် သံ အ ဆုံး မှာ အလင်းရောင် ဖျော့ဖျော့ကျန်သည့် နေဝင်ဆည်းဆာ တစ်ခုလုံး တိတ်ဆိတ် သွားသည် ။ ခဏကြာလျှင် ညင်သာစွာ လှုပ်ရှားလာသည့် လှုပ်ရှားမှုလေးတစ်ခု ကျောက်ဂူ အတွင်းမှ တရွေ့ရွေ့ ထွက်လာသည် ။

"အဘ"

သူ အဘအား ေးကြည့်ရင်း ခပ်တိုးတိုး ခေါ်မိသည် ။ အဘ၏ အသွင်သဏ္ဍာန်မှာ ကြည်ညိုချင်စရာ ကောင်းလှ၏။ ကျောက်ဂူထဲမှာ လေးဆယ့်ငါးရက်တိတိ မစားမသောက်ဘဲ တရား အားထုတ်နေသည့် အဘသည် ပိန်ချုံး အားပြတ်နေရမယ့်အစား အသားအရေမှာ ကိုယ်ရောင် ကိုယ်ဝါများ တောက်ပ နေသကဲ့သို့ လင်းနေသည် ။ ကိလေသာကင်းပြီး တည်ငြိမ်နေသည့် မျက်လုံးများမှာ အေးချမ်းလှ၏။ ဖန်ရည်စွန်းသည့်

သက်န်းဖြင့် အဘသည် သူတော်စင် တစ်ပါး ရယ်လို့ အထူးပြောဖို့ မလို ။ မြင်သူတိုင်း ခြေတုပ် လက်အုပ်ချီချင်လောက်အောင် အသွင်သဏ္ဍာန် ထူးခြား နေလေသည် ။

"အဘ ... ကျုပ် ဒီနေ့နည်းနည်း နောက်ကျသွားတယ်"

သူ ကျားဖြူမကြီး အကြောင်းပြောဖို့ စလိုက်ပြီးမှ အဓိဋ္ဌာန်အောင်ပြီး တည်ငြိမ်အေးချမ်း နေသည့် အဘအား စိတ်အနှောင့်အယှက် ပေးမိ သလိုဖြစ် မည်စိုး၍ ဆက်မပြောဖြစ်တော့။ ထုံးစံအတိုင်းပင် အဘသည် သူ့ရှေ့က အေးဆေးညင်သာစွာ လမ်းလျှောက် သွားသည့် တိုင်၊ သူက ခပ်သွက်သွက်လျှောက် လိုက်နေသည့် တိုင် အဘကို မီရုံသာမီပြီး အမြဲ လိုလိုလို သူက အဘနောက်က ကျန်နေခဲ့၏။ တောင်ပေါ်ကနေ ကျောင်း သခ်မ်းငယ် ရှိရာသို့ တောလမ်းလေး အတိုင်း နှစ်ယောက်သား လမ်းလျှောက် လာကြစဉ် တစ်နေရာ အရောက်မှာ အဘ ခြေလှမ်း ရပ် သွားပြီး တစ်နေရာသို့ လှမ်းငေး ကြည့်သည် ။ သူအဘကြည့်ရာသို့ လှမ်းကြည့်မိတော့ သက်ကယ်ဆေးပင်လို့ သူဓားနဲ့ ထွင်းပြီး ရေးထားသ ည့် သစ်ပင်အား လှမ်းကြည့်နေခြင်း ဖြစ်သည် ။ ရသေ့တောင်နှင့် အနီး တစ်ဝိုက်မှာ သက်ကယ်ဆေးပင် အနည်းအကျဉ်းသာ ရှိသည် ။ သူက ထိုဆေးပင်များအား သူနေသည့် ရသေ့တောင်သို့ မျက်စိလည်လမ်းမှား ရောက် လာပြီး တစ်စုံတစ်ရာ ဒဏ်ရာ ရသည် ဖြစ်စေ ရောဂါရသည် ဖြစ်စေ လူတွေတောထဲမှာ ဒုက္ခရောက် ပါက ဆေးအဖြစ် သုံးနိုင်အောင် စာရေး ပေးထားခြင်းဖြစ်သည် ။

"ဘာဖြစ်လို့ လဲအဘ"

"စာမရေးရသေးတဲ့ သက်ကယ်ဆေးပင်တွေ ကျန်သေးလား"

"ဟုတ်ကဲ့ ... အဘ၊ တောင်ခြေမှာ ကျန်သေးတယ် ... ဘာဖြစ်လို့ လဲ

အဘ"

အဘဆီမှ ခဏတာ တိတ်ဆိတ်နေ၏။

"မောင်ရင် လုပ်စရာရှိတဲ့ အလုပ်တွေ ဒီရက်ပိုင်း အကုန်ပြီးအောင် လုပ်ထားပါ"

"ဟုတ်ကဲ့ ... အဘ"

ခေါင်းသာ ညိတ်လိုက်ရသည် ။ အဘ ဘာကြောင့် ခုလိုပြောလဲ နားမလည်ပါ။ အကြောင်း တစ်ခုခုရှိလို့ သာ လုပ်ခိုင်းတာ ဖြစ်ရမည်ဟု တွေးရင်း သက်ကယ်ဆေးပင်တွေ အားလုံးကို မနက်ဖြန်ပဲ စာအပြီး ရေးရန်နှင့် သူတခြားဘာ များ လုပ်စရာတွေ ကျန်သေးလဲ စဉ်းစားနေမိသည် ။

"စကြာ"

"ဗျာ ... အဘ"

"ဒီနေ့ည မောင်ရင့်ဆီ လူတစ်ယောက် ရောက်လာလိမ့်မယ် ... မောင်ရင် သူနဲ့ လိုက်သွားရမယ်"

သူ ရင်ထဲ ထိတ်ခနဲ ဖြစ်သွား၏။

"ဘယ် ... ဘယ်သူလဲအဘ"

ရသေ့ကြီးသည် သူ့ကိုမျှော်လင့်တကြီး ကြည့်နေသည့် စကြာမျက်လုံးအား စိုက်ကြည့်ရင်း စကြာ၏ ရင်ထဲကို လှမ်းမြင်သကဲ့သို့ လေးပင့်စွာ ခေါင်းခါရမ်း၏။

"သူက မောင်ရင့် မွေးသဖခင် မဟုတ်ဘူး "

ရှည်မျောမျော သက်ပြင်းမော တစ်ခုအား ညင်ညင်သာသာ ချမိရင်း

သူ့အဘအား ခေါင်းညိတ် ပြလိုက်မိသည် ။

"ဟုတ်ကဲ့အဘ ... ဒါနဲ့ ကျုပ်က ဘာလို့ သူ့နောက် လိုက်သွားရမှာ လဲ အဘ၊ အဘကရော"

"ကျုပ်က မောင်ရင့်ကို စောင့်ရှောက်ပေးရမယ့် သူပဲ ... ကျုပ်တာဝန် ပြီး ဆုံးပြီလေ"

သူတစ်သက်နဲ့ တစ်ကိုယ် မခံစားခဲ့ဖူးသော သောကသည် သူ့ရင်ထဲ တိုးဝင်လာ၏။ 'ကျုပ်က မောင်ရင့်အဘ မဟုတ်ဘူး ... ကျုပ်က မောင်ရင့်ကို စောင့်ရှောက်ပေးရမယ့်သူ'ဆိုသည့် စကားသည် သူလူမှန်း သိတတ်စအရွယ် ကတည်းက အဘပြောနေကျ စကားဖြစ်သည် ။ လူသူ ကင်းဝေးသည့် တောနက်နက်မှာ နေထိုင်ကြီးပြင်းခဲ့ရသည့် သူ့အတွက် အဘတစ်ယောက်သာ ခင်တွယ်ရာ ရှိသည် ။ အဘကလွဲပြီး သူတွေ့ဆုံ ဖူးသည့် လူသားဟူ၍ တစ်ခါတလေ မျက်စိလည် လမ်းမှားပြီး ရောက် လာတတ်သည့် ထင်းခုတ်သမားနှင့် မုဆိုးများ သာရှိ၏။

သူသည် သူ၏ တစ်ဦးတည်းသော ခင်တွယ်ရာ အဘရသေ့အား ထားခဲ့၍ သူစိမ်းတစ်ဦး၏ နောက်ကို ဘယ်လို အကြောင်းကြောင့် လိုက် သွားရမှာ လဲ ... ။

"ဒါပေမဲ့ ကျုပ်အဘကို ဘယ်လိုထားခဲ့နိုင်မှာ လဲ ... ကျုပ် မရှိရင် အဘကို ဘယ်သူက ပြုစု စောင့်ရှောက် ပေးမှာ လဲ၊ အဘ ဝေယျာဝစ္စတွေ ကို ဘယ်သူ လုပ်ပေးမှာ လဲ"

အဘသည် သူ့မေးခွန်းတွေကို ပြန်မဖြေဘဲ ညင်သာစွာ လမ်းဆက် လျှောက်သွား၏။ ဒီလိုပါပဲ သူမေးသည့် မေးခွန်းတိုင်းအတွက် အဘဆီ က အဖြေပြန်မရတတ်ပါ။ သဘောက ဘယ်လို ဘာအကြောင်းပဲ ရှိပါ စေ သူသည် အဘကိုထားခဲ့ပြီး ဒီရသေ့တောင်က ထွက်ကို ထွက်သွားရ

မည် ဆိုသည့် သဘောပင်ဖြစ်သည်။

ဘာကြောင့် လဲ ...

သူ့ဆီ ဒီနေ့ရောက်လာမည့် လူက ဘယ်သူလဲ ... သူက ဘာကြောင့် လိုက်သွားရမှာ လဲ ...။

* * * * *

# အခန်း(၅)

လေပြည်အေးကြောင့် လှုပ်ခတ်သွားသော သစ်ရွက်သစ်ခက်များ ၏ လှုပ်ရှားသံ၊ ညဥ့်ငှက်တို့ ၏ အသံ၊ ညဥ့်နက်နက်တောအား စည်ကားစေသည့် ညပိုးကောင်ငယ်တို့ ၏ ကျိုးကျိုးကျစ်ကျစ် သာယာနေသည့် အသံများ အားလုံး သူ့သောတအာရုံမှာ ကျယ်သထက် ကျယ်လာကြ၏။ ဟိုတွေးဒီတွေးဖြင့် အိပ်မရဖြစ်နေ၍ တရားထထိုင် နေမိသည် ဖြစ်ကာ သူ့စိတ် တည်ငြိမ်လာသည် နှင့် အမျှ တော၏ ညသံသည် ပိုပိုပြီးကျယ်လာသည် ။ ရသေ့တောင် တစ်ဝန်းလုံး တင်မက ဟိုးအဝေးဆီက အမရာမြစ်ကြောင်း အဆုံးက အဘသူ့အား မသွားရန် တားမြစ်ထားသည့် ဒန္တာမြစ်နှင့် ဆုံရာ မြစ်လက်တက်ဆီ ထိပါ သူ့အာရုံလွင့်ပျံ့နေသည် ။ အမရာမြစ်နှင့် ဒန္တာမြစ်ဆုံရာ နေရာတွင် အဝါရောင် အမရာမြစ်ရေနှင့် မည်းညစ်ညစ် ဒန္တာမြစ်ရေတို့ သည် မျဉ်းတစ်ကြောင်း တားထားသကဲ့သို့ ပေါင်းဆုံနေကြ၏။ ရသေ့တောင်ကနေ တောင်ဘက်ရှိ တောင်တန်းများ ဖြစ်သော မဟော်သဓာတောင်၊ သုဒ္ဒတောင်၊ ဂန္ဓာရီတောင်စသည့် တောင်စဉ် တောင်တန်းတစ်လျှောက် သူမရောက်ဖူးတဲ့ နေရာမရှိအောင် ခြေဆန့်သွားခဲ့ဖူး သော်လည်း အဘ၏ တားမြစ်ချက်အရ ဒန္တာမြစ် တစ်ဖက်ကို သူမရောက်ဖူးပေ။ အဘကပြောလျှင် ဘာဖြစ်ဖြစ် ခေါင်းညိတ်နာခံမိသည့် အကျင့်အတိုင်း သွားဖို့ လည်း စိတ်မကူးခဲ့သလို ဟိုဘက်မှာ ဘာတွေရှိလဲလို့ တွေးလည်း တွေးမကြည့် ခဲ့ဖူးပေ ...၊

"အူး … ဝူး"

ဆွဲဆွဲငင်ငင်အူနေသည့် ခွေးအများ ၏ အူသံသည် သူသွားခွင့်မရှိသော ဒန္တာမြစ်တစ်ဖက်က လာနေခြင်း ဖြစ်၏။ ခွေးအူသံသည် ဝမ်းပမ်းတ နည်းဆွဲဆွဲငင်ငင်ဖြင့် မပြီးနိုင်မဆုံးနိုင် ကြားနေရသည် ။ သူသည် ငယ်စဉ်ကတည်းက အဘအဆုံးအမ အသွန်အသင်ဖြင့် နေထိုင်ခဲ့ရာ တရား အားထုတ်ရာ မှာ လည်း ကျွမ်းကျင်နေပြီ ဖြစ်၏။ သူ၏ အကြားအာရုံသည် ပုံမှန်ဆို တစ်ဂါဝုဒ် ခန့် ကြားနိုင်ပြီး စိတ်တည်ငြိမ် နေချိန်များမှ ယူဇနာဝက်ထိ ကြားနိုင်သည် ။ အဘအပြောအရ သူ့မှာ သောတဒိဗ္ဗ ဉာဏ်ရှိသည် ။ သူသာ ကြိုးစားမည်ဆို ပါက စိတ်မှန်းသည့် နေရာက အသံတွေထိပါ ကြားနိုင်လိမ့်မည်ဟု ဆိုသော်လည်း ခုထိသူ့အခြေအနေက တိုးတက်သေးပုံမရပေ။

အကြောင်းက ခွေးအူသံ များကြောင့် ဒန္တာမြစ်တစ်ဖက်က အသံတွေကိုကြားဖို့ အာရုံ စူးစိုက်ကြည့်နေမိ သည့် တိုင် ဘာထူးခြားမှုမှ မရှိ။ ဘာအသံမှ မကြားရသောကြောင့် ဖြစ်သည် ။

သူ့စိတ်သည် ဆက်လွင့်နေဆဲ ဖြစ်၏။ တိတ်ဆိတ်မှုသည် နက်သထက် နက်လာသည် ။ ခုနက ကြားနေရသည့် တော၏ အသံဗလံ အပေါင်းတို့ ဘာဆိုဘာမှ မကြားရတော့။ သူ့စိတ်သည် အထူး တည်ငြိမ်နေသည် ။ ငြိမ်သက် တိတ်ဆိတ်လွန်းလှသည့် အနက်ရောင် ကမ္ဘာထဲသို့ ဝင်မှန်းမသိ တိုးဝင်နေမိမှန်း သူကိုယ်တိုင်ပင် မသိ။ သူသည် ဒန္တာမြစ်တစ်ဖက်က အသံတွေကို မကြားနိုင် တော့ခြင်း မဟုတ်ဘဲ တိတ်ဆိတ်မှု အတွင်းသို့ တိုးဝင်ရင်းတိုးဝင်ရင်းဖြင့် ဒန္တာ မြစ်တစ်ဖက်က အပ်ကျသံမျှ မရှိသော ဆိတ်ငြိမ် ခြောက်ကပ်လွန်းသည့် အသံ မရှိသော တောအုပ်အတွင်းသို့ ထဲထဲဝင်ဝင် ရောက်နေခြင်းဖြစ်ရာ …၊

"တထွာ ... တထွာန"

ရုတ်တရက် ကြားလိုက်ရသော အသံတစ်ခု ...။ ညြညြရှရှကြီး အက်ကွဲနေသည့် အသံ။ လူသံဟု ပင် ရုတ်တရက် မသိနိုင်လောက်သည့် အသံကြီး ...

ဘာသံလဲ ... ဒါ ဒါ လူသံလား ...၊ လူတစ်ယောက် ပါးစပ်က ထွက်တဲ့ အသံလား ...၊

"တထွာရေ ... လွှတ်၊ ငါ့ကိုလွှတ်ပေး ... ငါ့ကိုလွှတ်ပေး"

တထွာဆိုသည့် နာမည်ကြောင့် လူသံလား ဘာသံလဲ နားစွင့်နေမိစဉ် လွှတ်ပေး ဆိုသည့် စကားအား ပီပီပြင်ပြင် ကြားလိုက်မှ သာ လူတစ်ယောက် အသံမှန်း ခွဲခြားနိုင်သွား၏။

လူ ... ဟုတ်တယ်၊ လူသံပဲ ... တောထဲမှာ လူတစ်ယောက် ရှိနေတယ် ...

ရုတ်တရက် လှုပ်ရှားသွားသော စိတ်ကြောင့် သူ့အာရုံ ခံစားနိုင်မှု အားလုံး ပျက်ပြယ်သွားကာ သူ့စိတ်သည် တင်ပျဉ်ခွေထိုင်လျက် တရားမှတ်နေသည့် ဝါးကျောင်းဆောင် အတွင်းက သူ့ကိုယ်နှင့် တစ်သားတည်း ပြန်ဖြစ်သွား၏။ တောအုပ်ထဲက အသံများ ၊ လေတိုးသံ၊ သစ်ရွက်လှုပ်သံ၊ အဘရသေ့၏ ဖြည်းဖြည်း မှန်မှန်ရှူနေသည့် ညင်သာသော အသက်ရှူသံများ ပြန်ကြားလာ ရသည် ။

မဟုတ်ဘူး ... မဟုတ်သေးဘူး. လူရှိနေတယ် ... တောထဲမှာ လူတစ်ယောက်ရှိနေတယ်၊ သူဘယ်မှာ လဲ ... ဘယ်နားမှာ ရှိနေတာလဲ ...

သူစိတ်ကို ပြန်စုစည်းပြီး အသံ ပြန်ကြားရမလား နားစွင့်ကြည့်မိသည် ။ မကြားရ ...။ ဘာဆို ဘာမှ ထပ်မကြားရတော့ပေ ...၊

မဟုတ်သေးပါဘူး ... လူတစ်ယောက် ဒုက္ခရောက်နေပြီး အချုပ်အနှောင်ထဲက လွှတ်ပေးဖို့ ပြောနေတာ၊ ငါသွား ကူညီပေးရမှာ ... ဘယ်မှာ လဲ၊ အဲဒီလူ ဘယ်နားလောက်မှာ ဖြစ်နိုင်သလဲ။

စိတ်တွေ မတည်ငြိမ်လေ သူကိုယ့်ကိုယ်ကိုယ် မချင့်မရဲ ပိုမိလေ ဖြစ်၏။ ဘယ်လိုပဲ စိတ်တည်ငြိမ်ဖို့ ကြိုးစားပါစေ ခုနက ကြားလိုက်ရသည့် အသံအား ပြန်မကြားရတော့ ...

"ဟင်း"

သူမချင့်မရဲ သက်ပြင်းချမိလျက် စိတ်ကိုဖြေလိုက်ရင်း အိပ်ရန်ဆုံး ဖြတ်လိုက်၏။ ထိုစဉ် အိပ်ရာပေါ်မှ မျက်လုံးဖွင့်လျက် ရှိနေသည့် အဘကို မြင်လိုက်ရ၍ သူအံ့သြသွားသည် ။ သူတရား မထိုင်ခင် ကတည်းက အဘအိပ် ပျော်နေပြီ ဖြစ်၏။

အဘ နိုးနေတာလား ...

သေချာ အကဲခတ်ကြည့်မှ အဘသည် ဒီတိုင်း နေနေခြင်းမဟုတ်။ အသံတစ်ခုခုအား နားစိုက် ထောင်နေခြင်းဖြစ်သည် ။

အဘလည်း သူကြားတဲ့ အော်သံကို ကြားပြီး နားစွင့်နေတာလား ...

"ကြားလား"

တုံးတိတိ အဘမေးခွန်းအား သူခေါင်းညိတ်မိတော့မလို ဖြစ်သွား၏။ သို့သော် ရုတ်တရက် နားထဲ တိုးဝင်လာသည့် 'အုန်'ခနဲမြည်သံကြောင့် အဘအား အဖြေမပေးနိုင်ဘဲ အသံကြားရာသို့ နားစွင့်ကြည့်မိသည် ။

"အင်း ... ဟင်း ဟင်း"

လေးလံနှေးကွေးသည့် အသက်ရှူသံ ...

"ငါမသေဘူး ... ငါ သေလို့ ... မ ဖြစ်ဘူး၊ ငါမသေ ရဘူး"

ယောက်ျား တစ်ယောက်၏ မပီမပြင် ဗလုံးဗထွေး စကားသံတွေ သူ့နားထဲ ပီပီပြင်ပြင် တိုးဝင်လာ၏။

"ငါ ... မသေ"

အသံ တိတ်ကျသွား၏။ ခပ်တိုးတိုး အသက်ရှူသံပင် မကြားရတော့ပေ။ သူအဘအား မျက်လုံး အကြည့်နှင့် ပင် အသိပေး၍ ကျောင်းသခ်မ်းအတွင်းမှ ပြေးထွက်လာခဲ့သည် ။ အသံကြားရာသို့ မှန်းဆ ပြေးသွားရှာမိသည် ။ လမိုက်ည ဖြစ်သော်လည်း ကျင့်သားရနေပြီ ဖြစ်သော သူ့မျက်လုံးထဲမှာ တော့ တော၏ အမှောင်သည် သူ့အမြင်ကို မဖုံးကွယ်နိုင်ပေ ... ။

အသံလာရာ မှန်းဆလာရင်း မြင်လိုက်ရသော မြင်ကွင်းကြောင့် သူ့ခြေလှမ်းတွေ ရပ်တန့် သွား၏။ မြေပေါ်လဲကျ ငြိမ်သက်နေသည့် လူတစ်ယောက်။ အသက်ရှူသံ လုံးဝ မကြားရ တော့သည် မို့ သူထိုလူ့အား စိုးရိမ်တကြီး ပြေးထူလိုက်၏။ လူနာအား ကျောင်းသခ်မ်းဆီ ပွေ့ခေါ်လာရင်း ခုနက ကြားရသည့် ဒန္တာမြစ်တစ်ဖက်က အသံဆီ အတွေး ရောက်မိပြန်သည် ။

ဘာကြောင့် မှန်းမသိ အော်သံပိုင်ရှင်သည် သူ့စိတ်အား ထူးထူးခြားခြား ဆွဲငင်နေ၏။

* * * * *

## အခန်း(၆)

ရိုးမရှာ အနောက်ဘက်ရှိ တောင်တန်းများအား ဒန္တာတောင်တန်းများ ဟု ခေါ်၏။ ထိုတောင်တန်းများ ပေါ်တွင် နေ့ညမရွေး မြူများ အုပ်ဆိုင်းနေတတ်ပြီး အုံ့ပျက်ပျက် အလင်းရောင် ကျရောက်သည့် အချိန်လေးမှာ အလွန်တို တောင်းလှသည် ။ မြင့်မားသောအပင်၊ အုပ်ဆိုင်းသော အပင်၊ အပင်ကြီး အပင်ငယ် အပေါင်းတို့ မှာ အကိုင်းအခက်တို့ ဝေဝေဆာဆာ အုပ်ဆိုင်းနေသည့် တိုင် သက်ရှိ သတ္တဝါဟူ၍ ပိုးကောင်ငယ်လေးတွေပင်မရှိ။ ငှက်တွေပင်ဖြတ်၍ ပျံသန်းသွားလာခြင်း မရှိကြသော ဒန္တာတောင်တန်း တစ်လျှောက် တိတ်ဆိတ်ငြိမ် သက်ခြင်းတို့ လွှမ်းမိုးလျက် မြူဆိုင်းသည့် ပန်းချီကား တစ်ချပ်ကဲ့သို့ ခြောက်ကပ်ကပ် အသက်ဝင်နေ၏။ တဖြည်းဖြည်း နေညိုလာသည် နှင့် အမျှ မိုက်သထက်မိုက်လာသည့် အမှောင်ထုသည် ထိုခြောက်ကပ်ကပ် အသက်ဝင်မှုအား အပြီးသတ် သုတ်သင်ခြေမှုန်း လိုက်ပြီဖြစ်သည် ။ မိုးထိမြင့်သော တစ်တောင်ပေါ် တစ်တောင် ဆင့်နေသော ဒန္တာတောင်တန်းများ သည် လည်းကောင်း ဒေါသတကြီး ရွေ့လျားနေသော မြူနှင်းများ သည် လည်းကောင်း ပိန်းပိတ်အောင်မှောင်သော အမှောင်ထုအောက်တွင် စုံးစုံးမြုပ် ပျောက်ကွယ် သွားကြ၏။

"တထွာ ... တထွာရေ ..."

ကွဲအက်အက် အော်သံကြီးသည် တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သော်

လည်း အမှောင်ထု ကိုတော့ မတားဆီး နိုင်ပေ ...

"တထွာန ... တထွာရေ"

အမှောင်ထုအတွင်းက အော်သံနက်ကြီးသည် ဆက်တိုက် ထွက်ပေါ် လာနေသည် ။

"တထွာရေ ... တထွာန ငါ့ဆီလာပါတော့၊ ငါ့ဆီ လာပါတော့ တထွာန ... တထွာရေ ... ငါ့ဆီ လာပါတော့၊ ငါ့ကိုလွှတ်ပေး ... မှောင်တယ် မှောင်တယ်၊ မနေချင်ဘူး ... ငါ့ကိုလွှတ်ပေး၊ တထွာန ... ငါ့ကိုလွှတ်ပေး ... ငါ့ကိုလွှတ်ပေး၊ တထွာန ... ငါ့ကိုလွှတ်ပေး"

တဟီးဟီး အော်ဟစ်ငိုကြွေးနေသည့် ရှိုက်သံတို့ ရောယှက်နေသည့် အော်သံကြီးသည် တိတ်ဆိတ်နေသည့် အမှောင်ထုအတွင်း အထီးကျန်စွာ ထီးထီးမားမားကြီး ထွက်ပေါ်နေသည် ။ အချိန်တွေ ကြာသထက် ကြာလာ၏။ အော်သံသည် တိတ်မသွား။ အမှောင်ထဲကနေ 'တထွာန'ဟု အထပ်ထပ် ခေါ်နေဆဲဖြစ်ရာ ...၊

"ဝုန်း"

ရုတ်တရက် ထွက်ပေါ်လာသည့် ပြင်းထန်သည့် အသံနှင့် အတူ အုပ်ဆိုင်းသော သစ်ပင်ကြီး တစ်ပင်လုံး မီးပြင်း တိုက်ခံလိုက်ရသကဲ့သို့ ပင်စည်မှ စ၍ အကိုင်းအရွက်များ မကျန် တစ်ပင်လုံး မီးများ လောင်ကျွမ်းသွား၏။ အပင်အား စွဲနေသည့် မီးတောက်များကြောင့် ပတ်ပတ်လည် လင်းထိန်သွားကာ ဝါးတစ်ပြန်အကွာရှိ ပေငါးဆယ် ပတ်လည်ရှိသော ကျောက်တုံးကြီးပေါ်သို့ အလင်းရောင် ဖြာကျသွား၏။ ပေနှစ်ဆယ်ပတ်လည်ခန့်ထိ ကြီးမားသော ကျောက်တုံးကြီး၏ အတွင်းမှာ လိုဏ်ခေါင်း ဖြစ်နေပြီး ကိုယ်ထည် ပတ်ပတ်လည်မှာ ယောက်ျား လက်မောင်းလုံးခန့် ရှိသော အပေါက်များ ဖြစ်နေသည် ။ မီးလောင်နေသည့် အပင်မှ မီးညွန့်

မီးတောက်များ ၏ အလင်းရောင်သည် ထိုကျောက်တုံးကြီး ကိုယ်ထည်က အပေါက်များမှ တစ်ဆင့် အတွင်းလိုဏ်ဂူ အတွင်းသို့ အလင်းရောင်ဟိုတစ်ကွက် ဒီတစ်ကွက် ဖြာကျသွားစဉ် ခုနက တထွာနဟု အော် ခေါ်နေသည့် အော်သံကြီး တိတ်ကျသွား၏။

တစ်စုံတစ်ရာသည် ကျောက်တုံးကြီး ကိုယ်ထည်အပေါက်မှ တစ်ဆင့် ဝင်လာသည့် အလင်းရောင် အောက်သို့ တိုးဝင်လာသည် ။ လေးဖက်ထောက် ရွေ့လျားလာသည့် ထိုအရာမှာ လူတစ်ယောက်ပင် ဖြစ်ပြီး ဆံပင်များမှာ ခန္ဓာ ကိုယ်အား ဖုံးလွှမ်းထားရုံမက မြေပေါ် ခွေကျနေသည် အထိ ရှည်လျားအုပ်ခဲနေလျက် မျက်နှာရှေ့ကိုပါ ငိုက်ကျနေလေရာ မျက်နှာအား ဆံပင်ရှည်များက အပြည့်အဝ ဖုံးကွယ်ထားကြ၏။ သူသည် အလင်းရောင်အောက်မှာ ငြိမ်သက်စွာ ထိုင်ရင်း အပေါက်များမှ တစ်ဆင့် အပြင်ကို လှမ်းကြည့်နေသည် ။

"ဝုန်း ... ဝုန်း ... ဒုန်း"

"ကျွီ"

အပင်များ မီးပြင်းထန်စွာ လောင်နေသည့် အသံ ...။ သစ်ကိုင်း ကျိုးသံတို့ ထွက်နေ၏။ ဆံပင်ရှည်နှင့် လူမှာ အလင်းရောင် အောက်မှာ ထိုင်မြဲထိုင်နေ၏။ ထိုစဉ် ကျောက်တုံးကြီး ကိုယ်က အပေါက်တစ်ပေါက်မှ အကွက်များ ထင်းနေသည့် မြွေဟောက် တစ်ကောင်သည် အပြင်မှ တစ်စုံ တစ်ယောက်က အတွင်းသို့ ထိုးသွင်း ထည့်လိုက်သကဲ့သို့ အတွင်းသို့ လျင်မြန်စွာ ပြုတ်ကျလာ၏။

"ဘုတ်"

ဆံပင်ရှည်နှင့် လူသည် အတွင်းသို့ တိုးဝင်လျက် မြေပေါ် ပြုတ်ကျလာသည့် မြွေဟောက်အား လှည့်ကြည့်သည် ။ မြွေသည် ဆံပင်ရှည်နှင့်

လူ လှုပ်ရှားလိုက်သည် နှင့် ပါးပျဉ်းခွက်ပြီး မာန်ဖီ ခြိမ်းခြောက်သည် ။ ဒါကပင် ဆံပင်ရှည်နှင့် လူအတွက် ပိုပြီး စိတ်ဝင်စားစရာ ဖြစ်သွားပုံပေါ်၏။ မြွေဟောက်အား တည့်တည့် လှည့်ကြည့်၍ မျက်လုံး မလွှဲတမ်း လိုက်ကြည့်တော့သည် ။

"ရှီး ...ရှီး"

ဆံပင်ရှည်နှင့် လူအား တန်ပြန်စိုက်ကြည့်နေရင်း မြွေဟောက်သည် ပိုပိုပြီး ဒေါသကြီးလာ၏။ မြွေဟောက်သည် ခေါင်းကို အနည်းငယ်ဆုတ် အားယူ၍ ဆံပင်ရှည်နှင့် လူအား လှမ်းပေါက် ပစ်လိုက်သည် ။ ဆံပင်ရှည်နှင့် လူသည် အလွန်လျင်မြန်သော အရှိန်ဖြင့် မြွေ၏ လည်မျိုအား ဆတ်ခနဲ ကောက်ယူ ဖမ်းလိုက်ပြီး ဆံပင်တွေအောက်မှာ ပေါ်နေသည့် တစ်လုံးတည်းသော မျက်လုံးဖြင့် ဒေါသကြီးနေသည့် မြွေအား စိုက်ကြည့်နေ၏။ ဆံပင်ရှည်နှင့် လူ၏ မျက်လုံးမှာ ထူထဲသော မျက်တောင်ရှည်တို့ ဝန်းရံလျက် အလွန်လှပသော စိမ်းပြာရောင် ညိုလဲ့လဲ့မျက်လုံး ဖြစ်ပြီး ထိုတစ်ဖက်တည်းသော မျက်လုံးဖြင့် စိုက်အကြည့် ခံနေရသောမြွေသည် ဒေါသကြီးသထက် ကြီးလာကာ လွတ်နေသည့် အမြီးဖြင့် သူ့လက်အား တင်းတင်းကျပ်ကျပ် ပြန်ရစ်ပတ်လာသည် ။

"အား"

ဆံပင်ရှည်နှင့် လူသည် မြွေ၏ လည်မျိုအား လက်နှစ်ဖက်နှင့် ဆုပ်ကိုင်ကာအား အပြည့်ဖြင့် မြွေကိုယ်အား နှစ်ပိုင်း ဆွဲဖြတ်ပစ်လိုက်၏။

"ရှီး"

နှစ်ပိုင်း ပြတ်သွားသော မြွေကိုယ်မှာ တဆတ်ဆတ် တုန်နေဆဲ၊ အသက်ငင်နေဆဲဖြစ်သည် ။ သူသည် မြွေကိုယ်နှစ်ပိုင်းအား လက်တစ်ဖက်

စီဖြင့် ကိုင်ရင်း တတောက်တောက် ကျနေသည့် သွေးများအား လည်းကောင်း ပူနွေးနေဆဲ မြွေသားအား လည်းကောင်း အငမ်းမရ စားသောက်နေသည် ။ ခဏအတွင်းမှာ မြွေတစ်ကိုယ်လုံး အမြီးကစ ခေါင်းအထိ အသားတစ်စ မကျန် ကုန်သွား၏။

"တထွာ ... တထွာန၊ ငါမဝဘူး ... အသားထပ်ရှာခဲ့၊ ငါမဝဘူး ... အသား အသား"

မြွေသားများ အားလုံး ကုန်သွားစဉ် ဆံပင်ရှည်လူသည် အပြင်ကို လှမ်းကြည့်၍ တတွတ်တွတ် အော်တောင်းနေသည် ။ အော်ရင်းတောင်းရင်းဖြင့် မြေပေါ်ကျနေသည့် သွေးများ ကိုလည်း လျှာနှင့် ငုံ့လျက်နေသေးသည် ။ 'တထွာန ... အသား အသား ... ' ဟူသော အော်သံသည် အမှောင်ထဲက အလင်းပျပျနှင့် အတူ ဆက်လက် ထွက်ပေါ်နေ၏။

* * * * *

# အခန်း(၇)

သူ့အနားမှာ ဝဲပျံသွားလာ နေကြသော ငှက်ကလေးများ ၏ ကျိုးကျိုး ကျစ်ကျစ် အသံလေးများ သည် စည်ကား သိုက်မြိုက်နေ၏။ သစ်ရွက်သစ်ခက်များကြား တိုးတိုက်လာသော လေညင်းသည် သူ့အား အေးမြမြ ညင်းသွဲ့သွဲ့လေး တို့ ထိ ကစားနေသည် ။ နွေးထွေးသော နေရောင်ခြည် သည် သူ့ကိုယ်အနှံ့ ယှက်ဖြာကျနေ၏။

ငါအိပ်မက် မက်နေတာလား ... ဒါမှ မဟုတ် သေပြီး နတ်ပြည် ရောက် နေတာလား ...၊

အိပ်မက်တော့ မဖြစ်နိုင်။ လွန်ခဲ့တဲ့ ဆယ့်ခြောက်နှစ်ကစလို့ မက်ခဲ့ သမျှ အိပ်မက်တွေမှာ ထိတ်လန့် ချောက်ချားဖွယ် အဖြစ်အပျက်များမှ လွဲ၍ သာယာ ကြည်နူးဖွယ် တစ်ခုမှ မရှိခဲ့။ ဒါဆို ငါသေသွားပြီလား ... ဒါက ပိုဖြစ်နိုင်သည် ။ အတွေးနှင့် အတူ ငါဘာတွေ ဖြစ်ခဲ့လဲပြန်တွေးမိ တော့ ပူလောင်ပြင်းပြသည့် ငိုကြွေးခြင်း သီချင်းသံကြီးကို နားထဲ ပြတ်ပြတ်ထင်ထင် ပြန်ကြားယောင်လာ သည် ။ ပြီးတော့ နောက်ဆုံး ထွက်သက်နှင့် အတူ သူ့အသိ အာရုံတွေအားလုံး အမှောင်ကျသွားတာ ကို မှတ်မိနေသည် ။

ငါတကယ်ပဲ သေသွားတာလား ...၊

ဟုတ်မဟုတ် သူဆက် မတွေးချင်တော့ပါ။ မျက်လုံးဖွင့်လိုက်တဲ့ အချိ

န်မှာ သူဟာ ရိုးမရွာက ဆေးမြစ်များ ၊ တိုင်းရင်းဆေးများ လှောင်ထားသည့် သူ၏ ခပ်မှောင်မှောင် နံစော်နေသည့် ဆေးခန်းထဲ ပြန်ရောက်နေမှာ စိုးရိမ်သည် ။ ဒီလိုမဟုတ်ဘဲ ရုတ်တရက် လန့်ပြီး ထထိုင်လိုက်ချိန်မှာ သူသည် တောနက် နက်ထဲမှာ သေလုမျောပါး အခြေအနေဖြင့် လန့်နိုး လာမိမှာ ကိုလည်း စိုးရိမ် နေမိလေသည် ။ မနိုးချင် ... ဘယ်တော့မှ မနိုးထချင်မိသောကြောင့် ဆက်ပြီး မျက်လုံး မှိတ်ထားမိ၏။

နွေးထွေးလိုက်တာ ...

သူ့ကိုယ်ပေါ် ကျရောက်နေသော နေရောင်ခြည် ၏ နွေးထွေးသော အပူရှိန်ကို သူအလွန် အင်မတန် သဘောကျနေမိ၏။ မှိတ်ထားသည့် သူ့မျက်လုံးထဲ တိုးဝင်နေသည့် အလင်းရောင်သည် နေရောင်ပဲ ဆိုသည့် အသိကြောင့် သူတသိမ့်သိမ့်ကြည်နူး ပျော်ရွှင်နေမိသည် ။ ဒီအလင်းရောင် ဒီလို နွေးထွေးမှုမျိုး အိပ်မက်ထဲမှာ တောင် မခံစားရတာ နှစ်ပေါင်း ဘယ်လောက်တောင် ကြာခဲ့ပြီ လဲ ...၊

"ကိုကျော် ... ကျုပ် နေမင်းကို မြင်ခဲ့တယ်၊ နေရောင်ကျတဲ့ အရပ်ဆီ ရောက်ခဲ့တယ်"

နေမင်းနှင့် ဆက်စပ်၍ သူ့ခေါင်းထဲ ရောက်လာသော ပုံရိပ်မှာ ရိုးမရွာရှိ မုဆိုးကျော် ဖိုးထောင်၏ ပုံရိပ်ဖြစ်သည် ။ ဖိုးထောင်သည် ရွာကနေ အမဲလိုက် ထွက်ရင်း ရွာပြင်မှာ ညအိပ်ညနေ အိပ်ကာ နောက်တစ်ရက် ရွာသို့ ဘေးမသီ ရန်မခ ဘာမကောင်းဆိုးဝါးမှ ကပ်ငြိခြင်းမရှိဘဲ ရွာကို အရောက် ပြန်လာနိုင်သည့် ပထမဆုံးလူသား ဖြစ်လေသည် ။ တစ်ရက် နှစ်ရက် တောထဲမှာ အမဲ လိုက်ရာက တစ်ပတ်ထိရွာကနေ ပျောက်သွားပြီး ပြန်လာသည့် အချိန်မှာ သူ့ဆီ တိုးတိုးတိတ်တိတ် လာပြောခဲ့ခြင်း ဖြစ်သည် ။

သူမယုံခဲ့ ...၊

သူ့ကိုမပြောခင် နတ်ဆရာငရဲ၊ အကဲကောင်းလှနှင့် တကွ သူနှင့် ပတ်သက်ရာ လူတိုင်းကို လိုက်ပြောပြီး ဘယ်သူကမှ မယုံခဲ့သည် မို့ ဖိုးထောင် သည် သူကပါ 'မဖြစ်နိုင်တာ'ဟု ခေါင်းခါ လိုက်သည် နှင့် သူ့ဆေးခန်းထဲကနေ ဝုန်းခနဲထရပ်ပြီး ဒေါသတကြီး ထထွက်သွား၏။ သို့သော် သူ့ရှေ့ချက်ချင်း ပြန်ရောက်လာကာ ...၊

"ကျုပ်ကို ဘယ်သူမှ မယုံကြဘူး ... အကဲရော နတ်ဆရာရော၊ ကျုပ် အမေကအစ ပန်းမြတ် ကတောင် မယုံဘူး"

ပန်းမြတ်သည် အကဲကောင်းလှနှင့် နတ်ဆရာတို့လို တစ်ယူသန် တစ်ဖက်ပိတ်မဟုတ်ဘဲ အဖြစ်အပျက်တိုင်းအား နှစ်ဖက်မျှတွေးတတ်ပြီး သူများ မမြင်တဲ့ ရှုထောင့်ကနေ စဉ်းစား တတ်သည် ။ ကိုယ်ချင်းစာတတ်ပြီး ချိန်ချိန်ဆဆ တွေးတတ်သူဖြစ်လေရာ ပန်းမြတ်မယုံတာကို ဖိုးထောင် နှမြောတသစွာ ထည့်ပြော၏။

"ကျုပ်ပြောတာကို တစ်ရွာလုံးဘယ်သူမှ မယုံကြဘူး ... ဒါပေမဲ့ ကိုကျော်ကတော့ ယုံမှ ဖြစ်မယ်ဗျာ၊ ကျုပ်ဒီတစ်ခေါက် ကြာနေတာ ဘာလို့လဲ သိလား၊ ကျုပ်တောထဲမှာ တောလည်ပြီး တော်တော် ခရီးပေါက်သွားတယ် ... နောက်တော့ သွေးစုပ်တဲ့ နွယ်ပင်အုပ်ထဲ ရောက်ပြီး မထွက်နိုင်တော့ဘူး၊ နွယ်တွေက သက်ရှိတစ်ကောင်လိုပဲ ကျုပ်နောက်ကို လိုက်တာများ သိပ်ကြောက်ဖို့ ကောင်းတာဗျာ ... နောက်ဆုံး ကျုပ်မပြေးနိုင်တော့ဘူး၊ ကျုပ်ကိုယ်မှာ လည်း နွယ်တွေ အများကြီး ရစ်ပတ်နေပြီ ... ဘယ်လောက်ထိ ဆိုးလဲဆိုရင် နွယ်တွေကျုပ် ကိုယ်ကို ထိထိမိမိ ပတ်မိပြီး ချက်ချင်းပဲ ကျုပ်တစ်ကိုယ်လုံး သွေးတွေမရှိတော့သလိုအားနည်းလာတာ ... နောက်ဆုံး အသက်တောင် ရှူမရတော့ဘဲ သေလုမျော

ပါး ဖြစ်နေတဲ့ အချိန်မှာ ရသေ့တစ်ပါး ကျုပ်ဆီ ရောက်လာတယ်"

"ရသေ့တစ်ပါး ... ဟုတ်လား"

"ဟုတ်တယ် ... ရသေ့တစ်ပါးဗျ၊ ရသေ့ကြီး ကျုပ်ရှေ့ကို ဘယ်လို ရောက်လာတယ်ထင်လဲ ... လမ်းလျှောက်လာတာ မဟုတ်ဘူး ၊ မိုးပေါ်ကနေ စျာန်နဲ့ ကြွလာတာ"

ဖိုးထောင် ပြောတာကို စိတ်ဝင်တစား နားထောင်နေရာမှ ဦးရင်ကျော် စိတ်ပျက်သွား၏။ စျာန်နဲ့ ကြွလာသတဲ့ ...။ သူကတော့ တောထဲမှာ သူတို့ ရွာသား မဟုတ်တဲ့ တခြားလူ သက်ရှိတစ်ဦး တွေ့တယ်ဆို၍ အမှန်တကယ် အံ့ဩ စိတ်ဝင်စားသွားခဲ့တာ ...။ ခုတော့မဖြစ်နိုင်ဘူး ဆိုသည့် အဖြေပဲ ထွက်လာသည်။ သေအံ့မူးမူး သတိလစ်ခါနီး လျှောက်မြင်နေတာတွေပဲ ဖြစ်လိမ့်မည်။ မဟုတ်လည်း တောခြောက်တာ ဖြစ်ပါလိမ့်မည်။

"ရသေ့ကြီးက သက်တော် အတော်ကြီးနေပြီဗျ ... ဒါပေမဲ့ ခါးမကိုင်းသေးဘူး၊ တုန်တုန်ချည့်ချည့် မဟုတ်ဘူး ... သူရောက်လာတာနဲ့ ကျုပ်ကိုယ်က နွယ်တွေ ချက်ချင်း ပြေကုန်ရောဗျာ"

"နေပါဦး မင်းစပြောတုန်းက နေရောင်ရှိတဲ့ အရပ်ကို ရောက်ခဲ့တယ်ဆို၊ အဲဒီကို ဘယ်တော့ ရောက်မှာ လဲ ... အဲဒီအရပ်ကို မင်းတကယ် ရောက်ခဲ့သလား၊ ကောင်းကင်မှာ နေမင်းကို တကယ် တွေ့ခဲ့တာလား"

"အဲ ... အဲတာက ကျုပ်ကိုယ်တိုင် ရောက်ခဲ့တာတော့ မဟုတ်ဘူး "

သူတော်တော် စိတ်ပျက်သွား၏။ မုဆိုးဖိုးထောင် ပြောတာကို ဆက်နားထောင် မနေတော့ဘဲ ဆေးခန်းထဲက ရှုပ်နေသည့် ဆေးမြစ်များ ရှင်းလင်းရင်း ဥပေက္ခာပြုနေလိုက်လျှင် ဖိုးထောင် သူသွားလေရာ လိုက်

လာပြီး ဆက်ပြောနေ၏။

"ကျုပ်ပြောတာ နားထောင်ပါဦး ကိုကျော်ရဲ့ ... နေရောင်ကို ကျုပ်မမြင်ခဲ့ပေမဲ့ ရသေ့ကြီးက အမှောင်တော အလွန်က နေရောင်ကျတဲ့ အရပ်မှာ တရား အားထုတ်နေတာတဲ့ ဗျ၊ ကျုပ်တို့ တစ်ရွာလုံး အမှောင်ထုက လွတ်ချင်ရင် အမှောင်တောကြီးကို ဖြတ်ပြီး ထွက်လာခဲ့တဲ့ ... မဟုတ်ဘူး ဆိုရင်"

ဖိုးထောင်သည် ဦးရင်ကျော် သွားလေရာ တကောက်ကောက်လိုက်ပြောနေရာမှ ဦးရင်ကျော်သည် သူ့ကို လုံးလုံး ဂရုမစိုက်တော့ဘဲ ဆေးခန်းထဲကပါ ထွက်သွားဖို့ ပြင်ဆင်နေသော အခါ ခြေလှမ်းကိုရပ်ပစ်ရင်း လှမ်းအော် လိုက်၏။

"ကဆုန်လကွယ် ... ညနေ လေးချက်တီး"

နောက်က လှမ်းအော်လိုက်သည့် ဖိုးထောင် အသံကြောင့် ဦးရင်ကျော် ခြေလှမ်းတွေ ရပ်သွားသည် ။ ဘာမှ ဆက်မပြောဘဲ အသံတိတ်နေသည့် ဖိုးထောင်အား နားမလည်သလို ပြန်လှည့် ကြည့်မိ၏။ ဖိုးထောင်သည် တစ်ခုခုအား စိုးရိမ်ကြီးနေသလို မောဟိုက်သလို တောင့်တင်း မို့မောက်သော ရင်ဘတ်ကြီး နိမ့်ချည်မြင့်ချည်ဖြင့် အသက်ပြင်းပြင်း ရှူသွင်းလိုက်ရင်း ...

"ကဆုန်လကွယ် ... ညနေ လေးချက်တီးမှာ ကျုပ်တို့ ရွာ ပျောက်ကွယ် သွားလိမ့်မယ်တဲ့ "

"ဘာ"

ဖိုးထောင်အား တအံ့တဩ ပြန်မေးမိသော်လည်း ဖိုးထောင် ပြန်ပြောတာတွေ သူမကြား တော့ပါ။ သူ့နားထဲ အထပ်ထပ်

မြည်ဟည်းလာသည့် ကြောက်မက်ဖွယ် အသံသည် ...၊

"ရိုးမရွာ တစ်ရွာလုံး မြူတစ်မှုန် မကျန်အောင် ပျောက်ကွယ်ပျက်စီးပါစေ" ဆိုသည့် ဝမ်းခေါင်းသံကြီး ဖြစ်သည် ။

"ဟောဒီနေရာမှာ ရိုးမရွာဆိုတာ ဘယ်တုန်းကမှ မရှိခဲ့သလို ပျောက်ကွယ်သွားလိမ့်မယ် ... ကျုပ်တို့ အားလုံး သေဆုံး ကြရလိမ့်မယ်တဲ့ ကိုကျော်ရ"

သူ့ကိုယ်ကို အားမလိုအားမရ လှုပ်ယမ်းပြောနေသည့် ဖိုးထောင်အသံမှာ ကြောက်ရွံ့ ထိတ်လန့်ခြင်းများ ဖြင့် အက်ကွဲ တုန်ယင်နေသည် ။ ဖိုးထောင်ဆီမှ အကြောက်တရားသည် သူ့ဆီကိုပါ ကူးစက်လာ၏။

"ကိုကျော် ... ကိုကျော်"

"ဟင်"

"ရသေ့ကြီးက ကျုပ်ကို နောက်ဆုံး စကားတစ်ခွန်း ပြောခဲ့သေးတယ်"

"ဘာလဲ ... ဘာတဲ့ လဲ"

"အမှောင်တော အလွန်မှာ နေမင်းကို ပင့်ဆောင်ပါတဲ့ "

"ဘာလဲ ... အဲဒါ ဘာသဘောလဲ"

"ကျုပ်အထင်တော့ ရသေ့ကြီးက သူ့ကို လာပင့်ခိုင်းတာ ဖြစ်မယ်ထင်တယ်"

"ဟင် ... အဲဒါမင်းက ဘာလို့ တစ်ခါတည်း ပင့်မလာခဲ့တာလဲ"

"ဘယ်လိုလုပ် ပင့်ရမလဲ ... ပြောပြီးပြီးချင်းပဲ ရသေ့ကြီး ကျုပ်ရှေ့ကနေ ချက်ချင်း ပျောက်သွားတာဗျ၊ ကျုပ် ကြောင်တောင်တောင်ကြီး ဖြစ်

ကျန်ခဲ့တာ ... ကျုပ်ကိုယ်ကျုပ် တောခြောက် ခံရတယ်ပဲ ထင်ခဲ့တာ"

"ဒါပဲ နေမှာ ပေါ့ကွယ်"

" မဟုတ်ဘူး ... မဟုတ်ဘူး ကိုကျော်၊ ကျုပ်ပြောလို့ မပြီးသေးဘူး ... ရသေ့ကြီး ပျောက်မသွားခင်လေးမှာ ချက်ချင်းပဲဗျာ၊ ရုတ်တရက်ကြီး ကျုပ်ရွာပြန် ရောက်လာတယ်"

"ဘယ်လို"

"ကျုပ်ကျိန်ပြောရဲတယ် ... အဲဒါအိပ်မက် မဟုတ်ဘူး ၊ ထင်ယောင် ထင်မှား လျှောက်မြင် တာလည်း မဟုတ်ဘူး ... ကျုပ် ကိုယ့်ရွာကို ဘယ်လိုပြန်ရောက်နေလဲ အံ့သြနေတုန်းမှာ ပဲ ... လမ်းပေါ်မှာ အော်သံကြားလို့ လှမ်းကြည့်လိုက်တော့"

ဖိုးထောင် မျက်နှာမှာ သွေးမရှိတော့သလို ဖြူဆုတ်သွား၏။ ခုပဲ ထိုမြင်ကွင်းကို ပြန်မြင် လာသလို ချွေးစေးများ ပြန်လျက် မျက်ဝန်းမှာ တုန်လှုပ် ချောက်ချားမှုတွေ အပြည့် ...၊

"လှမ်းကြည့်လိုက်တော့ ဘာတွေ့လဲ"

"သိန်းလင်း"

"သိန်းလင်း"

"သိန်းလင်း သူ့အမေကို ပုဆိန်ကြီးနဲ့ လိုက်ခုတ်နေတာ"

"ဘယ်လိုကွ"

"ပြီးတော့ ပန်းမြတ် ... ပန်းမြတ်က ..."

"ပန်းမြတ်က ဘာဖြစ်လဲ "

"ပန်းမြတ်က မောင်မင်းကို ဓားနဲ့ လိုက်ခုတ်နေတယ်၊ ပန်းမြတ်နော

က်ကနေ အကဲရောက် လာပြီး သူ့မာဖလာနဲ့ လည်ပင်းညှစ် သတ်ပြန်ရော"

"ကျွတ် ... တော်စမ်းကွယ်၊ မင့်ဟာက နည်းနည်းမှ အဓိပ္ပာယ်မရှိဘူး
"

ဖိုးထောင် ခေါင်းတွင် တွင် ခါရင်း မျက်လုံးကြီးနီရဲလာ၏။ ငိုများ ငိုချတော့မလားဟု ကြောင်ကြည့်နေမိစဉ် ဖိုးထောင်ပါးစပ်က တစ်လုံးချင်း ထွက်လာသည့် စကားများမှာ တုန်လှုပ် ချောက်ချားဖွယ် အတိ ...

"တစ်ရွာလုံး တစ်ရွာလုံးပဲကိုကျော် ... တစ်ရွာလုံးက ရှိသမျှလူတွေ အချင်းချင်း ရက်ရက်စက်စက် လိုက်သတ်နေကြတာ ညှာတာမှု မရှိဘူး၊ အားလုံးအားလုံးဗျာ ... မျက်ထောင့်နီကြီးတွေနဲ့ အားလုံး မကောင်းဆိုးဝါး အပူးခံထားရတာ၊ တစ်ရွာလုံး မကောင်းဆိုးဝါး စီးပြီး အချင်းချင်း လိုက်သတ်နေကြတာဗျ ... အော်သံတွေ အချင်းချင်း ခုတ်ထစ် သတ်ဖြတ်နေတဲ့ အသံတွေ၊ ပြေးတဲ့ လွှားတဲ့ အသံတွေ ခုထိကြားယောင်နေတုန်းပဲ ... ခုပြန်တွေး ခု ... ခုသိပ်ကြောက်တာပဲဗျ၊ ကျုပ်ကိုရသေ့ကြီးက ရှေ့ဖြစ်လာမယ့် အနာဂတ်ကိုပြခဲ့တာ ... လာမယ့် ကဆုန်လကွယ် ညနေလေးချက်တီးမှာ ဖြစ်မယ့် အဖြစ်အပျက်ကို ပြခဲ့တာ"

တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်နေသည့် ဖိုးထောင်အား ကြည့်ရင်း သူ့ဆီမှာ အကြောက်တရားများ ကူးစက်လာခဲ့လေသည် ။ သူသည် ဖိုးထောင်ပြောသမျှအား အကွင်းမဲ့ ယုံကြည်သွား၏။ သေချာ စဉ်းစားပြီးသည့် နောက် ရသေ့ကြီးအား ရွာသို့ ပင့်ဆောင်ရန် ဆုံးဖြတ်လိုက်သည် ။ ဒီလိုနဲ့ သူနဲ့ ရွာသား တစ်သိုက်တို့ အမှောင်တောထဲမှာ တစ်လနီးပါး ခရီးနှင်ခဲ့ပြီး နေရောင်ကျတဲ့ အရပ်ဆီ ဖွဲသန်သန်နှင့် ထွက်လာခဲ့ခြင်း ဖြစ်၏။ တကယ်တမ်းကျတော့ နေရောင်ရှိတဲ့ အရပ်ကို ရောက်ဖို့

ဝေးစွ … မှောင်သထက် မှောင်သော တစ်နေ့လုံး အလင်းတစ်စက် မကျသည့် အမှောင်ထုထဲသို့ တိုးဝင်လာမိပြီး အန္တရာယ်မျိုးစုံ ဒုက္ခမျိုးစုံနဲ့ သာကြုံခဲ့သည် ။ အတူ ထွက်လာကြသည့် ရွာသားတွေ တစ်ယောက်ပြီး တစ်ယောက်သာ သေခဲ့သည် ။ နေရောင်ကိုလည်း မတွေ့ခဲ့။ ရသေ့ကြီး ဆိုတာလည်း ဘယ်ဆီနေမှန်း မသိ။ သို့တိုင် သူရော ရွာသားတွေရော ဘယ်သူမှ ဖွဲမလျှော့ကြ။ စိတ်ဓာတ်မကျကြ။ နေရောင်ကျတဲ့ အရပ်ကို မျှော်ရင်း ခရီးဆက် ခဲ့ကြသည် ။ ရွာက မကောင်းဆိုးဝါးတွေကို နှင်ထုတ်ပစ်နိုင်တဲ့ ရသေ့ကြီးအား ရွာဆီအပါ ပင့်ဆောင် သွားနိုင်ရမည် ဟု အားခဲခဲ့ကြ၏။

ခုတော့ ဒါတွေအားလုံး ဘာမှ မဟုတ်တော့။ သူ့သားလိုတူလို သွေးသားအရင်းလို ချစ်ခင်ရတဲ့ ကလေးတွေအားလုံး သေဆုံးသွားပြီ ဆိုသည့် အသိနှင့် သူလည်း ဘာမှ ဖြစ်ချင်စိတ် ကြိုးစားချင်စိတ် မရှိတော့။ ဘယ်လောက်ထိ စိတ်ဓာတ်ကျဆင်း နေသလဲဆိုရင် သူ့လက်ပေါ် ကျနေသည့် နေရောင်ခြည်၏ အပူဓာတ်ကို ခံစားမိနေသည့် တိုင် ဒါဟာ တကယ်လား … သူ့အိပ်မက်လား သူမသိချင်တော့။ တကယ်လို့ သူ့မျက်လုံး ဖွင့်ကြည့်လိုက်တဲ့ အချိန် နေမင်းကြီး သူ့မျက်နှာ ရှေ့တည့်တည့် ရှိနေမယ်ဆိုရင်တောင် သူပျော်ရွှင် မိတော့မည် မထင် …၊

"ဘထွေး … ဘထွေး သတိရပြီ မဟုတ်လား၊ မျက်လုံး ဖွင့်ကြည့်ပါဦး "

ဟင် …

အသံသည် တစ်လောကလုံးကို လွှမ်းမိုးသိမ်းယူနိုင်စွမ်း ရှိသော အောင်မြင်ခန့်ညားသည့် ဩဇာသံ … ။ အသံအောင်ပြီး အဖျားသတ် အက်ရှရှနှင့် ထူးခြားသည့် ကရုဏာအသံ။ နေရောင်ခြည် ကဲ့သို့ သူ့စိတ်

ကို တည်ငြိမ်စေသော အေးချမ်းစေသော လုံခြုံနွေးထွေးမှု ပေးနိုင်စွမ်းသော အသံ ...

"အမှောင်တော အလွန်မှာ နေမင်းကို ပင့်ဆောင်ပါ"

သူသည် ထိုအသံကိုကြားလိုက်ရသည့် ခဏလေးမှာ ပင် မုဆိုးဖိုးထောင် ပြောခဲ့သော ရသေ့ကြီး ပျောက်ကွယ်ခါနီး ပြောခဲ့သည့် စကားအား မဆီမဆိုင် ကြားယောင်လာသည် ။ သူမျှော်လင့်တကြီး မျက်လုံးတွေ ဖွင့်ကြည့်လိုက်၏။ မျက်လုံးဖွင့်ဖွင့်ချင်း စူးစူးရှရှ တိုးဝင်လာသော နေရောင်စူးစူးကြောင့် သူ့မျက်လုံးတွေကို ဖိပိတ်ပစ်လိုက်ရသည် ။

နေ ... နေရောင်၊ တကယ်ပဲ နေရောင်လား ... ။

မျက်နှာကို လက်နှင့် ကာရင်း သူဒုတိယအကြိမ် မျက်လုံးပြန်ဖွင့် ကြည့်မိလျှင် အရိပ် တစ်ခုသည် နေမင်းအား ပိတ်ကာထား၏။

"ဖယ်စမ်း"

သူသည် သူ့ရှေ့ကကွယ်နေသည့် အရိပ်ပိုင်ရှင်အား တွန်းဖယ်ပစ်ပြီးနေရာမှ ကမူးရှူးထိုး ထရပ်ကာ ပြင်းရှသည့် နေရောင်ကို အန်တုလျက် ကောင်းကင်က နေမင်းကို မော့ငေး ကြည့်မိသည် ။

ဟား ...

မြင်လိုက်ရသော မြင်ကွင်းကြောင့် သူပါးစပ်အဟောင်းသား ဆွံ့အသွားမိသည် ။ ကြည်ပြာရောင် ကောင်းကင်ကြီးသည် သူ့ခေါင်းပေါ်မှာ တပြန့်တပြော စီးမိုးထား၏။ ရွှေရောင် အလျှံညီးညီး တောက်ပနေသော နေမင်းသည် သူနှင့် ဝါးတစ်ပြန် အကွာလေးမှာ ။ ပွင့်ချပ်လွှာများကဲ့သို့ အဆုပ်လိုက် အလိပ်လိုက် သူ့ထက်ငါ အလုချင်း ပြိုင်နေသော အဖြူရောင်တိမ်ဆိုင် တိမ်လွှာလေး များ သည် ရွှေအိုရောင် နေရောင်ခြည်အား ခြုံ

လျက် ကောင်းကင်မှာ ဟိုတစ်ဆုပ် ဒီတစ်ကွက်ရှိနေ၏။ တဟူးဟူး တိုက်ခတ်နေသည့် လေပြည်ညင်းကြောင့် သူသည် ကောင်းကင်နှင့် အနီးဆုံး လေဟာနယ်ထဲ ရောက် နေသကဲ့သို့ ဖြစ်နေပြီး တပြန့်တပြော ကျယ်သော ကြည်ပြာရောင် ကောင်းကင် ဖြူလွသော တိမ်ဆိုင် တိမ်လွှာလေးများ နှင့် ရွှေအိုရောင်နေမင်းသည် သူ့အနီးအနားမှာ အံ့မခန်းအလှကို ဖန်ဆင်း ပေးနေကြလေသည် ။ သူသည် လှပလွန်းသော မြင်ကွင်းအား ငေးကြည့်ရင်း အလှအပကို ခံစားဖို့ သတိမရ။ တောက်ပလွန်းသော နေမင်းအား မျက်လုံးတွေ စူးရှနာကျင်လာသည် အထိ မျက်စိ အကျိန်းခံပြီး လွမ်းမောစွာ ငေးစိုက်ကြည့်မိ၏။

သတ္တိ၊ အင်အားနှင့် နွေးထွေး လုံခြုံမှုကိုပေးသော သူရိယနေမင်း ... ။ ရိုးမရွာရဲ့ ကောင်းကင်က တိမ်ဆိုင်ခဲများ နောက်မှာ အမြဲပုန်းကွယ်နေသော နေမင်း ... ။ ရွာမှာ နေမင်း အလင်းရောင် ပျောက်ရှနေခဲ့တာ နှစ်တွေ ဘယ်လောက် တောင်ကြာခဲ့ပြီလဲ ... ။ ဝမ်းသာ ဝမ်းနည်း စိတ်ဖြင့် သူ နေမင်းကို အန်တုစိုက်ကြည့် နေမိရာ မျက်လုံးများ ကိုက်ခဲနာကျင်လာပြီး ပါးပေါ်သို့ မျက်ရည်ပူများ စီးကျ လာသည် ။ ဒီမျက်ရည်တွေမှာ နာကျင်မှုတွေ ဆို့နင့်ကြေကွဲခြင်းတွေ ပြည့်သိပ် နေတာ ဘယ်သူသိမှာလဲ ...

"ဘထွေး"

နောက်က ခေါ်သံကို သူမကြား ... ။ သူ့အတွေး သူ့အာရုံနဲ့ သူ ကောင်းကင်က အပူချိန်ပြင်းရှလှသည့် နေမင်းကို တမ်းတမ်းတတ လှမ်းငေးနေမိဆဲ။ ရုတ်တရက် သူနှင့် နေမင်းကြားမှာ အရိပ်တစ်ခု ဝင်ရောက်လာ၏။ သူမျက်လုံးတွေကို မှိတ်မပစ်။ မျက်ရည်များ စီးကျလျက် ပြူးကြောင်ကြောင်ကြီးဖြင့် အရိပ် ဖြစ်ပေါ်လာစေသည့် အရာ

အား ရန်လိုစွာ လှမ်းကြည့်လိုက်သည် ။ သူသည် သစ်ပင်ထိပ်ဖျားမှာ ဆောက်ထားသည့် သစ်လုံးအိမ်ထဲမှာ ဖြစ်ပြီး ဆယ့်ခြောက်နှစ်အရွယ် လူငယ်လေး တစ်ယောက်သည် သူ့မျက်နှာပေါ် ကျနေသည့် နေရောင်အား သစ်ကိုင်း တစ်ကိုင်းဖြင့် ဆွဲယူပိတ်ကာ ပေးလိုက်ခြင်း ဖြစ်သည် ။

"ဟော့ ... ဘာလုပ်တာလဲ၊ ဖယ်စမ်း"

သူသည် လူငယ်လေးဆီသို့ ဒေါသတကြီး လျှောက်သွားပြီး လူငယ်လေး ကိုင်ထားသည့် သစ်ကိုင်းအား ဒေါသတကြီး ဆွဲဖယ်ပစ်လိုက်သည် ။

"ဟင်"

အားနှင့် ဆွဲယူလိုက်သည့် သစ်ကိုင်းသည် သူ့လက်ထဲပါမလာ။ လူငယ်လေး လက်ထဲမှာ ပဲ ကျန်ခဲ့ပြီး သူ့ကိုယ်ကြီးသာလျှင် ယိမ်းယိုင်သွားသည် ။ သူလူငယ်လေးအား တအံ့တဩ ပြန်ကြည့်မိ၏။ သူသည် ရိုးမရွာသား ဖြစ်သည် နှင့် အညီ ခန္ဓာကိုယ် ကြံခိုင်သန်စွမ်းသည် ။ တုတ်တုတ်ခိုင်ခိုင် ဖြစ် သည့် အပြင် အရပ်လည်း မြင့်သည် ။ လူငယ်လေးမှာ သူကဲ့သို့ အရပ်မြင့်သော် လည်း ခပ်သွယ်သွယ် ခန္ဓာကိုယ်မှာ ကျစ်လျစ်ရုံမှအပ သူ့လောက်သန်မာ သန်စွမ်းပုံမရှိပါ။ အသက်အရွယ်က စကားပြောတာလား ...။ သူသည် လူငယ်လေး ကိုင်ထားသည့် သစ်ကိုင်းအား အားနှင့် မာန်နှင့် ဆွဲလုလိုက်သော်လည်း လက်ရမယူနိုင်ခဲ့။ ကောင်လေးသည် သူ၏ မလိုတမာ အကြည့်အား ကျေအေးသည့် အပြုံးယဲ့ယဲ့ဖြင့် နှုတ်ခမ်းထောင့် ကွေးညွတ်ရုံပြုံး၍ တုံ့ပြန်ရင်း လက်ထဲ ကသစ်ကိုင်းအား ညင်သာစွာ လွှတ်ပေးလိုက်၏။

"ဘထွေး သတိလစ်နေတာ လေးရက်ရှိပြီ ... ဒီနေ့မှ သတိမရရင် ကျုပ် တခြား ဆေးမြစ်ရှာပြီး ကုတော့မလို့ "

သူသည် သူ့အား ဘထွေးဟု တရင်းတနှီးခေါ်သော လူငယ်လေးအား ခြေဆုံးခေါင်းဆုံး ကြည့်မိသည် ။ ကောင်လေးမှာ သူမြင်ဖူးသမျှ လူတွေနှင့် မတူသော အသားရောင်ရှိသည် ။ အညိုရောင်မဟုတ် အဖြူလည်း မဟုတ် ဝါဝင်းလျက် မွေးကင်းစ ကလေးငယ်လေး၏ အသားအရေကဲ့သို့ ကြည်စင်သန့်ရှင်းနေသည် ။ ဖြောင့်စင်းသော နှာတံ အထူအပါးညီသော လေးကိုင်း သဏ္ဍာန်နှုတ်ခမ်း၊ လေးထောင့်ဆန်ဆန် ကျယ်ပြန့်သောနဖူး ၊ မျက်ခုံးထူထူတို့ မှာ ယောက်ျား ပီသခန့်ညား၏။ အတော်ဆုံး ပန်းပုဆရာတစ်ဦး၏ လက်ရာကဲ့သို့ အချိုးအစား ကျလွန်းလှသည် ။ သူ့ တစ်သက်နဲ့ တစ်ကိုယ် ဤမျှခန့်ညား ချောမောပြီး ပြည့်စုံသော ရုပ်သွင်မျိုး မမြင်ခဲ့ဖူးဘူးဟု ဝန်ခံရမည်။ လှိုင်းတွန့်ခပ်ရေး ရေးရှိသော ဆံပင်များမှာ ပခုံးထိအောင်ပင်ရှည်ပြီး ဒီအတိုင်း ဖားလျားချထား၍ ရုတ်တရက် ကြည့်လျှင် မိန်းကလေးဟု ပင် ထင်ချင်စရာရှိ သော်လည်း သေချာကြည့်လေ တည်ကြည် ခန့်ညားသည့် အသွင်သဏ္ဍာန် ပေါ်လွင်လေဖြစ်သည် ။ အထူးခြားဆုံးမှာ မျက်လုံးများ ဖြစ်သည် ။ နက်မှောင် တောက်ပသော မျက်လုံးများမှာ သူ့ရင်ထဲထိ ထိုးဖောက်ကြည့် နေသကဲ့သို့ စူးရှထက်မြက်ပြီး အသက်အရွယ်နှင့် မမျှအောင် တည်ငြိမ်လွန်းသည့် မျက်လုံးများ ဖြစ်၏။ ကောင်လေးမှာ သစ်ခေါက်ဆေး ဆိုးထားသည့် သင်္ကန်းရောင် အင်္ကျီနှင့် ဒုယင်အား ဝတ်ထားလေရာ လူငယ်လေးအား စိုက်ကြည့်ရင်း မုဆိုးဖိုးထောင် ပြောသည့် ရသေ့ကြီး နဲ့ များ ဒီကလေး ဆက်စပ်နေမလားဟု တွေးမိ၏။

"ကျုပ်က ဘထွေး ရှာနေတဲ့ ရသေ့ကြီးရဲ့ သားတပည့်ပါ"

"ဟင်"

ရသေ့ကြီး အကြောင်း တွေးနေတုန်းမှာ ပင် ကောင်လေး ထပြောလို

က်သော စကားကြောင့် သူအံ့သြသွားသည် ။ ဒီကောင်လေး သူရသေ့ကြီးအ ကြောင်းတွေးနေမှန်း ဘယ်လိုသိပါလိမ့်။ ဖိုးထောင် အပြောအရ ရသေ့ကြီးက စျာန်နဲ့ ကောင်းကင်က ကြွလာသတဲ့ ...။ ဒီကလေးက ရသေ့ကြီး သားတပည့်ဆိုတော့ ရသေ့ကြီးလိုများ တန်ခိုးတွေ ဘာတွေရနေတာလား ...၊

သူ့ကိုစိုက်ကြည့်နေသည့် ကောင်လေးသည် ခုနကလို နှုတ်ခမ်းတွန့်ရုံ ထပ်ပြုံး၏။

"ကျုပ်က ရသေ့ကြီးဦးမာဂရဲ့ မွေးစားသားပါ ... ဘထွေး သတိလစ်နေတဲ့ တစ်လျှောက်လုံး ကယောင်ကတမ်း ပြောခဲ့တဲ့ စကားတွေ အများကြီးပဲ၊ ရသေ့ကြီးလို့ လည်း ခဏခဏတတယ်"

ဒါတွေတင်မက 'ရွာပျက်တော့မယ် ... ရွာပျက်တော့မယ်' 'သေကုန်ပြီ ...အားလုံး သေကုန်ပြီ' စသဖြင့် ကြောက်လန့်တကြား သွေးပျက်မတတ် အော်ဟစ်ယောင်ယမ်း ခဲ့ရုံမက ဖိုးထောင်၊ ငကျွဲ၊ သိန်းလင်း၊ ယောင်းခတ်စသော နာမည်များ ရေရွတ် ငိုကြွေးခဲ့တာတွေလည်း ရှိသေးသည် ။ စကြာသည် ဦးရင်ကျော်အား သူ့အဖေ မဟုတ်မှန်း သိလိုက်ပြီးသည့်တိုင် သူပထမဆုံး ဆုံစည်းရသော သူစိမ်းလူသား တစ်ယောက်အနေနဲ့ ရော မေတ္တာစိတ် ကြီးမားသည့် လူတစ်ယောက် အနေနဲ့ ပါ ကရုဏာသက်မိသည် ။ အလိုလိုချစ်ခင် ရင်းနှီးနေမိလေသည် ။ ထို့ကြောင့် ပင် အဘထက် အသက်ငယ်သည် ကို ကြည့်၍ ဘထွေးဟု တရင်းတနှီး ခေါ်မိခြင်းဖြစ်သည် ။

ဦးရင်ကျော်ကတော့ စကြာလို မဟုတ်။ အလွယ်တကူ မရင်းနှီးတတ်၊ သံသယကြီး တတ်သည့် အကျင့်အတိုင်း သူ့စိတ်ထဲက လိုလားသလိုလိုနှစ်လိုစိတ် ပေါ်နေသည့် တိုင် မျက်ခုံးများ တွန့်ချိုးနေသည် အထိ စကြာ

အား စူးစိုက်ကြည့်ပြီး အကဲခတ်နေသည် ။ သူ့အကြောင်းတွေ သိနေတာကို သဘောမကျသလို သူ့ကိုဆွေမျိုးသားချင်းလို တရင်းတနှီး ဆက်ဆံနေတာကိုလည်း ပိုသည် ဟု မြင်၏။

"ဘထွေး အားနည်းနေသေးတယ် ... အေးအေးဆေးဆေး နားလိုက်ပါ ဦး"

"ဟော့ ... ကျုပ်နားဖို့ လာတာ မဟုတ်ဘူး ၊ ကျုပ်ရသေ့ကြီးကို ဖူးဖို့ ... အမှောင်တောထဲကို သက်စွန့်ဆံဖျား ထွက်လာခဲ့တာ၊ ကျုပ်တို့ ခရီးထွက်လာခဲ့တာ တစ်လနီးပါး ကြာတယ် ... ကျုပ်သားလို တူလိုချစ်ရတဲ့ ကလေးတွေ အားလုံးလည်း "

သူ့စကားသံသည် ရှေ့မဆက်နိုင်ဘဲ ဆွံ့အသွား၏။

စကြာသည် သူပြောသမျှအား သိနှင့် နေပြီးသားကဲ့သို့ သူ့အား စိတ်မကောင်းသည့် အကြည့်ဖြင့် စိုက်ကြည့်နေသည် ။ သူတို့ နှစ်ယောက်ကြား ခဏ တိတ်ဆိတ်သွားပြီးမှ ...၊

"အဘက မနက်ခင်းတိုင်း တောင်ထိပ်သွားပြီး တရားထိုင်တတ်တယ် ဘထွေး ... အဘ ပြန်လာတဲ့ အခါ ကျုပ်ဘထွေးကို လာခေါ်ပါ့မယ် ၊ ခုတော့ စိတ်အေးလက်အေး နားလိုက်ပါဦး ဘထွေး"

သူဘယ်လိုမှ နားနိုင်မှာ မဟုတ်တာ သူသာအသိဆုံး။ ဖြစ်နိုင်ရင် ‘ကျုပ်ကို ရသေ့ကြီးဆီ လိုက်ပို့ပေး’လို့ ပြောလိုက်ချင်သည် ။ ပြောဖို့လည်း ပါးစပ်က အရှိန်ယူနေမိသည် ။ သို့သော် သူပြောခွင့် မရလိုက်။ စကြာက သူ့ရှေ့ကနေ အောက်ခုန်ဆင်းသွား၏။ သူအမှတ်တမဲ့ လိုက်ကြည့်မိပြီးမှ အလွန်မြင့်မားသော သစ်ပင်ထိပ်ဖျားက သစ်လုံးအိမ်ငယ်လေးထဲ သူရှိနေသည့် အဖြစ်အား သိသွားကာ အချိန်တိုလေးအတွင်း မြေပြင်ပေါ် ရောက်သွားသည့် စကြာအား မြင်လိုက်ရသဖြင့် ဘယ်လို

များ ဆင်းသွားပါလိမ့်ဟု တအံ့တသြ တွေးမိသည် ။

* * * * *

# အခန်း(၈)

"ကျုပ်တို့ ရွာက မုဆိုးဖိုးထောင် ပြောခဲ့တာတွေက အမှန်ဆိုရင် အရှင်ဘုရား တပည့်တော် လာရင်းကိစ္စကို သိပြီးဖြစ်မယ် ထင်ပါတယ်ဘုရား"

လေပြည်အေးသည် သူနှင့် ရသေ့ကြီးအား ညင်ညင်သာသာ တိုးဝှေ့တိုက်ခတ်နေသည် ။ လေညင်းက သယ်ဆောင်လာသော ပန်းနံ့မှာ သူတစ်သက်နဲ့ တစ်ကိုယ် မရခဲ့ဖူးသော ပန်းနံ့တစ်မျိုး ဖြစ်ပြီး အသက်တစ်ချက် ရှူရှိုက်မိတိုင်း စိတ်ကိုကြည်လင် အေးချမ်းရုံမက အားအင်ပြည့်ဝသွားသလို ခံစားရသည် ။ ရသေ့တောင်သည် စိမ်းစိုသာယာသော မွေးရနံ့ထုံသင်းသော နတ်တို့ ဖန်ဆင်းသည့် ဥယျာဉ်တစ်ခုကဲ့သို့ သစ်ပင်ပန်းမန် တို့ မှာ လည်း စိမ်းစိုလှပ နေတတ်သည် ။ ယခု ရသေ့ကြီး တရားထိုင်တတ်သည့် ရသေ့တောင်၏ ထိပ်ဖျား တောင်ထွတ်သည် ပင် ပတ်ပတ်လည် ပါးလွှာသော ဖြူနုသော တိမ်ဆိုင်တိမ်ခဲများ တိမ်မျှင်ပါးလေးများ ခြံရံသွားလာ နေကြလျက် အေးမြသောလေ ပြေအေးလေး တိုက်ခတ်လျက် နေချင်စဖွယ်၊ ရှုမငြီးဖွယ်ဖြစ်နေ၏။ သို့သော် ထိုသာယာ လှပမှုအပေါင်းကို အံ့ဩမှ င်သက် နေဖို့ ထက် သူ့အတွက် အရေးကြီးသည် မုရိုးမရွာ၏ သေရေးရှင်ရေး ကိစ္စဖြစ်သည် ။ ရသေ့ကြီးသည် မြက်ခြောက်တို့ ခင်းထားသည့် ကျောက်ပြား တစ်ချပ်ပေါ်မှာ တင်ပျဉ်ခွေထိုင်လျက် သူ့အား ငေးကြည့်နေ၏။ ဟုတ်တယ် ဘာညာမပြော၊ ခေါင်းညိတ် ထော

က်ခံခြင်း မရှိသည့် တိုင် ပညာရှိတို့ တိတ်ဆိတ်နေခြင်းဟာ ဝန်ခံခြင်းပဲ ဟု ပင် ယူဆ လိုက်ရင်း ...၊

"ရွာပျက်မယ် ဆိုတာ တကယ်ပဲလား ဘုရား ... လာမယ့် ကဆုန်လ ကွယ်နေ့မှာ ကျုပ်တို့ ရွာ ပျောက်ကွယ်သွားမယ် ဆိုတာ တကယ်အမှန်ပဲ လား ဘုရား"

ရသေ့ကြီးဦးမာဂ အသံ တိတ်နေပြန်၏။

"မုဆိုးဖိုးထောင် မြင်ခဲ့တဲ့ အမြင်က တကယ့်ဖြစ်လာမယ့် အနာဂတ် လား ... ကျုပ်တို့ တစ်ရွာလုံး မကောင်းဆိုးဝါး အစီးခံရမှာ အမှန်ပဲလား ဘုရား"

ရသေ့ကြီး ညင်သာစွာ ခေါင်းညိတ်ပြလိုက်သည် နှင့် ဦးရင်ကျော် အ ရုပ်ကြိုးပြတ် ဖြစ်သွား၏။

"ကယ် ... ကယ်ပါဦး ဘုရား၊ တပည့်တော်တို့ ကို ကယ်ပါဦးဘုရား .. . ကျုပ်တို့ တစ်ရွာလုံး အကြောက်တရားရဲ့ ကျေးကျွန်ဖြစ်နေတာ ဆယ် စုနှစ် တစ်ခုကျော်ပါပြီ၊ နေ့စဉ်လူတွေ ဆက်တိုက် သေနေတာလည်း အ သက်ပေါင်း မနည်းတော့ပါဘူး ဘုရား ... တပည့်တော် ဒါတွေကို ရင်မ ဆိုင် နိုင်လွန်းလို့ အရှင်ဘုရားရှိရာကို စွန့်စား ထွက်လာခဲ့တာပါဘုရား၊ အမှောင်တောအလွန်က နေမင်းဟာ အရှင်ဘုရားပဲ ဖြစ်မယ် ထင်ပါ တယ် ... တပည့်တော်တို့ ရွာကိုကြွပြီး အမှောင်ထုကနေ ကယ်တင်ပေး ပါဘုရား၊ တပည့်တော်တို့ နေ့စဉ်ရင်ဆိုင် နေရတဲ့ အကြောက်တရားက နေ ကယ်တင်ပေးပါ ဘုရား"

"ဒကာကြီး ရင်ကျော်"

စိတ်လှုပ်ရှားလျက် ဆက်တိုက် ပြောနေမိသည့် ဦးရင်ကျော် ရသေ့

ကြီး ခေါ်သံကြားမှ သတိ ဝင်လာ၏။

"ပြော ... ပြောပါဘုရား၊ တပည့်တော်တို့ ရွာကို ကယ်ပေးပါ ... ရွာကို လိုက်ခဲ့မယ် မဟုတ်လား ဘုရား"

"ကျုပ် မလိုက်ဘူး"

ရသေ့ကြီး စကားကြောင့် ဦးရင်ကျော် ယောင်နန ဖြစ်သွားသည် ။ ရသေ့ကြီးသည် ကိလေသာ ကင်းစင်လျက် အေးချမ်းနေသည့် မျက်လုံးအစုံဖြင့် သူ့အား ကြည့်ရင်း ...၊

"ရိုးမရွာကို ကယ်နိုင်မယ့်လူက ကျုပ် မဟုတ်ဘူး ဒကာကြီး"

"ဘယ်လို ... ဒါဖြင့် ကျုပ် ကျုပ် နားမလည်ဘူး၊ အမှောင်တော အလွန်မှာ နေမင်းကို ပင့်ဆောင်ပါဆိုတာ"

"စကြာကို မောင်ရင်နဲ့ လိုက်သွားဖို့ ကျုပ်ပြောထားပြီးပြီ ... ဒကာကြီး နေကောင်းတာနဲ့ သူ့ကိုခေါ်သွားပါ"

ဦးရင်ကျော် သူ့နားသူ မယုံနိုင်။ ရသေ့ကြီး ဘာကိုဆိုလိုမှန်း ရုတ်တရက် နားမလည်ဘဲ ကြောင်အအ ဖြစ်နေ၏။ စကြာကို ခေါ်သွားရမည်။ စကြာကို သူက ဘာလို့ ခေါ်သွားရမှာ လဲ ... ရသေ့ကြီးက မုဆိုးဖိုးထောင်ကို နေမင်းကို ပင့်ဆောင်ပါဟု ပြောခဲ့သည် ။ ထို့ကြောင့် သူသက်စွန့်ဆံဖျား ဒီကိုရောက်လာခဲ့သည် ။ အခု စကြာကို ခေါ်သွားရမည်ဆိုတော့ ...၊

ရသေ့ကြီး ဆိုလိုတဲ့ နေမင်းဆိုတာ စကြာကို ပြောတာလား ...၊

"စကြာ ... ဒီကလေးက၊ ကျုပ်က စကြာကို ခေါ်သွားရမယ် ဆိုတော့ အရှင်ဘုရား ဆိုလိုတာ ... စကြာက"

သူ့စကားကို ရှေ့မဆက်မိပါ။ ဒီဆယ့်ခြောက်နှစ်အရွယ် ကလေးတစ်ယောက်က ဘယ်လိုလုပ် နေမင်း ဖြစ်နိုင်မှာ လဲ ... ။ ရိုးမရွာကို ကယ်တင်နိုင်မယ့်လူက စကြာဆိုတာ သူမယုံနိုင်။ လက်လည်း လက်မခံနိုင် ...၊

"အရှင်ဘုရား ... ရွာပျက်မယ့် အရေးကနေ ကယ်တင်ပေးမယ့် လူက စကြာလို့ ပြောချင်တာလား ဘုရား၊ မဖြစ်နိုင်ပါဘူး ... ဒီကလေးက ဘယ်လိုလုပ်ပြီး"

ရသေ့ကြီးသည် သူ့အား တည်ကြည်အေးချမ်းသော မျက်လုံးအစုံဖြင့် စိုက်ကြည့်နေ၏။ သူရသေ့ကြီးအား ဘာစကားမှ အထွန့်မတက် မိတော့သည် အထိ ရသေ့ကြီး၏ မျက်လုံးများ သည် ယုံကြည်ဖွယ် ကောင်းနေပါသည် ။ သို့တိုင် ...၊

"တပည့်တော် တစ်ခုလောက် မေးပါရစေဘုရား ... တပည့်တော်တို့ ရွာမှာ ဘာတွေ ရင်ဆိုင် နေရလဲ၊ ဘယ်လို အန္တရာယ်တွေ စောင့်ကြိုနေလဲ အရှင်ဘုရား သိပြီးဖြစ်မှာ ပါဘုရား ... ရွာက အန္တရာယ်အပေါင်း ဒုက္ခအပေါင်းကနေ ကယ်တင်ပေးနိုင် လောက်အောင် စကြာမှာ ဘယ်လို တန်ခိုး စွမ်းအားများ ရှိပါသလဲဘုရား ... သူ့မှာ ဘာထူးခြားမှုရှိပါသလဲ"

"စကြာရဲ့ ထူးခြားမှုက သူ့ရဲ့ ခိုင်မာတဲ့ ယုံကြည်မှုပဲ ဒကာကြီး ... စကြာဟာ ဒုက္ခရောက်နေတဲ့ သတ္တဝါတိုင်းကို သူကူညီနိုင်ရမယ် ဆိုတဲ့ ယုံကြည်ချက်ရှိတယ်၊ သူ့ယုံကြည်ချက် အတိုင်းပဲ သေမင်းလက်ထဲကနေ သတ္တဝါတွေရဲ့ အသက်ကို အကြိမ်ကြိမ် ကယ်နိုင်ခဲ့တာ ဒကာကြီး အပါအဝင်ပဲ"

"အဲဒါ ... ကျုပ်ရဲ့ ကံနဲ့ ဆိုင်တယ် မဟုတ်လားဘုရား၊ ကံပါရင် မလွဲမသွေ သေကြရသလို၊ ကံအကြောင်းတရားကြောင့် ပဲ ကြံဖန်အသက်ရှင်

ကြရတယ်မဟုတ်လား၊ ကျုပ်သူ့ကို ကျေးစွပ်တာ မဟုတ်ပါဘူးဘုရား၊ ကံ ကံ၏ အကျိုးဆိုတာ ဗုဒ္ဓဝါဒီမဟုတ်လား၊ အရှင်ဘုရားပြောတဲ့ ယုံကြည်ချက် တစ်ခုနဲ့ အရာအားလုံးကို စွမ်းနိုင်သတဲ့ လား ... အန္တရာယ်အပေါင်း ဒုက္ခအပေါင်းကို တားဆီး နိုင်သတဲ့ လား"

"ကံ ဘယ်နှပါးရှိလဲ ဒကာကြီး"

"ကာယကံ ဝစီကံ မနောကံ ... ကံသုံးပါး ရှိပါတယ်ဘုရား"

"ကာယကံ ဝစီကံတွေရဲ့ အရင်းခံက မနောကံပဲ၊ ကံ၏ အကျိုးဆိုတဲ့ အထဲမှာ ဝစီကံ ကာယကံကိုပဲ ပြောတာ မဟုတ်ဘူး ... စိတ်နဲ့ ပြုမူတဲ့ မနောကံလည်း ပဲပါတယ်၊ သူကအဓိက အကျဆုံး အရာပဲ ... သူတစ်ပါးအပေါ် စိတ်ကောင်းကောင်း ထားရင်၊ ပြီးတော့ မိမိကိုယ်တိုင်အပေါ် စိတ်ကောင်းကောင်း ထားရင် ကောင်းတာတွေ ဖြစ်လာတယ်ဆိုတဲ့ သဘောပဲ ... မိမိကိုယ်ကို အဆိုး တွေးတတ်တဲ့ လူဟာ မနောကံရဲ့ အကျိုးပေးအတိုင်း အဆိုးတွေချည်း ဖြစ် လာပြီး မိမိကိုယ်ကို အကောင်း တွေးတဲ့ လူဟာလည်း အကောင်းတွေပဲ ပိုင်ဆိုင်ရတတ်တယ်"

ဦးရင်ကျော် ငြိမ်သက်စွာပဲ နားထောင် နေမိသည် ။

"မနောကံဟာ အစဖြစ်သလို အဆုံးလည်း ဖြစ်တယ် ... မနောကံက အစပြုတဲ့ မကောင်းစိတ်ကြောင့် လူသတ်မိတယ်၊ လူသတ်မိပြီ ဆိုတဲ့ အပြစ် ဖြစ်တဲ့ မနောစိတ် အစွဲကြောင့် ပဲ အပြစ်ပြန်ခံရတယ် ... လူတစ်ယောက်ရဲ့ နောင်လာမယ့် ကံကြမ္မာဆိုတာ ဒီနေ့ မနောကံအဖြစ် မောင်ရင် အစာကျွေးနေတဲ့ အတွေးတွေရဲ့ အကျိုးတရားပဲ ဒကာကြီး ...၊ ကောင်းတဲ့ အတွေးဟာ ကောင်းတဲ့ အရာတွေကို ဆွဲငင်ပြီး ကောင်းတဲ့ အကျိုးဖြစ်သလို၊ မကောင်းတဲ့ အတွေးဟာလည်း မကောင်းတဲ့ အရာတွေကိုပဲ အကျိုးဖြစ်စေတယ်၊ မောင်ရင်အသက် ရှင်ခဲ့တာဟာ 'အသက် ဆက်ရှင်

ရမယ်’ ဆိုတဲ့ မောင်ရင့် မနောကံ စိတ်စွမ်းအားနဲ့ ပတ်ဝန်းကျင်ကောင်းရဲ့ ထောက်ပံ့ မှုတွေကြောင့် အကျိုး ဖြစ်ခဲ့တာပဲ ဒကာကြီး"

"လွန်ခဲ့တဲ့ နှစ်ပေါင်းများ စွာ ကတည်းက ကျုပ်တို့ တစ်ရွာလုံး မကောင်းဆိုးဝါးတွေကို နှိမ်နင်းနိုင်ဖို့ မျှော်လင့်ခဲ့ကြတာပါ ဘုရား ... ဒါပေမဲ့ ရွာက လူတွေသာ တစ်ယောက်ပြီး တစ်ယောက် သေတယ်၊ ဘာမှ ပြောင်းလဲ မလာပါဘူး"

"မျှော်လင့်ချက်ဆိုတာ မပြည့်ဝတဲ့ လစ်ဟာမှု မနောစိတ်တစ်မျိုးပဲ ဒကာကြီး ... ထိုင်မျှော်လင့်နေရုံနဲ့ ဖြစ်ချင်တာတွေ ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး "

"ဒါဆို ကျုပ်တို့ သာ ကျုပ်တို့ ရွာက မကောင်းဆိုးဝါးတွေ နှိမ်နင်းနိုင်မယ်လို့ ယုံကြည်ရင် တကယ် နှိမ်နင်းနိုင်မှာ လား ဘုရား"

"အတွင်းစိတ်မှာ စွဲနေတဲ့ ယုံကြည်မှုအစွဲ ဘယ်လောက် ခိုင်မာလဲဆိုတဲ့ ပေါ် မူတည်ပြီး အဖြေက ပြောင်းလဲ သွားမှာ ပဲ ဒကာကြီး"

ထပ်မေးစရာ မေးခွန်းမရှိတော့ပေ။ ဦးရင်ကျော် ရသေ့ကြီးပြောသမျှ ယုံကြည်မိသည် ။ သို့သော် နားလည်း မလည်။ ရိုးမရွာ၏ အနာဂတ်သည် ရှုပ်ထွေး နောက်ကျလွန်းပါ၏။

* * * * *

# အခန်း(၉)

အမရာမြစ်နှင့် ဒန္တာမြစ်တို့ ဆုံသည် နေရာ။ အဝါရောင်မြစ်ရေနှင့် နက်မှောင်သော မြစ်ရေတို့ သည် စည်းတစ်ခု၏ တစ်ဖက်တစ်ချပ်မှာ ရှိနေကြသည် ။ မွန်းတည့်နေပူပူ စူးရှရှ အလင်းရောင်နှင့် ညဝင်မိုးချုပ် အလင်းရောင် ခပ်မှိုင်းမှိုင်း လင်း နေသကဲ့သို့ ညိုညစ်ညစ် အလင်းရောင်တို့ တစ်ဖက်တစ်ခြမ်းစီ အလင်းအမှောင် ကွဲနေသည် ။

ဒန္တာမြစ် ...

အကွေ့အကောက် အဝိုက်အဝန်း များ လှသော ဒန္တာမြစ်ကြောင်းသည် မြူများ ဆိုင်းနေသည့် အုံ့ပျက်ပျက် ညိုမှောင်မှောင် တောင်တန်းများ စီ ဦးတည် စီးဆင်းနေသည် ။ မှောင်မည်းသော တောအုပ်သည် ဒန္တာမြစ် တစ်ဖက်တစ်ချပ်မှာ ထက်ကြပ်မကွာရှိနေ၏။

ဒီနေရာကို အကြိမ်ပေါင်း များ စွာ ရောက်ဖူးသည် ။ ခုလိုပဲ အမရာမြစ်ကြောင်း အဆုံးကနေ မှောင်နေသည့် ဒန္တာမြစ်ကြောင်းအား ငေးကြည့်ရင်း တောင်တန်းတွေအား လည်းကောင်း မှောင်မည်းသည့် တောအုပ်အား လည်းကောင်း စိတ်ဝင်စားခဲ့ဖူးသည် ။ ပြင်းပြင်းထန်ထန် တားမြစ်ထားမှုကြောင့် အကြိမ်ကြိမ် နောက်လှည့်ပြန်ခဲ့ရတိုင်း သူ့စိတ်က ဒန္တာမြစ်တစ်ဖက်မှာ ကျန်ခဲ့ သည် ။ ဟိုဘက်မှာ ဘာတွေရှိမလဲ စိတ်ဝင်စားခဲ့ဖူးသည် ။ တရားထိုင်ရင်း မှောင်မည်း

တိတ်ဆိတ်သည့် ဒန္တာမြစ်တစ်ဖက်ကို စိတ်နဲ့ အကြိမ်ကြိမ်အခါခါ ကူးလူးသွားခဲ့ဖူးသည် ။ ခုတော့ ဒန္တာမြစ် တစ်ဖက်ကို သွားရတော့မည်။ သူ အ လွန်အမင်း စိတ်ဝင်စားခဲ့သည့် နေရာကို သွားခွင့်ရခဲ့ပြီ ...

"မောင်ရင့်အတွက် အချိန်ရှိသေးတယ် လူလေး ... မောင်ရင် ပြန်လှည့်ချင်တယ် ဆိုရင် ကျုပ်မတားပါဘူး နေရစ်ခဲ့ပါ"

စကြာ ဦးရင်ကျော်အား အံ့သြသလို လှည့်ကြည့်မိ၏။

"ကျုပ်က ဘာလို့ ပြန်လှည့်ရမှာ လဲ ဘထွေး ... ဘထွေးကို ရှာဆီ အန္တရာယ်ကင်းကင်း ပြန်ပို့ဖို့ နဲ့ ရိုးမရွာသူရွာသားတွေကို ကျုပ်တတ်အား သလောက် စောင့်ရှောက်ပေးဖို့ အဘကို ကတိ ပေးခဲ့တယ်"

"မောင်ရင့် တစ်သက်လုံး ရသေ့တောင်မှာ ပဲ ကြီးပြင်းခဲ့တာ မဟုတ်လား"

"ဟုတ်ပါတယ်"

"မောင်ရင် ဘာမှ မသိပါဘူး ... ဟိုဘက်အမှောင်ထဲကို ကူးလိုက်ပြီ ဆိုတာနဲ့ ဟောဒီ နေမင်း အလင်းရောင်ကို မောင်ရင် ဘယ်တော့မှ မြင်နိုင်တော့မှာ မဟုတ်ဘူး ၊ ပြီးတော့ ဟိုဘက်မှာ မောင်ရင့်အသက်ကို ဇီဝိန်ခြွေမယ့် အန္တရာယ်တွေ အများကြီး စောင့်နေကြတယ် ... ကျုပ်ကိုယ်တိုင် ဘယ်လို အန္တရာယ်တွေနဲ့ ကြုံရမလဲ မသိသေးဘူး၊ မောင်ရင့် အသက်ငယ်ငယ်လေး ရှိပါသေးတယ် ... ဟိုဘက် ရောက်ပြီးမှ တစ်သက်လုံး နောင်တရနေရလိမ့်မယ် ... နေခဲ့ပါ"

ဦးရင်ကျော် ရိက္ခာထုပ်များ နှင့် တောရှင်းသည့် ဓားအား ကောက်ကိုင်ပြီး သွားဖို့ ပြင်နေလျှင် စကြာ ဦးရင်ကျော်၏ လက်အား ဆုပ်ကိုင်တားဆီးလိုက်၏။

"ဘထွေး ... ဘထွေးက ကျုပ်သေမှာ စိုးရိမ်နေတာလား"

မစိုးရိမ်ဘဲ နေမလား ...။

ဤလူငယ်လေးက သူ့အသက်သခင် ကျေးဇူးရှင် ဖြစ်သည့် အပြင် သူ နေမကောင်းသည့် တစ်ပတ်လုံး အနီးကပ် ပြုစုပေးခဲ့သည် ။ လူတစ်ယောက်ကို လွယ်လွယ် မခင်တွယ်တတ်သည့် သူ့အကျင့်ကြောင့် သာ ခပ်တန်းတန်း နေခဲ့မိပေမဲ့ စကြာကို သူခင်သည် ။ အပြစ်ကင်းစင်တဲ့ လူငယ်လေး တစ်ယောက်အား အန္တရာယ်တွင်းထဲ ဆွဲခေါ်မသွားချင်ပေ။ လမ်းကအန္တရာယ် အပေါင်းကို ဒီကလေး တွန်းလှန်နိုင်တယ် ဆိုရင်တောင် ရွာရောက်တာနဲ့ သေမှာ သေချာသည် ။ ရိုးမရွာကို ရောက်တာနှင့် စကြာ ဘာတွေဖြစ်နိုင်လဲ သူသာအသိဆုံး ...။

"လူမှန်ရင် မသေမျိုးရှိလား ဘထွေး ... ကျုပ်တော့ သေရမှာ မကြောက်ဘူး၊ မသေခင် အကောင်းဆုံး ကြိုးစား ရှန်းကန်ခွင့် မရလိုက်မှာ ပဲ ကြောက်တယ်"

"မင်းမသိဘူး စကြာ ... မင်းဘာမှ မသိသေးပါဘူး၊ လောကကြီးက မင်း သေသေရှင်ရှင် ဂရုမစိုက်ဘူးကွ ... မင်းအကောင်းဆုံး ရှန်းကန် အသက်ရှင်နေ တာကိုရော ဘယ်သူက အသိအမှတ် ပြုမှာ တဲ့ လဲ"

"ကျုပ်ကိုယ်ကျုပ် သိတယ် ... လူဟာသူများ အသိအမှတ်ပြုခံရဖို့ အသက်မရှင်သင့်ဘူး၊ မိမိကိုယ်ကို သိဖို့ လိပ်ပြာလုံဖို့ ပဲ လိုတယ် ... ကျုပ် အကောင်းဆုံး အသက်ရှင် နေထိုင်မှ သာ ကျုပ်နှလုံးသား ကျုပ်အသက် ဝိညာဉ်အတွက် အကောင်းဆုံး အစာဖြစ်မယ်၊ ခိုင်မာတဲ့ နှလုံးသား ဖြစ်မယ် ... ကိုယ့်ကိုယ်ကိုယ် ပိုင်နိုင်တဲ့ လူ အစိုးရတဲ့ လူဟာ စွမ်းအားအကြီးဆုံးလူ ... အရာအားလုံးကို အစိုးရတဲ့ လူပဲဘထွေး၊ ကျုပ်ပတ်ဝန်းကျင် ကျုပ်နေထိုင်တဲ့ ကမ္ဘာ ကျုပ်ချစ်တဲ့ လူတွေအတွက် ဘာမှ လုပ်မ

ပေးနိုင်မှ တော့ ကျုပ်ရှိနေခြင်းက ဘာများ အသုံးဝင်တော့ မှာ လဲ ... ဒီလို အကျိုးမဲ့ ရှင်သန်နေရမှာ ထက် စာရင် ကြိုးစားရင်း သေသွားတာက ပိုကောင်းပါသေးတယ်၊ ကျုပ် ဘထွေးနောက် လိုက်လာတယ်ဆိုတာ ဘယ်သူ့ အတွက်မှ မဟုတ်ဘူး ... ကိုယ့်အတွက် ကိုယ်လုပ်နေတဲ့ အလုပ်ဖြစ်တဲ့ အတွက် ကျုပ်သေခြင်းရှင်ခြင်းအတွက် ဘထွေးမှာ တာဝန်မရှိဘူး ... နောင် ကျုပ်တစ်ခုခု ဖြစ်သွားခဲ့ရင်လည်း ဘထွေးအပြစ် မဟုတ်ပါဘူး"

ရုတ်တရက် စေတနာ စော်ကား ခံလိုက်ရသလို ဒေါသ ဖြစ်သွားသော်လည်း စကြာ စကားများကြောင့် သူအနည်းငယ် စိတ်သက်သာသွားတာတော့ အမှန်ပင်။ စကြာသည် အမြဲတမ်း သူ့ရင်ထဲကို လှမ်းမြင်နေရသကဲ့သို့ အားလုံး သိနေမြင်နေပြီးသားလို ပြောဆိုတတ်သည် မှာ အဆန်း မဟုတ်တော့ပေ ...

"သွားကြမလား ဘထွေး"

ရိက္ခာထုပ်များအား ကောက်ထမ်းရင်း မေးလျှင် ဦးရင်ကျော် သူ့လက်ထဲမှာ ဆုပ်ကိုင်ထားသည့် တောရှင်းသည့် ဓားအား ခပ်တင်းတင်း ဆုပ် ကိုင်ရင်း ခေါင်းညိတ်လိုက်၏။ ဒန္တာမြစ်ဘေး ကမ်းနဖူး အလင်းမှိန်ဖျော့ဖျော့ တောအုပ်ထဲသို့ ခြေစလှမ်း မိသည် နှင့် မျက်စိရှေ့နားပါ အငြိမ်မနေနိုင်ဘဲ သတိကြီးစွာ ထားရသည် ။ မြေပြင်ပျော့ပျော့သည် လည်းကောင်း စိမ်းလန်းသော သစ်ပင်များ သည် လည်းကောင်း လေပြည်အေးအေးထိပါ အန္တရာယ်တွေ ရောယှက်ပါ လာနိုင်သည် မို့ အစစအရာရာ သတိထားသွားရ၏။ စကြာသည် လည်း သူနှင့် ထပ်တူ သတိထား လှမ်းရင်း ပတ်ဝန်းကျင်အား စေ့စေ့စပ်စပ် အကဲခတ်ရင်း လိုက်ပါလာသည် ။

ခုချိန်ထိတော့ အေးချမ်း နေသေး၏။

* * * * *

# အခန်း(၁၀)

နှစ်ရက် တိတိရှိခဲ့ပြီ ...။

သူနှင့် ရွာသားတွေ လာတုန်းက အသက်မရှူနိုင်အောင် ကြောက်စရာ ကောင်းသည့် အန္တရာယ် အပေါင်းနှင့် အကြီးအကျယ် ဒုက္ခပေးခဲ့သည့် အမှောင်တောသည် စကြာပါနေမှ အံ့ဩစရာ ကောင်းအောင် အေးချမ်းနေသည် ။ သားရဲ တိရစ္ဆာန် အန္တရာယ်၊ အဆိပ်ရှိသည့် သတ္တဝါ အန္တရာယ်နှင့် တောကြီးမျက်မည်းမို့ ဂရုစိုက် သွားလာနေရသည် မှ လွဲ၍ ဘာဆို ဘာအန္တရာယ် ဘာဒုက္ခမှ ကိုမ ရောက်ပေ ...။

"စကြာ ... မောင်ရင့်ကို ရသေ့ကြီးက မကောင်းဆိုးဝါးတွေ ထွက်ပြေးစေတဲ့ အစွမ်းထက် လက်နက် တစ်ခုခုများ ပေးလိုက်လား"

"ဘာဖြစ်လို့ လဲ ဘထွေး"

သူခေါင်းကို လေးပင်စွာ ခါယမ်းမိရင်း ဘာမှ ပြန်မပြောဖြစ်။ သူတို့ အဖွဲ့ ရွာက ထွက်လာတုန်းက ရွာပြင်ရောက်ပြီး တောထဲစပြီး ညအိပ်ရကတည်းက ပြဿနာ စခဲ့သည် ။ အားလုံး ပင်ပင်ပန်းပန်းနဲ့ အိပ်ပျော်နေတုန်း တဒုန်းဒုန်း အသံများကြားပြီး အိပ်ချင်မူးတူး ထကြည့်မိစဉ် တောထဲရှိ သစ်ပင်များ ပေါ်မှ လူလိုလို ဝက်ဝံလိုလို မည်းမည်းအရိပ်များ အသီးသီး ဆင်းလာကြပြီး သူတို့ လူ စုရှိရာသို့ မြေပြင် တသိမ့်သိမ့်တုန်သည် အထိ အသံနက်ကြီးများ ပေးပြီး ပြေးလာကြ၏။ ဘာမှန်းညာမှန်း

မသိ ကြောက်မက်ဖွယ် ထူးဆန်းသည့် အသံများ ကြားသည် နှင့် အားလုံး ဖနောင့်နဲ့ တင်ပါး တသားတည်းကျအောင် ပြေးကြသည် ။ တစ်ညတည်းနဲ့ လူစုတွေကွဲ၊ အလဲလဲ အကွဲကွဲ ဒဏ်ရာတွေရပြီး အကြောက်လွန်သေသည့် ရွာသားနှစ်ယောက်ပါ အဖတ်တင်သွား၏။ နောက်နေ့ မိုးလင်းတော့ အဲဒါတွေမရှိတော့၍ အေးအေးဆေးဆေး အနားယူအိပ်ရမလား မှတ်သည် သူတို့ နာမည်ကို တကြော်ကြော် အော်ခေါ်နေသံ ကြားရသည် ။ တောထဲမှာ ခေါ်သံတွေကြားသည် မို့ မထူးဘဲနေလေ တစ်တောလုံး ဆူညံပွက်လော ရိုက် လာလေ ဖြစ်ကာ နောက်ဆုံးအသံတွေ မကြားရတော့တဲ့ အထိ အသားကုန် ပြေးရပြန်သည် ။ နောက်တော့ မြေပြင်နေရာလပ် မကျန် နင်းမိတိုင်း သဲနွံဖြစ်ပြီး ကျွံကျွံဝင်သွား၍ အပင်တွေပေါ်တက်နေခဲ့ရသည် ။ နောက်တော့ မုဆိုးဖိုးထောင် ပြောသည့် သွေးစုပ်သည့် နွယ်များ နှင့် တိုးပြီး ပြေးရပြန်သည် ။ အန္တရာယ် တစ်ခု ကျလာတိုင်း လူနှစ်ယောက်သုံးယောက် သေကျန်ခဲ့သည် ။ နောက်တော့ ခရီးသာ ဆက်နေရသည် ။ ဘယ်အချိန် ဘာဖြစ်ပြီး ဘယ်သူသေကျန်ခဲ့မလဲ ရင်တမမ ထိတ်လန့်လာကြရသည် ။ နောက်ဆုံး သူတစ်ယောက်တည်း ကျန်ခဲ့ပြီး ဘယ်လိုက ဘယ်လို ရသေ့ကြီးဆီ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားလဲ သူမမှတ်မိတော့။ သူကြုံခဲ့ရသမျှကို စကြာအား ပြန်ပြောပြလိုက်၏။

"ကျုပ်တို့ တောထဲ စရောက်ကတည်းက တစ်ရက် တစ်ခဏလေးတောင် အေးအေး မနေခဲ့ရဘူး ... ခု မောင်ရင်နဲ့ ကျတော့ ဘာဆို ဘာမှ မဖြစ်တဲ့ အပြင် ခရီးက ချောမွေ့နေသလိုပဲ၊ မှန်မှန်ပြောစမ်း စကြာ ... မောင်ရင့်ကို ရသေ့ကြီးက အစွမ်းထက် လက်နက်တစ်ခုခု ပေးလိုက်တယ် မှတ်လား"

တောက မှောင်သထက် မှောင် လာပြီဖြစ်သည် ။ သို့တိုင် ပိန်းပိတ်

အောင် မှောင်မလာမချင်း သူတို့ ခရီးဆက်ခဲ့ကြသည် မို့ နားဖို့ နေရာရှာရင်း အလင်းရောင်ရှိသရွေ့ ဆက်သွားနေမိကြသည် ။ တစ်တောလုံး တိတ်နေသော ကြောင့် သူတို့ စကားပြောတိုင်း စကားသံတွေ ပဲ့တင်ထပ်သလို ဖြစ်နေတတ်၏။ ဒါလည်း အစက ကိုယ့်အသံကို ပြန်ထိတ်လန့်မိလျက် စကားသိပ်မပြော ဖြစ်သော်လည်း နှစ်ရက်လွန်လာတော့ အကျင့်လိုဖြစ်ပြီး ပြောစရာရှိ ရဲရဲပြောနိုင် နေပြီဖြစ်သည် ။ စကြာက ထုံးစံအတိုင်း လမ်းလျှောက်နေလျက်က နားနှင့် မျက်လုံးကို နည်းနည်းမှ အနားမပေးဘဲ ပတ်ဝန်းကျင်ကို ဝေ့ဝဲ အကဲခတ်နေရင်း သူ့ကိုပြန်ဖြေ၏။

"အဘက ဘာလက်နက်မှ မပေးလိုက်ပါဘူး ဘထွေး ... ကျုပ်လူမှန်းသိတတ်စကတည်းက အသက်တရှိုက်တိုင်းမှာ သရဏဂုံသုံးပါးကို စိတ်နဲ့ ရွတ်ဖတ်ပူဇော်လာခဲ့တာ အဲဒါကြောင့် ပဲ ဖြစ်မယ် ထင်တယ်"

"သရဏဂုံသုံးပါး ရွတ်လို့ ဟုတ်လား"

သူခြေလှမ်း တုံ့ခနဲ ရပ်ပစ်လျှင် စကြာ သူ့အား ပြန်လှည့်ကြည့်သည် ။

"သရဏဂုံသုံးပါးက အဲလောက်ပဲ အစွမ်းထက်တယ်ပေါ့"

နာနာကျင်ကျင် မဲ့ရင်း မေးလိုက်သည့် သူ့မေးခွန်းအား စကြာ ချက်ချင်းမဖြေပါ။ ထုံးစံအတိုင်း သူ့မျက်လုံးတွေကို စိုက်ကြည့်၍ သူ့ရင်ထဲမြင်အောင် စူးစိုက်ကြည့်နေရင်း သူဆက်ပြောမယ့် စကားအား စောင့်နေ၏။

"ကျုပ်တို့ ရွာက ဘုရားတရား အရမ်းကြည်ညိုတဲ့ အမေအိုတစ်ယောက် သရဏဂုံသုံးပါး ရွတ်လို့ မပြီးခင်မှာ ပဲ မကောင်းဆိုးဝါးက ဇက်ချိုးသတ်တာ ခံလိုက်ရတယ် ... ကျုပ်မေးချင်တာ မောင်ရင့် သရဏဂုံသုံးပါးက လူရွေးပြီး အစွမ်းထက်တာလား ဒါမှ မဟုတ် မောင်ရင် တစ်

ယောက်တည်း အတွက်ပဲ အစွမ်းထက်တာလား၊ မောင်ရင့် သရဏဂုံ ရွတ်ရုံနဲ့ အန္တရာယ် အပေါင်းက ကင်းတယ်ဆိုရင် ကျုပ်တို့ ရွာမှာ ဘုရား တမိတာနဲ့ သေကြရတာ ဘာကြောင့် လဲ"

အမြဲတမ်း တည်ငြိမ်ပြီး အကဲခတ်ရခက်သော စကြာမျက်နှာမှာ စိတ်မကောင်းခြင်းနှင့် စိတ်ရှုပ်ထွေးခြင်းတို့ အထင်းသား ထင်ဟပ်နေသည် ။ သူ့ကို တစ်စုံတစ်ရာ ပြန်ရှင်းမပြနိုင်ရုံမက သူကိုယ်တိုင် နားလည်နိုင်ဖို့ ကြိုးစားနေပုံရလျက် သူ့အား တစ်ခွန်းမှ ပြန်မပြောနိုင်ပေ။ သူ စကြာအား ရှောင်ပြီး ရှေ့က ဦးဆောင် သွားလိုက်၏။ စကြာ သူ့နောက်က အသံတိတ် လိုက်ပါလာသည် ။ နှစ်ယောက်သား တိတ်ဆိတ်စွာ ခရီးဆက်လာခဲ့ကြတာ နားပြီး ဗိုက်ဖြည့် ရေသောက်ပြီးတော့ ဆက်သွားနှင့် တဖြည်းဖြည်း တတိယနေ့ နေ့ဝင်ချိန်သို့ ရောက်လာ၏။ သူစကြာကို ခဏနားကြဖို့ ပြောရန် ဟန်ပြင်လိုက်စဉ် စကြာ ခြေလှမ်း တုံ့ခနဲရပ်သွား၏။ တစ်စုံတစ်ရာကို သတိကြီးစွာ ထားနေသည့် မျက်နှာဖြင့် ပတ်ဝန်းကျင်ကို စိုးရိမ်တကြီး လိုက်ကြည့် စူးစမ်းနေသည် ။ ကိုင်းပင်ရှည်များ ဖြင့် ဖွက်ထနေသည့် ခပ်ပျော့ပျော့မြေပြင်၊ အဝါတောက်တောက် ပန်းပွင့်ကြီးများ ဝေဆာအောင် ပွင့်နေသော အုံလိုက်ရှိနေသည့် ပန်းပင်များ ၊ ထိုပန်းပင်အုံလိုက်၏ မလှမ်းမကမ်းမှာ ဗာဒံရွက်လိုလို သစ်စိမ့်ပင်မှ အရွက်လိုလို အရွက်ပုံစံချင်းဆင်တူလျက် နုလွသော အစိမ်းရောင် လွင်နေသည့် အရွက်များ အုပ်ခဲဝေဆာနေသည့် သစ်ပင်ကြီးတစ်ပင်။ ထိုသစ်ပင်၏ ပင် စည်မှာ ယောက်ျား လက်တစ်ပွေ့သာသာရှိပြီး နွယ်တို့ ပင်စည် ပတ်ပတ်လည် ရစ်သိုင်းရှုပ်ထွေးစွာ ပေါက်နေပြီး အရွက်များ ရှိသည့် ထိပ်ပိုင်းက စိမ်းမြလှပသလောက် ပင်စည်မှာ အဖုအထစ်များ ဖြင့် တုတ်ခိုင်သော နွယ်များကြောင့် မကောင်းဆိုးဝါးရုပ်များ ထွင်းထားသလို ရုပ်ဆိုးလှ၏။ စကြာသည် ထိုအပင်အား တစ်ပတ်လည်သည် အထိ

စိတ်ဝင်တစား လိုက်ကြည့်ရင်း စဉ်းစားနေ၏။

"ဘာဖြစ်လို့ လဲ"

စကြာ သူမေးတာကို ပြန်မဖြေ။ အပင်နှင့် ပတ်ပတ်လည်ကို လိုက်ကြည့်ပြီးနောက် သူ့ကို လှည့်ကြည့်လာသည် ။

"ဘထွေးရွာက ထွက်လာတုန်းက ဘယ်သူတွေ ပါသေးလဲ"

"ကျုပ်တို့ ရွာသားတွေ ကျုပ်အပါအဝင် အားလုံး ဆယ့်နှစ်ယောက်"

"သူတို့ ဘာဖြစ်သွားကြလဲ"

ဦးရင်ကျော် မျက်ခုံးများ တွန့်ကုတ်သွား၏။ သူတို့ အုပ်စုရွာကနေ ထွက်လာကြသည် ။ ရှေ့မှာ ရွာက ထွက်သွားတဲ့ လူတိုင်း ပြန်မလာနိုင်ကြ။ ဘာဖြစ်သွားမှန်း မသိဘဲ ဘယ်တော့မှ ပြန်မလာ ကြတော့ပေ။ အဲဒီလူတွေ သေသွားကြတာလား ဒါမှ မဟုတ် မြို့သစ် ရွာသစ်တွေ့ပြီး အဲဒီမှာ ပဲ အခြေချနေပြီး ပြန်မလာကြတော့တာလား သူတို့ မသိ။ သူတို့ကတော့ ရွာအတွက်ရွာက ဒုက္ခ အပေါင်းမှ ကယ်တင်ပေးနိုင်မယ့် ကယ်တင်ရှင် သွားပင့်ဖို့ ပါ။ အားလုံး စိုးတရွံ့ရွံ့ တစ်ယောက်ကို တစ်ယောက် သတ္တိရှိချင်ယောင် ဆောင်ပြီးအားပေးရင်း မဝံ့မရဲ။ တောထဲ တဖြည်းဖြည်း ဝင်လာတာ တစ်ရက် နှစ်ရက် သုံးရက်ထိ ဒုက္ခမျိုး စုံခံခဲ့ကြရတာ အသက်လု ပြေးခဲ့ကြရတာ သတိရသည် ။ အဲဒီနောက် ... အဲဒီနောက် မှာ ...

ဦးရင်ကျော် စကြာအား တအံ့တသြ ပြန်ကြည့်မိသည် ။

"ကျုပ်မသိတော့ဘူး ... ကျုပ်တို့ ဘာဖြစ်ခဲ့မှန်း ကျုပ်လုံးဝ မမှတ်မိတော့ဘူး"

စကြာသည် သူ့စကားကို နားထောင်ပြီး စဉ်းစားနေပြန်သည် ။

"ဘထွေး … အနံ့ရလား"

"ကျုပ်လည်း ကြည့်နေတာ … ဒီလို တောပန်းလေးမျိုးက ဒီလောက် ကောင်းတဲ့ အနံ့ ထွက်နေတာ ထူးဆန်းလို့ "

စကြာ သူ့စကားအား ဖြည်းလေးစွာ ခေါင်းခါငြင်းဆန်၏။

"အဲဒါ ဒီပန်းနံ့ မဟုတ်ဘူး ဘထွေး"

ဦးရင်ကျော် ပတ်ဝန်းကျင်ကို တစ်ချက် ဝေ့ကြည့်မိပြန်သည် ။ ထို ပန်းအဝါများ ရဲ့ အနံ့ မဟုတ်ပါက ဘယ်ကလာနေတဲ့ အနံ့လဲ …။ အခု သူရနေသော ပန်းနံ့မှာ စံပယ်၊ မြတ်လေး၊ နှင်းဆီ ရခဲ့ဖူးသမျှ ဘယ်ပန်း နံ့နဲ့ မှ မတူ။ ဘယ်အနံ့နဲ့ ဆင်ဆင် တူပါတယ်လို့ မှ နှိုင်းမရလောက် အောင် ထူးခြားပြီး မွှေးပျံ့လွန်း၏။ အာသာဝတီ နတ်ပန်းနံ့ကို မရဘူး မ ကြုံဘူးပေမဲ့ နတ်ပန်းနံ့ကဲ့သို့ဟု ခိုင်းနှိုင်း ပြောရမယ့် အထိပါ …၊

"ဘထွေး … ဒီနေရာကို လုံးဝ မရောက်ဖူးတာတော့ သေချာတယ် ပေါ့"

"သေချာ ပါတယ်ကွယ် … ကျုပ်ဒီနေရာကို လုံးဝမသိပါဘူး၊ ကဲပါ လေ … မောင်ရင့်ကို ကြည့်ပြီး ကျုပ် ဒီမှာ ရပ်နေရတာ ကျောချမ်းလာသ လိုလိုပဲ၊ ခရီးဆက်ကြမယ်လေ"

"ကျုပ်တို့ ဒီမှာ ပဲ နားမယ်"

စကြာက ဆုံးဖြတ်ပြီးသကဲ့သို့ ယတိပြတ်ပြောပြီး ညအိပ်ဖို့ ပြင်ဆင် နေသည် ။ မီးမွှေးဖို့ ထင်းရှာခြင်း၊ ရေခပ်ခြင်း၊ လိုအပ်တာ ပြင်ဆင်တာ တွေ အားလုံး သူ့ကို အနားယူစေလျက် သူတစ်ယောက်တည်းပဲ မြန်ဆန် စွာ လှုပ်ရှားသွား၏။ မိုးစုတ်စုတ် ချုပ်သွားသောအခါ မအိပ်ခင် စကြာက သူ့လက်နှင့် ဦးရင်ကျော်၏ လက်ကို ကြိုးချည်၏။

"ဘာလုပ်တာလဲ မောင်ရင်"

"လိုရမည်ရပေါ့ ဘထွေး ... တစ်ယောက် တစ်ခုခုဖြစ်ရင် တစ်ယောက် သိအောင်ပါ၊ ဘထွေး အိပ် ... ကျုပ်ကင်း စောင့်ပေးမယ်"

ဦးရင်ကျော် လက်ကို ကြိုးကိုကြည့်ပြီး အေးအေးဆေးဆေး နေသော်လည်း ပတ်ဝန်းအကျင် အနေအထားပေါ် လုံးဝ သတိကြီးစွာထား နေသည့် စကြာအား အကဲခတ်ကြည့်မိသည် ။

"ကျုပ်ကို မှန်မှန်ပြောစမ်းပါ စကြာ ... ဒီမှာ ဘာဖြစ်လို့ တည်းချင်တာလဲ၊ ပန်းနံ့ကရော ဘယ်ကရနေတာလဲ ... မောင်ရင်အန္တရာယ် တစ်ခုခု ခံစားမိနေတာလား"

"အန္တရာယ်လို့ ပြောရမလား ... မသိဘူး ဘထွေး၊ ကျုပ်စိတ်ထဲမှာ ဒီနားမှာ တခြားလူတွေ ရှိနေတယ်လို့ ခံစားမိနေတယ်"

စကြာစကားကြောင့် ဦးရင်ကျော် ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်ရင်း စိတ်မလုံ ဖြစ်သွား၏။

"ဘယ်လိုကွဲ့ ... တခြားလူတွေ ဆိုတာ ဘယ်သူတွေကို ပြောတာလဲ"

"ခုထိဘာမှ မသိသေးပါဘူး စောင့်ကြည့်ကြတာပေါ့"

ခက်ပါလား ...။

စောင့်ကြည့်တာက လူအန္တရာယ် မရှိရင် ဟုတ်တာပေါ့ ... တခြားလူတွေဆိုတာ ဘာလဲ ...။ ဘယ်သူမှ မရှိသည့် မှောင်နှင့် မည်းမည်း တောထဲမှာ တခြားလူတွေ ရှိတယ်လို့ ခံစားမိပါတယ် ဆိုတော့ ဧကန္တ သရဲ၊ တစ္ဆေ၊ မကောင်းဆိုးဝါးတွေ များ လား ...။

ဦးရင်ကျော် အတွေးနှင့် အတူ မီးပုံမှ မီးအလင်းရောင် အစွန်းကျနေ

သည့် အမှောင်ထုအား ဝေ့ဝဲကြည့်မိသည် ။ ပတ်ပတ်လည် မှောင်မိုက်နေလျက် သစ်ပင်များက အမှောင်ထဲမှာ ပုံသဏ္ဍာန် အမျိုးမျိုးနှင့် ငုတ်တုတ်ထိုင်လို့ ။ မီးဖိုထားသည့် မီးညွန့်က လေမငြိမ်သည့် အတိုင်း လူးလွန့်လှုပ်ရှား နေသည် ။ လေတိုက်နေတော့ မီးကလည်း အကုန်မြန်နေသည် ။ စကြာက အိပ်ချင်စိတ်မရှိ၊ စကားလည်း မပြောဘဲ ငြိမ်သက်စွာ ထိုင်နေသည် ။ သူမီးညွန့်ကုန်သွားပြီး မှောင်မိုက်သွားနိုင်တာကို စိတ်ပူနေမိရင်း အိပ်မပျော်။ မတော်တဆ စကြာ အိပ်ပျော်သွားခဲ့ရင် မီးလည်း မီးစာကုန်ပြီး ငြိမ်းသွားခဲ့လျှင် အမှောင်ထဲမှာ အန္တရာယ် ရှိနိုင်သည် မဟုတ်လား ...။

အတွေးနဲ့ အတူ မအိပ်ဘဲ ထိုင်စောင့်နေမိတုန်း လက်တစ်ဖက် တင်းခနဲ ဖြစ်သွား၏။ ဦးရင်ကျော် စကြာဆီ အလိုလို လှမ်းကြည့်မိလျက်သားဖြစ်သွားသည် ။

ဟင် ... စကြာမရှိဘူး၊ ဒီကလေး ဘယ်ထသွားတာလဲ ...

ခုနလေးကပဲ ရှေ့မှာ ထိုင်နေသေးသည် ။ ခဏချင်းအတွင်း ခြေသံမကြားအောင် ဘယ်လိုများ ထွက်သွားပါ့လိမ့်။ အတွေးနှင့် အတူ ပတ်ဝန်းကျင်မှာ ဝေ့ဝဲရှာကြည့်မိစဉ် အမှောင်ထဲကို တိုးဝင်သွားသည့် စကြာကျောပြင်ကို ခပ်ပျပျတွေ့လိုက်ရ၏။

"စကြာ ... ဟေ့၊ ဟေ့စကြာ တစ်ယောက်တည်း ဘယ်သွားတာလဲ"

ဦးရင်ကျော် စကြာအမှောင်ထဲမှာ မျက်ခြည်ပြတ်သွားမှာ စိုးသည့် စိတ်ဖြင့် ကမန်းကတန်း ထပြေးလိုက်သွားမိသည် ။ သူ့လက်မှာ ချည်ထားသည့် ကြိုးသည် အလိုလိုပြုတ်ကျန်ခဲ့၏။ ဘယ်လောက်တောင် စိတ်လောကြီးမိလဲဆိုလျှင် မီးပုံက မီးစွဲနေသည့် ထင်းချောင်း တစ်ချောင်းတောင် ယူမလာမိခဲ့။ သူသည် အမှောင်ထဲမှာ ခပ်ပျပျ လှမ်းမြင်နေရသ

ည့် စကြာ ကျောပြင်ကို စူးစိုက်ကြည့်ရင်း ပြေးလိုက်နေမိသည် ။ အချိန်တွေ တရွေ့ရွေ့ ကုန်လာသည် ။ စကြာ သည် ရှေ့က သွားနေဆဲ၊ သူက လည်း နောက်ကနေ ထက်ကြပ်မကွာ လိုက်နေမိ ဆဲ။ သူ့စိတ်ထဲမှာ မျက်ခြည် ပြတ်သွားတာနဲ့ စကြာကို လုံးဝ ပြန်တွေ့ရတော့မှာ မဟုတ်ဟု ထင်နေသည် ။ စကြာ သူ့မြင်ကွင်းက ပျောက်သွားမှာ ကို အလွန် အမင်း စိုးရိမ်နေမိ၏။

သို့သော် သူအသည်းအသန် ပြေးလိုက်နေမိသည် တိုင် စကြာကို မမီနိုင်ပေ။ စကြာသည် ဝေးသထက် ဝေးသွား၏။ အမှောင်ထဲမှာ စကြာ၏ ကျောပြင်ဖြူပြပြသည် ဖြည်းဖြည်းချင်း ဝေးကွာ သွားရာမှ လုံးဝ ပျောက်ကွယ်သွားပြီ ဖြစ်၏။ သူအဆမတန် မောဟိုက်ပင်ပန်းနေပြီး ပတ်ပတ်လည် အမှောင်ထုသည် သူ့ကိုသွေးပျက် ချောက်ချားစေသည် ။ ကူရာကယ်ရာမဲ့ သိမ်ငယ်စေသည် ။ သူ ဘယ်ကို ဆက်သွားရမှန်း မသိတော့။ မည်သည့် အရပ်မျက်နှာကို ဦးတည်နေမိသလဲ ဘာဆိုဘာမှ မသိတော့။ ဦးတည်လိုက်တဲ့ အရပ်မျက်နှာတိုင်းမှာ ကိုယ့်လက်ကို ထောင်ကြည့်လျှင်ပင် မမြင်ရသော အမှောင်ထုသည် သာ ကြီးစိုးမင်းမူနေသည် ။ ထိုစဉ် ...

"ဟာ ... ဟာ ဟာ"

တူရိယာမှ ထွက်သည့် ဂီတသံမဟုတ်။ လူပါးစပ်မှ ထွက်လာသည့် သာယာနာပျော်ဖွယ် တေးသံ ... ဒါပေမဲ့ သံရှည်ဆွဲပြီး ဆိုနေပေမဲ့ ဘာရယ် လို့ ခန့်မှန်းမရသည့် သီချင်းသံတစ်ခု အဝေးဆီမှ သဲ့သဲ့ပျံ့လွင့်လာ၏ ။ ရေနစ်သူ၏ ကောက်ရိုး တစ်မျှင်ကဲ့သို့ သူသည် အသံလာရာသို့ အားကိုးတကြီး ပြေးလိုက်မိသည် ။

"ဟာ ... ဟာ ဟာ"

သာယာလိုက်တဲ့ အသံ ...။ သိမ်မွေ့ပျော့ပျောင်းပြီး ဘယ်လောက်တောင် မိန်းမောဖွယ် ကောင်းလိုက်ပါသလဲ ...။

အသံမကြားခင်က တွယ်ရာမဲ့ ကြောက်စိတ်များ သူ့စိတ်ထဲမရှိတော့ ။ ကြောက်စိတ်တင်မက ဘာဆို ဘာမှ မရှိတော့။ သူ့စိတ်သည် ဂီတသံကို စီးမျောခံစားရန် အသင့်ဖြစ်နေသည် ။ အမှောင်ထဲမှာ ပင် မျက်လုံး စုံမှိတ်စီးမျောခံစား ပစ်လိုက်ချင်မိသည် ။

သာယာလိုက်တာ ...။

ဘယ်နှကြိမ်မြောက်မှန်း မသိ။ ဝမ်းသာပီတိဖြင့် ရေရွတ်မိပြန်သည် ။ အသံဆီ ပြေးလိုက်နေသည့် သူ့ခြေလှမ်းတွေ မြန်လွန်းလို့ မြေကြီးနဲ့ ခြေထောက်နဲ့ ပင် ထိမှ ထိရဲ့ လားမသိ။ မောလည်း မမောနိုင်။ ပန်းလည်း မပန်းနိုင်။ အသံဆီ ဝမ်းမြောက်ဝမ်းသာ ပြေးနေမိသည် ။

"ဟာ ... ဟာ ဟာ"

နေပါဦး ... ဒီအသံ ငါကြားဖူးပါတယ်၊ ဘယ်မှာ ကြားဖူးတာပါလိမ့် ...

သူ့အာရုံထဲမှာ ရွာမှ ရိက္ခာထုပ်များ ။ အထုပ်ကိုယ်စီနှင့် သူနှင့် အတူ ခရီးထွက်လာကြသည့် ဖိုးခွား၊ မိုးအောင်၊ သိန်းလင်းနှင့် ရွာသားတစ်သိုက်တို့ ၏ ပုံရိပ်များ အရိပ်ထင်လာသည် ။ သူတို့ တောထဲကို ထွက် လာပြီး ဒုက္ခမျိုးစုံ အန္တရာယ်ပေါင်းစုံ ကြုံတွေ့ခဲ့ရသည် ။ တစ်ည ... ထိုတစ်ညနေမှာ ...

အုပ်ဆိုင်းကြီးမားသလောက် အစိမ်းနုနု အရွက်များ ဖြင့် လှပသော သစ်ပင်ကြီး ...။ သူ့ရဲ့ ရုပ်ဆိုးသော ပင်စည်မှာ ရစ်ပတ်နေသည့် နွယ်များ ၊ ပြီးတော့ အဝါရောင် ပန်းပွင့်တွေနဲ့ ထူးဆန်းမွှေးပျံ့လွန်းသည့်

ပန်းနဲ့ ...။

ဒါ စကြာနဲ့ သူ နေနေတဲ့ နေရာပဲ ... ဒီနေရာကို သူတို့ အဖွဲ့ ရောက်ခဲ့တာ သူ အဲတုန်းက ဘာလို့ များ မေ့နေပါလိမ့် ...

"ဘထွေး ... ဒီနေရာကို မရောက်ဘူးတာ သေချာလား"

ဟုတ်သည် ။ စကြာမေးခဲ့တုန်းက သူလုံးလုံး သတိမရခဲ့။ အဲဒီနေရာမှာ ပဲ သူတို့ ညအိပ်ခဲ့တာ။ ပြီးတော့ ဘာတွေ ဆက်ဖြစ်ခဲ့ပါလိမ့် ...။

"ဟာ ... ဟာ ဟာ"

ဦးရင်ကျော် ပိုပြီး နီးကပ်လာသော သီချင်းသံကြောင့် အတွေးစများ ပြတ်တောက်သွား၏။ သူဘာလို့ ဒီအဖြစ်ကြီး တစ်ခုလုံးကို မေ့နေခဲ့တာလဲ ... တကယ်ဆို စကြာကို သတိပေးခဲ့သင့်တာ ...

နေဦး ... ငါကရော ... ငါအခု ဘယ်မှာ လဲ ...

သူ စဉ်းစားမရ။ သူ သူ့ကိုယ်သူလိုက်ရှာပေမဲ့ ဘယ်မှာ မှန်းရှာမတွေ့ ။ သူဘယ်ရောက်နေလဲ လောလောဆယ် ဘာလုပ်နေတာလဲ စဉ်းစားမရ ။ သူသည် ဗလာနတ္ထိဟာလာ ဟင်းလင်း ဖြစ်နေသည် ။

နေပါဦး ... ပျောက်နေတာ စကြာလား ... ငါလား ... ။ ငါဘယ်မှာ လဲ ... ငါဘယ်ရောက်နေလဲ ... ။

မသိခြင်းနှင့် အတူ သည်းခြေပျက်မတတ် ကြောက်လန့်တုန်လှုပ်ခြင်း များအား ခံစား လိုက်ရ၏။ သူဘယ်မှာ လဲ သူမသိ။ သူ့ကိုယ်သူတောင် ရှာမတွေ့တာ တခြား တစ်ယောက်ယောက်က သူ့ကို ရှာတွေ့ပါ့မလား ... ။

တစ်ယောက်ယောက် ငါ့ကို လာခေါ်ကြပါ ... ငါ့ကို ဒီမသိခြင်း အ

မောင်ထုကနေ လာကယ်ပေးကြပါ ... ကယ်ကြပါ ... ကျုပ်ကို ကယ်ကြပါဗျို့ ...။

သူအပြင်းအထန် အော်ဟစ်နေမိသည်။ သို့သော် နတ္ထိကမ္ဘာမှာ သူ့အသံသည် လည်း နတ္ထိ ...။

* * * * *

# အခန်း(၁၁)

ထင်းကိုမီးစွဲနေသည့် မီးပုံမှ တဖြောက်ဖြောက် အသံနှင့် အတူ ညဉ့်ငှက်တို့ ၏ အသံ၊ ခွေးအူသံတို့ တိခနဲတိတ်ကျသွား၏။ တင်ပျဉ်ခွေလျက် ငြိမ်သက်စွာ တရားထိုင်နေရာမှ ပြောင်းလဲ သွားသော ပတ်ဝန်းကျင် အခြေအနေကို ချက်ချင်း ခံစားလိုက်မိသည် ။ မီးပုံကြောင့် နွေးနေသည့် အရှေ့ဘက်က ခံစားမှုသည် ချက်ချင်း အေးစိမ့်လာသည့် ရာသီဥတု အခြေအနေကို မတွန်းလှန်နိုင်။ သူ စိတ်ကို တည်ငြိမ်စွာထားရင်း တရား ဆက်ထိုင်နေမိသည် ။ ထိုစဉ် ခပ်မှျဉ်းမှျဉ်း အသက်ရှူသံ တစ်ခုကို နီးနီးကပ်ကပ်ကြီး ကြားလိုက်ရသည် ။ ဘထွေး ရှိနေသည့် အရပ်မျက်နှာမှ မဟုတ်။ သူ့ခေါင်းပေါ် တည့်တည့်မှ လာသည့် အသံဖြစ်သည် ။ ဒီနေရာကို စရောက်ခါစကလည်း သူ အသက်ရှူသံတွေ ကြားခဲ့သည် ။ ဒါပေမဲ့ အသံတွေက ဖြည်းနှေးလွန်းကာ တိုးလွန်းသည် ။ ဒီတစ်ခါ အသက်ရှူသံက ခပ်ဖြည်းဖြည်းမှျသာ ဖြစ်သော်လည်း ညနေက ကြားရတုန်းက လောက်အား နည်းဖျော့တော့ မနေပေ …၊

"ဟာ … ဟာ ဟာ"

သီချင်းသံ … ။ ဆွဲဆွဲငင်ငင်နှင့် လွမ်းဆွေးဖွယ်၊ နာနာကျင်ကျင် ငိုကြွေး မြည်တမ်း နေသကဲ့သို့ ၊ စိတ်မချမ်းမြေ့ခြင်း၊ စိတ်မသက်မသာနှင့် သနားမိသော ခံစားချက်များ သီချင်းသံကြောင့် ရင်ထဲကို အပြေးအလွှား ဝင်လာကြသည် ။ ခုနက အသက်ရှူသံမကြားရတော့ပေ

။ သူအာရုံစိုက်ပြီး အသက်ရှူသံဆီ နားစွင့်ကြည့်မိသည် ။

"ဟာ ... ဟာ ဟာ"

သီချင်းသံသည် ပိုပြီး နီးကပ်လာသည် ။ သူ့အနားသို့ ရောက်လာသည် ။ သူမျက်လုံးတွေ ဖြည်းလေးစွာ ပွင့်လာလျှင် အရင်ဆုံး မြင်လိုက်ရတာ မြေပေါ်ကျနေသည့် ကြိုးစနှင့် လူမရှိသည့် ဦးရင်ကျော်၏ အိပ်ရာအလွတ် ...

"ဟာ ... ဟာ ဟာ"

အသံက ပိုနီးလာ၏။ နီးနီးကပ်ကပ် ဖြစ်လာသည် ။ မီးတုတ်မှ အလင်းရောင်သည် သူ့ထက် အရင် သစ်ပင်၏ အကွယ်တစ်ဖက်ဆီ ကျူးကျော် လင်းသွားသည် ။ အသံသည် အကွယ်နီးနီး ကပ်ကပ်လေးမှ လာနေသည် ။

မြင်ရပြီ ... မြင်ရတော့မည်။

"ဟူး ..."

လေပြင်းတစ်ချက် တိုက်သွားပြီး မီးငြိမ်းသွား၏။ သူ့လက်ထဲက မီးတင်မက မီးပုံက မီးတွေပါ ငြိမ်းကျသွား၏။ ပတ်ဝန်းကျင် တစ်ခုလုံး မှောင်မိုက်သွားခြင်းနှင့် အတူ သီချင်းသံ တိတ်ကျသွားသည် ။ တိတ်ဆိတ် မှောင်မိုက်ခြင်းမှာ သူခဏ ကြောင်အသွားစဉ် အုပ်ဆိုင်းသော သစ်ကိုင်း တစ်ကိုင်းမှ လှုပ်ရှားမှုတစ်ခုကြောင့် သူမော့ကြည့်မိသည် ။ သစ်ကိုင်းပေါ်မှာ တစ်စုံတစ်ရာ ရှိနေသည် ။ ဘာလဲ သူမမြင်ရ။ သူမမြင်မတွေ့ရသည့် တိုင် တစ်စုံတစ်ရာ ရှိနေမှန်း အလိုလို ခံစား သိနေပြန်သည် ။ သူသစ်ပင်ပေါ်သို့ မော့ကြည့်ရင်း ငြိမ်သက်နေသလို ပတ်ဝန်းကျင် တစ်ခုလုံး ငြိမ်သက် တိတ်ဆိတ်နေသည် ။ သူမီးတုတ်

အား မီးညှိကာ ကိုင်မြှောက်ရင်း သစ်ပင်နားပို၍ တိုးကပ်လာ မိလျှင် ...၊

"ဘုန်း"

မြေပြင် တုန်ခါသွား၏။ ထုထည်ကြီးမားသည့် တစ်စုံတစ်ခု သူ့ရှေ့ မလှမ်းမကမ်းသို့ ပြုတ်ကျလာသည့် အသံ ...၊

"ထွက် ... သွား ..."

တိတ်ဆိတ်နေသော ပတ်ဝန်းကျင်မှာ ကြောက်မက်ဖွယ် အသံကြီး ရုတ်တရက် ထွက် လာပြီး သူ့ရှေ့မှာ ထန်းတစ်ပင်ခန့် မြင့်မားလှသော ကြမ်းရှသော အမွေးအမှ င်များ ဖြင့် မည်းမည်း သတ္တဝါကြီး ဘွားခနဲပေါ်လာ၏။ သူ့ကို လွှဲရိုက်တာလား ... တွန်းလိုက်တာလား ဘာလုပ်လိုက်မှန်း မသိ။ သူ့အား တစ်ခုခု လုပ်လိုက်မှန်း ဟူးခနဲ သူ့ဆီ အကြိုရောက်လာသည့် လေထုကြောင့် သိလိုက်သည် ။ သို့သော် သူ့ကိုယ်ပေါ် မည်သည့် ထိခိုက်မှုမှ ဖြစ်မသွားဘဲ ထိုမည်းမည်း သတ္တဝါ အဝေးသို့ လွင့်ထွက်သွားပြီး မြေပေါ် အုန်းခနဲ အရှိန်ပြင်းစွာ ပြုတ်ကျ၏။

ထိုအချိန်ခဏလေးမှာ သစ်ပင်မှာ တွဲလွဲအချိတ်ခံထားရသော နွယ်များ ဖြင့် ရစ်ပတ် တုပ်နှောင်ထားသည့် လူများ အသီးသီး ပေါ်လာသည် ။ တချို့က သစ်ပင်ပင်စည်နှင့် ပူး၍ အတုပ်နှောင် ခံထားရပြီး တချို့က နွယ်များ ဖြင့် တွဲလွဲဖြစ်နေသည် ။ စက္ကန့်ပိုင်းမျှသာ ဖြစ်ပြီး လူတွေ ချက်ချင်း ပြန်ပျောက်သွားကာ သစ်ပင်အုပ်အုပ်သာ ပြန်ဖြစ်သွားပြန်သည် ။ မည်းမည်း အကောင်ကြီး လွင့်သွားရာသို့ လှမ်းကြည့်လိုက်တော့ ဘာမှ မရှိ ...။

"ထွက်သွား ... ထွက်သွားပါတော့၊ ထွက်သွား ... ထွက်သွား ပူလှပြီ၊ ထွက်သွားပါတော့ ... ပူလွန်းလို့ ပါ ... သွားပါတော့ ထွက်သွားပါတော့၊ အား... ပူလိုက်တာအား အား"

ခက်ခဲပင်ပန်းသော ဗလုံးဗထွေး စကားသံနှင့် နာနာကျင်ကျင် အော်သံများ အရပ်မျက်နှာ ပေါင်းစုံမှ ထွက်လာသည် ။ သူ့အသံ ထွက်လာသည့် ပတ်ပတ်လည်ကို လိုက်ကြည့်မိရင်း သူကြုံနေရသည့် အဖြစ်အပျက်အား ခွဲခြမ်းစိတ်ဖြာကြည့်နေမိ၏။ ထို့နောက် အခြေအနေကို တွက်ဆလိုက်မိသလို အုပ်ဆိုင်းသော သစ်ပင်ကို မော့ကြည့်လိုက်၏။

"ဘထွေးနဲ့ မင်းဖမ်းထားတဲ့ လူတွေ အားလုံးကို လွှတ်ပေး ... မဟုတ်ရင် ကျုပ်ဒီနေရာကနေ တစ်ဖဝါးမှ မခွာဘူး"

"အား ... အားအမလေး ပူလိုက်တာ၊အား... မနေပါနဲ့ သွားပါတော့၊ အား ... အားသွားပါတော့"

အူလှိုက်သည်းလှိုက် နာနာကျင်ကျင် အော်သံကို စိတ်မချမ်းမြေ့ဖွယ်ကြားနေရသည် ။ စကြာ ဆုံးဖြတ်ချက်ကို ပိုင်နိုင်စွာချလိုက်ပြီး နွယ်များအား လှမ်းခိုပြီး သစ်ပင်၏ သစ်ကိုင်းတစ်ကိုင်းပေါ် လှမ်းတက်လိုက်သည် ။ ချက်ချင်း ဆိုသလိုပင် အော်ဟစ် သောင်းကျန်းနေသည့် အသံကြီး တိတ်ကျ သွားပြီး နွယ်ဖြင့် ရစ်ပတ် အဖမ်းခံထားရသော လူများ ပြန်ပေါ်လာကြ၏။

"ဒီနေ့ကစပြီး မင်း ဒီအပင်ကို ပြန်မလာရဘူး ... လူတွေကို ထပ်ပြီး ဖမ်းဆီး ဒုက္ခပေးတာမျိုး မလုပ်ရဘူး၊ မင်းကို ဒီသစ်ပင်ကရော ဒီတောထဲကနေ ကျုပ်နှင်တယ် ... ဘယ်တော့မှ ဘာအကြောင်းနဲ့ မှ ပြန်မလာရဘူး"

အမှောင်ကို လှမ်းပြောနေသည့် သူ့အသံသည် ဒေါသမပါ ခိုင်ကျည်ပြတ်သား၏။ အမိန့်ပေးခြင်း မဟုတ် အမိန့်ချမှတ်ခြင်း ဖြစ်၏။

* * * * *

# အခန်း(၁၂)

စူးရှသော အလင်းတန်းတစ်ခု ...။

ဦးရင်ကျော်၏ တုန်လှုပ် ချောက်ချားနေသော ကူရာကယ်ရာမဲ့ စိတ်အစဉ်သည် ထိုအလင်းတန်းဆီ အားကိုးတကြီး ပြေးသွား၏။ အလင်းရောင်ကို မော့ကြည့် လိုက်သည် နှင့် စူးခနဲ အေးမြသွား၏။ မျက်စိကျိန်းသွားသည့် တိုင် သူအလင်းရောင်အား အားတင်း မော့ကြည့်မိသည် ။

"ဘထွေး ... သတိရပြီလား"

ဟင် ...

ဦးရင်ကျော် အမှောင်ထဲမှာ နေသားကျနေသလို အလင်းရောင်ကို မျက်မှောင်ကုတ် အန်တုကြည့်ရင်း သူ့ကို ငုံ့မိုးကြည့်နေသည့် စကြာအားမြင်လိုက်ရ၍ အံ့အားသင့်သွား၏။

"ကျုပ် ... ကျုပ်သတိရပြီ၊ ကျုပ်ဘာမှ မဖြစ်ဘူး"

မေးနေတဲ့ လူကိုဖြေခြင်း မဟုတ် သူ့ကိုယ်သူ တအံ့တဩ ရေရွတ်မိခြင်း ဖြစ်ကာ အလောတကြီး ထထိုင်လိုက်မိစဉ် သူ့အနီးတစ်ဝိုက်မှာ တန်းစီအိပ်ပျော် နေကြသည့် ဖိုးခွား၊ မိုးအောင်၊ သိန်းလင်း၊ ငကွဲ၊ ကျားပေါက်နှင့် ကျန်ရွာသား များအားလုံးကို မြင်လိုက်ရ၍ သူပါးစပ် အဟောင်းသား ဖြစ်သွားသည် ။

"ဖိုးချွား ... မိုးအောင် ငကျွဲ ... ဟော့ကောင်တွေ"

ဝမ်းသာလွန်းလို့ အသံတောင်ပီရဲ့ လား မသိတော့။ သူအိပ်ရာမှ ထပြီး သတိလစ်နေဆဲ ဖြစ်သော ရွာသားများအား ဝမ်းသာအားရ ပြေးပွေ့မိသည် ။

"စကြာ ... မင်း ... မောင်ရင် သူတို့ ကို ဘယ်လို ပြန်တွေ့တာလဲ၊ ဒါ ... ကျုပ် ကလေးတွေ ကျုပ်သားတွေပဲ၊ ကျုပ်ရွာသားတွေကွ"

စကြာ သူ့ကို ပြုံးကြည့်နေပြီး ခေါင်းညိတ်ပြ၏။

"သူတို့ အားနည်းနေသေးတယ် ဘထွေး ... ဒါပေမဲ့ မကြာခင် နိုးလာကြတော့မှာ "

သူဝမ်းသာအားရ ခေါင်းတွင် တွင် ညိတ်ပြမိ၏။ တစ်ယောက်ချင်းဆီ၏ သွေးခုန်နှုန်းကို လှမ်းစမ်းကြည့်လျှင် စကြာ သူ့ကို အံ့သြသလို ကြည့်နေသည် ။

"ကျုပ်က သမားတော်ပဲ ... ကျုပ်ကလေးတွေကို ကျုပ်အမြန်ဆုံး သက်သာအောင် ကုမယ်"

ဦးရင်ကျော် ဆုံးရှုံးလိုက်ရပြီ ထင်နေသော ရွာသားများကို ပြန်ရလိုက်၍ ဝမ်းသာမဆုံး ဖြစ်နေသည် ။ စကြာကိုလည်း ကျေးဇူးတင်မဆုံးပါ ...

"ဒါနဲ့ မောင်ရင် သူတို့ ကို ဘယ်လိုပြန်တွေ့တာလဲ ... ဟိုအပင် အဲဒီအပင်မှာ ကျုပ်တို့ နားခဲ့တာ၊ မောင်ရင် ဘာမှ မဖြစ်ခဲ့ဘူးလား ... ကျုပ်ရော ကျုပ်ရော ဘာဖြစ်သွားတာလဲ"

ခုမှ မေးဖို့ သတိရပြီး ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်မိသည် ။ သူတို့ ရောက်နေတာ ဂူတစ်လုံးထဲမှာ ဖြစ်ပြီး ကျောက်စက်ရေနှင့် နံရံများမှာ

မီးတုတ်များ ထောင်ထားကာ တော်တော်လေး လုံခြုံနွေးထွေးသည့် ကျောက်ဂူဖြစ် သည် ။

"ဘထွေးတို့ အားလုံး သတိလစ်နေတာ ... ရှာမတွေ့ရင် ဒီအတိုင်းသတိ မေ့လျက်နဲ့ သေသွား နိုင်တယ်၊ ရှာတွေ့တာ ကံကောင်းတာပေ့ါ"

"ဘယ်မှာ သတိလစ်နေကြတာလဲ ... ကျုပ်ရော ဘာဖြစ်သွားတာလဲ . .. ကျုပ်တို့ ကို မောင်ရင် ဘယ်လို ရှာတွေ့တာလဲ"

စကြာက ဘာမှ ပြန်မပြော။ လူမမာက ဆေးကုပေးဖို့ လုပ်နေသည့် သူ့ကို အသာပြန်ထိုင် နေစေလျက် ...၊

"ဘထွေး နားလိုက်ပါဦး ... ဘာလုပ်ရမလဲ ကျုပ်ကိုပြောပါ၊ ကျုပ် လုပ်ပ့ါမယ်" ဟု ပြောပြီး သူရှာခိုင်းတဲ့ ဆေးမြစ်တွေ ရှာပေးသည် ။ သူလုပ်ခိုင်းသမျှ လုပ်ပေးရင်း သတိမရ လာသေးသည့် လူမမာတွေကို ပြုစုပေး၏။ ဖိုးခွား၊ မိုးအောင်နှင့် တကွ အားလုံး အသီးသီး သတိရလာကြတော့ တူညီစွာ ဝိုင်းပြောကြတာ အမှောင်ထဲမှာ လျှောက်သွားနေမိခြင်းနှင့် ခိုင်းနှိုင်းပြလို့ မရလောက်အောင် တုန်လှုပ် ကြောက်ရွံ့နေမှုကြီး အကြောင်းဖြစ်သည် ။

"အ မှော င် ထဲ မှာ ကျုပ်တစ်ယောက်တည်း လျှောက်သွားနေတာ ဘကြီးကျော်ရယ် ... ကျုပ်ရှိနေမှန်း ကျုပ်ပဲသိတယ်၊ ကျုပ်ကို ဘယ်သူမှ မသိဘူး ... ဘယ်သူမှ လည်း မရှိကြဘူး၊ ကျုပ် တစ်ယောက်ယောက် လာခေါ်ပါလို့ အော်နေမိတယ် ... ဒါပေမဲ့ ဘာမှ မထူးခြားဘူး"

"အဲဒီကြောက်တဲ့ စိတ်ကြီးက ဘာနဲ့ မှ မတူဘူးဗျာ ... ကြောက်လွန်းလို့ ခုပြန်တွေး ခုကြက်သီးထမိတယ်ဗျ"

စသဖြင့် အသီးသီး ထပြောကြသည် က အမှောင် အကြောင်းပင်။ သူ

တို့ ဘာကြောင့် ဘယ်လိုဖြစ်ပြီး သတိလစ်သွားကြလဲ ... အမှောင်ထဲ လွင့်မျောနေမိကြလဲ မသိကြပါ။ အဖြေလည်း မရှိ။ နောက်ဆုံး ထိုကြောက်ရွံ့မှုကနေ ကယ်တင်ပေးခဲ့သည့် စကြာကို အားလုံး ကျေးဇူးတင်မဆုံးကြ ။ စကြာကို သူတို့ အားလုံး သွေးရင်းသားရင်းလို ချစ်ခင်သွားကြ၏။ ကျေးဇူးတင်သည့် စိတ်ကြောင့် လား စကြာ၏ အနစ်နာခံချစ်ခင်လိုက်လျောတတ်သည့် ပုံစံကြောင့် လားမသိ။ အားလုံးက သူ့ကိုညီငယ်တစ်ယောက်လို ချစ်သည် ။ အကြီးအကဲ တစ်ဦးလိုလည်း လေးစားကြသည် ။ အားလုံး နေကောင်းတော့ အပြန်လမ်းသည် အလာတုန်းကနဲ့ မတူတော့။ ပိုပြီး ခရီးတွင် လာသည် ။ ခရီးတွင် ရခြင်း အကြောင်းမှာ စကြာသည် တောအကြောင်း သစ်ပင်များ အကြောင်း တိရစ္ဆာန်တွေ အကြောင်းမှာ နောကျေအောင် သိနေသောကြောင့် ဖြစ်သည် ။ အန္တရာယ် ကြုံစရာရှိရင် စကြာသည် ကြိုသိနေတတ်သောကြောင့် သူတို့ ရှောင်ရှားသွားနိုင်သည် ။ ထို့ကြောင့် ခရီးသည် အန္တရာယ်ကင်းကင်းဖြင့် အချိန်ထက်ဝက် သက်သာသွားသည် ။ ခရီးတွင် သည့် အတွက် စိတ်ချမ်းသာ ကြရသည် နှင့် ထပ်တူ ရွာရောက်ဖို့ နီး လာလေ သူတို့ အုပ်စု စကြာအတွက် စိတ်ပူလာမိလေ ဖြစ်သည် ။ ရွာမှာ ဘာတွေဖြစ်နိုင်လဲ စကြာ ဘာမှ မသိ။ သူတို့ ကတော့ သိနေလေရာ စကြာအတွက် စိတ်ပူနေမိကြသည် ။ တကယ်တော့ သူတို့ ကိုယ်တိုင် အတွက်လည်း စိတ်ပူနေမိကြပါ၏။

သူတို့ အဖွဲ့ ရွာထဲ ပြန်ဝင်ခွင့်မှ ရကြပ့ါမလား ...

* * * * *

# အခန်း(၁၃)

ရေခပ်ဖို့ စမ်းချောင်းလေးအနီး လျှောက်လာရင်း သူ့ခြေလှမ်းတွေ တုံ့ဆိုင်းသွား၏။ ကြည်လင် အေးမြသော စမ်းချောင်းလေးမှာ တသွင်သွင် စီးဆင်းနေရမယ့်အစား ကြေးမုံမျက်နှာပြင် တစ်ချပ်လို ငြိမ်သက်နေသည် ။ ပတ်ပတ်လည် ပတ်ဝန်းကျင် တစ်ခုလုံးလည်း အပ်ကျသံမျှ မကြားရအောင် တိတ်လွန်းမက တိတ်ဆိတ်လွန်းနေ၏။ ပုံမှန်တော့ မဟုတ်။ ကိုင်ထားသည့် ဝါး ကျည်တောက် ရေဘူးကို ခပ်တင်းတင်း ဆုပ်ကိုင်ရင်း ပတ်ဝန်းကျင်ကို ဝေ့ဝဲ အကဲခတ်ကြည့်မိသည် ။ အလင်းရောင် မစို့မပို့ ခပ်မှောင်မှောင် အလင်းအောက်မှာ သစ်ပင်များ တုတ်တုတ်မလှုပ် ငြိမ်သက်နေကြပြီး တောနေတိရစ္ဆာန် တစ်ကောင်တလေမှ မရှိ။ သက်ရှိတစ်စုံတစ်ရာ၏ အသံ ဘာဆို ဘာမှ မကြားရပေ။ ထူးဆန်းသော ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်ရင်း သူ့စိတ်ကို အတတ်နိုင်ဆုံး ငြိမ်အောင် စုစည်း၍ ကြားနိုင်သမျှ ပတ်ဝန်းကျင်က အသံကို နားစွင့်ကြည့်မိ၏။ ဘာသံမှ မကြားရ။ ခဏငြိမ်သက် နားစွင့်ကြည့်ပြီး ဘာသံမှ မကြားရလျှင် သူရေခပ်ပြီး ပြန်ဖို့ သာ တွေးလိုက်သည် ။

ဝါးကျည်တောက် နှစ်လိုက်လျှင် ရေမျက်နှာပြင် လှုပ်ရှားသွား၏။ ထိုလှုပ်ရှားသံလေးက ပတ်ဝန်းကျင်မှာ ထီးထီးမားမား ကျယ်ကျယ်လောင်လောင် ဖြစ်သွားသည် ။ သူရေခပ်ပြီး စမ်းချောင်းထဲက ညင်သာစွာ လှမ်းတက်လာခဲ့၏။ ကမ်းပေါ်ရောက်ပြီးမှ မတ်တတ် ရပ်နေမိလျက် နေ

ရာမှ တော်တော်နဲ့ မရွှေ့ဖြစ်။ သူ့စိတ်ကို ဆွဲဆောင်နေတာ ဘာမှန်းမသိ။ တစ်ခုခုက ပြန်မသွားဖို့ တားဆီးနေသလို ဆွဲငင်နေသည် ။ ဘယ်နှကြိမ် မြောက်မှန်းမသိ။ ပတ်ဝန်းကျင်ကို ဝေ့ဝဲအကဲခတ်ရင်း သူလာရာလမ်း အတိုင်းမပြန်ဘဲ ခြေဦးတည့်ရာ လျှောက်လာရင်း သူ့အနီးအနားက အရိပ်ကောင်းလှသော အပင်ကြီးများအား မော့ကြည့်မိ၏။ ငှက်တွေမရှိ မျောက်နှင့် ရှဉ့်၊ ဖျံ၊ ယုန် ဘာဆို ဘာတိရိစ္ဆာန်မှ မတွေ့ရ။ သစ်ပင် ပင်စည်မှာ ရှိတတ်သည့် ပိုးကောင် ဘာညာပင် မရှိပေ ...၊

ဟင် ...

မြင်လိုက်ရသော မြင်ကွင်းကြောင့် သူခြေလှမ်း တုံ့သွား၏။ တောမီး လောင်ထားသည့် မီးလောင်ပြင်ကျယ် တစ်ခု။ လောင်ထားသည့် အပင် တွေမှာ မြင့်မားသည့် အပင်တွေကြီးတွေချည်း ဖြစ်သည် ။

မှောင်သထက် မှောင်လာ၏။ သူ့ရှေ့က မီးသွေးငုတ်တို ဖြစ်နေသည့် အပင်များမှာ အမှောင်ထဲမှာ အသက်ငွေ့ငွေ့ ရှူရင်း သူ့အရိပ်အခြည် စောင့်ကြည့်နေကြသလို ထင်မိသည် ။ မီးလောင်ပြင်ကို ဝေ့ဝဲကြည့်ရင်း သူ့စိတ်ထဲ တစ်စုံတစ်ယောက် သူ့အနားမှာ ရှိနေသလို ခံစားနေရ၏။ သူ ပတ်ဝန်းကျင်ကိုလည်း အကဲခတ်ရင်း မီးလောင်ပြင် အစွန်းရှိ ပေငါး ဆယ် ပတ်လည်ခန့်ရှိသော ကြီးမားသော မဟူရာ ကျောက်တုံးကြီးအား လှမ်းကြည့်မိသည် ။

တိတ်ဆိတ်လွန်းနေလို့ လား ... မှောင်နေ၍ လား ... ။ သူ့ရှေ့မှာ အ သက်ရှိနေသည့် သက်ရှိ တစ်စုံတစ်ရာ ရှိနေသလိုလို ခံစားမိ၏။ လှုပ်ရှားမှုတစ်ခုခုကို သူကြားနေသလို သိနေသလို ထင်မိသည် ။

"တထွာ ... တထွာနလား"

"ချွတ်"

ရုတ်တရက် ကြားလိုက်ရသော အသံသြသြကြီးကြောင့် စိတ်လှုပ်ရှားသွားကာ မီးသွေး ဖြစ်နေသည့် သစ်ကိုင်း တစ်ကိုင်းအား နင်းမိသွား၏။

"တထွာနလား"

တထွာန ... ဟုတ်တယ် တထွာန ...။ ဒီနာမည်ပဲ ... ဒါ ဒါ သူတရားထိုင်စဉ်က ကြားခဲ့တဲ့ အသံပဲ ...

သူ့အသံ ထွက်ပေါ်လာသည့် မဟူရာ ကျောက်တုံးကြီးဆီ သွားမိကာ ကျောက်တုံးမှာ ကပ်နား စွင့်နေရာမှ မျက်လုံးစုံမှိတ် အာရုံစိုက်ကြည့်သည် ။ ဘာမှ မကြားရ ...၊

မဟုတ်သေးပါဘူး ...၊

သူစိတ်ကို အတည်ငြိမ်ဆုံး ထိန်းချုပ်ပြီး သေချာ နားစွင့်ကြည့်မိ၏။ ထူထဲသော ကျောက်အတွင်းမှ နံ့ရုံဆီ ရိုက်ခတ်သော ဝင်သက်ထွက်သက် မျှဉ်းမျှဉ်းလေး။ စကြာမျက်လုံးများ ဖျတ်ခနဲပွင့်သွား၏။

"အထဲက ဘယ်သူလဲ"

တိတ်ဆိတ်နေ၏။

"ဟေ့ ... မေးနေတယ်လေ၊ အထဲမှာ လူရှိနေတာလား ... ဘယ်သူလဲ
"

"စန် ... ဒ ... ရာ"

"စန်ဒရာ"

အထဲက ထွက်လာသည့် အသံသြသြ နက်နက်ကြီးကြောင့် သူသံယောင်လိုက် ရေရွတ်မိကာ လူနာမည် ဟုတ်မဟုတ် သူမသိ ...၊

"စန် ... ဒရာ"

"စန်ဒရာ ... စန်ဒရာလား၊ အဲဒါ မင်းနာမည်လား"

တုံ့ပြန်သံထွက်မလာ ...၊

"စန်ဒရာ စန်ဒရာ ... ဟေ့ ထူးဦးလေ၊ စန်ဒရာ ... မင်းကျောက်တုံး ထဲမှာ လား၊ အပြင် ထွက်လို့ ရလား"

"မ ... မရ၊ လွှတ် ... လွှတ်ပေး၊ ငါ့ကိုလွှတ်ပေး ... ငါ့ကိုလွှတ်ပေး၊ ငါ့ ကို ထုတ်ပေး"

သူကျောက်တုံးကြီးအား ပတ်ပတ်လည် လိုက်ကြည့်မိသည် ။ ဝင်ပေါ က်မရှိ။ ကျောက်သား ကိုယ်ထည်မှာ ယောက်ျား လက်မောင်းလုံးခန့် အ ပေါက်ငယ်လေးတွေ ရှိ၏။ ထိုအပေါက်ငယ်လေး တွေက တစ်ဆင့် အ ထဲကို လှမ်းကြည့်မိ၏။ အပြင်မှာ ပါ မှောင်နေလေရာ အမှောင်ထုကလွှဲ ၍ အထဲက ဘာကိုမှ မမြင်ရ ...၊

"ငါ့ကိုလွှတ်ပေး" ဆိုသည့် အားတက်သရော အသံသည် ဆက်တိုက် ထွက်ပေါ်လာနေ၏။ ကျောက်တုံးမှာ အပေါက်ငယ်လေးတွေ ရှိသည် မှ လွဲ၍ လူဝင်ပေါက်လုံးလုံးမရှိဘဲ စန်ဒရာဆိုသူသည် အထဲကို ဘယ်လို ရောက် နေသလဲသူမသိ။ လောလောဆယ် အထဲက လွတ်ချင်၍ အော်ဟ စ် အကူအညီ တောင်းနေသည် မို့ စန်ဒရာ့အား ဘယ်လို အပြင်ထုတ်ပေး လို့ ရမလဲ အဖြေရှာ နေမိ၏။ ကျောက်တုံး ပတ်ပတ်လည် လိုက်ကြည့်မိ စဉ် မီးသွေး တစ်ဝက်တစ်ပိုင်း ဖြစ်နေသည့် ကြီးမားသော သစ်လုံးကြီး အား တွေ့လိုက်၍ သူကောက်ယူ လိုက်သည် ။

"ဒုန်း ... ဒုန်း"

"မသွားနဲ့ ... မသွားနဲ့ ၊ ငါ့ကိုလွှတ်ပေး"

"ကျုပ် ဘယ်မှ မသွားဘူး စန်ဒရာ ... မင်းကို ထုတ်ပေးဖို့ လုပ်နေတာ"

သူ စန်ဒရာ့အား ပြန်ပြောရင်း ကျောက်တုံးကြီး ပတ်ပတ်လည် လက်နဲ့ လိုက်စမ်းကြည့် ထုကြည့်နှင့် ဘယ်နေရာ နံရံထူလဲ ပါးလဲ လိုက်ကြည့်မိသည် ။ အထဲက လှုပ်ရှားသံသည် သူကျောက်တုံး ပတ်ပတ်လည် လျှောက်နေသည့် အတိုင်း လိုက်ပါလာရင်း 'မသွားနဲ့ ' 'လွှတ်ပေး' စသည် တို့ အား တတွတ် တွတ် မရပ်တမ်း လိုက်ပြောနေ၏။

"စန်ဒရာ ... စန်ဒရာ နောက်ဆုတ်နေနော်၊ နံရံနား ကပ်မနေနဲ့ ... နောက် ဆုတ်နေ"

သူ သစ်တုံးနဲ့ နံရံကို ထုဖို့ ပြင်ပြီးမှ လက်ပြန်ရုပ်၍ အထဲကိုလှမ်းပြောလိုက်၏။

"ငါ့ကိုလွှတ်ပေး ... ငါ့ကိုလွှတ်ပေး"

"လွှတ်ပေးမယ် ... ကျုပ်နံရံ ဖြိုချမလို့ ၊ မင်းနောက်ဆုတ်နေမှ ဖြစ်မယ် စန်ဒရာ ... မဟုတ်ရင် မင်းကို ကျောက်စတွေ စဉ်လိမ့်မယ်၊ ကြားလား ... နောက် ဆုတ်ဆုတ်နေ"

သူ့စကားသံ ထွက်လာတိုင်း အထဲကတိတ်ပြီး နားထောင်တတ်၏။ သူစကားသံ တိတ်သွားသည် နှင့် ငါ့ကိုလွှတ်ပေးလို့ ထအော်တတ်ရာ ဒီတစ်ခါ သူစကားပြောပြီး ဘာသံမှ ထွက်မလာဘဲ ငြိမ်နေလျှင် သူပြောတာ နားလည် သည် ဟု ပင် ယူဆလိုက်သည် ။

"နောက်ဆုတ်နေနော်"

သူသစ်တုံးကြီးအား အားကုန်လွှဲ၍ ကျောက်တုံးနံရံဆီ ထုချပစ်လိုက်၏။

"ဒုန်း"

ပြင်းထန် ကျယ်လောင်သော တုန်ခါသံကြီးနှင့် အတူ ကျောက်သား တချို့ စဉ်ထွက်သွားသည် ။

"အား"

"စန်ဒရာ ... စန်ဒရာရလား၊ နားအူ သွားတာလား ... ထိခိုက် မိသွား တာ လား၊ စန်ဒရာ ... ကျုပ်ဆက်ထုမှ ဖြစ်မယ်၊ နားအူလည်း ခဏတော့ သည်းခံနော် ... နောက်ဆုတ်နေ"

မထူးတော့ပြီမို့ အထဲက တုံ့ပြန်သံမလာဘဲ ငိုနေသလိုလို တိရစ္ဆာန် မာန်ဖီနေသလိုလို ရန်လိုစွာ တဟီးဟီး တုံ့ပြန်သံအား ဂရုစိုက်မနေ တော့ဘဲ သူကျောက်သား နံရံအား ထပ်ထုပစ်လိုက်၏။

နောက်တစ်ချက် ... နောက်တစ်ချက် ... ။

* * * * *